
www.burmeseclassic.com



www.burmeseclassic.com

# မူပိုင်နှင်းဆီ

စပ်ယထိ ဘုံဝေါင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

## "ရိုးဂုဏ်နှင့် အမြွှာအစ်မ လေးယောက်"

အမြွှာအစ်မ'လေးယောက်ဆိုတော့ ထူးဆန်းနေမလား မသိဘူးနော်. . တကယ်ကို ရှိတာပါဗျ။ အဖေနှင့်အမေက နှစ်သား မွေးပြီး လေးကောင်ကျ(အဲလေ. . နှစ်ကြိမ်မွေးပြီး သမီး လေးယောက် ထွက်ထားတာ) သုံးကြိမ်မြောက်မှာ ရိုးဂုဏ် ဆိုတဲ့ သားလေးပါလာလို့ တော်သေးတာပေါ့။

ရိုးဂုဏ်အတွက်တော့ အစ်မလေးယောက်ရှိတာ ဂုဏ်ယူစရာ မဟုတ်တာ သေချာသည်။ အမေ့သမီး လေးယောက်စလုံးဟာ ခွကျကျနှင့် ဘုဂလန့်မတွေချည်းပဲ။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမေက ပြောတယ်. . သူ့မှာ ပန်းငါးပွင့်ရှိသတဲ့။ အစ်မတွေနာမည်က ဂန္ဓမာနှင့် ပုန်းညက်၊ ယုဇနနှင့် သစ်ခွ. . တစ်တွဲစီက ပန်းနာမည်ကြီးတွေ ဆိုတော့ ထားပါတော့. . . ကျွန်တော် မောင်ရိုးဂုဏ်က ဘာကိစ္စနဲ့ သူ့ပန်းပွင့်တွေထဲ ပါနေရသလဲ စဉ်းစားသာကြည့်ကြပါတော့။

မတည့်အတူနေ. . ဆိုတာ သူတို့မှ အစစ်။ မျက်လုံးတစ်စုံပွင့်လို့ မနက်မိုးလင်းကနေ ဖြစ်လိုက်ကြတဲ့ ရန်ပွဲတွေ မိုးချုပ်အိပ်ချိန်ရောက်တာတောင်မှ အဆုံးမသတ်နိုင်သေး။ ကျွန်တော်က သူတို့တွေကို 1, 2, 3, 4 လို့ပဲ ခေါ်လာတာ အကျင့်ပါနေပါပြီ။ 1 နဲ့ 2 စုံတွဲကရုပ်ချင်း ခွဲမရအောင်တူသလို body ရော အရပ်အမောင်းပါ ဆိုဒ်တူဂိုက်တူတွေ. . အဖေနဲ့ အမေတောင်မှ ဘယ်သူအကြီး. . . ဘယ်သူအငယ်ဆိုတာ ခုချိန်ထိ ဝါးတားတားဖြစ်နေတုန်း။ ဒါကို အခွင့်ကောင်းယူပြီး သူတို့နှစ်ယောက်က တစ်ခုခုလုပ်ပြီဆို ပုံမှားရိုက်နေကျလေ။

အဲဒီ 1 နဲ့ 2ဟာ အမြွှာညီအစ်မဆိုပြီး တစ်နေ့မှာ ၂၄နာရီရှိရင် ၂၆နာရီလောက် ရန်ဖြစ်ချင်နေတာ. . မလောက်ရင် ဟိုဘက်ရက်ထဲက နှစ်နာရီလောက် ချေးပြီး ဖြစ်ဦးမှာ ကျိန်းသေတယ်. . . ။ သူတို့ချင်း ဖြစ်လို့ မဝသေးရင် ဟိုကောင်တွေ 3 နဲ့ 4နှင့်ပါ ဆက်ဖြစ်





ကြတာ။ ရန်ဖြစ်တယ်ဆိုလို့ ဝုန်းဒိုင်းကျဲနေတာ မဟုတ်ဘူးနော်. . အဖေနဲ့အမေ မသိအောင် တိုးတိုးကျိတ်ကျိတ်ဖြစ်နေကြတာဗျ။

သူတို့ချင်းဖြစ်ကြတဲ့ ရန်ပွဲတွေဟာ သိပ်မကြီးကျယ်ပေမယ့် သူစိမ်းတွေနဲ့ကျရင်တော့ ဘာပွဲကြမ်းသလဲ မမေးနဲ့. . စွာတာ ကမ်းကုန်တယ်ဗျ။ အမယ်. . . အဲဒီအချိန်ကျရင်တော့ သူတို့က အင်မတန် အင်မတန်မှကို စည်းလုံးကြတာ။

သူတို့တွေ အာကြမ်းလျှာကြမ်းတာက ကိစ္စမရှိဘူး။ ဖောက်သည်ချရတဲ့ မောင်ရိုးဂုဏ်ကတော့ ဆင်ဆာနဲ့လွတ်မယ် မထင်ပေါင်၊ ဒါကြောင့် လွတ်နိုင်မယ်ထင်တဲ့ စကားလုံးလေးတွေတော့ ပြောပြပါရစေ. . . ။

အဲဒီနေ့က အဖေနဲ့အမေ ဘုန်းကြီးကျောင်းမှာ သီလသွားယူကြပါတယ်။ အခါကြီးနေ့ကြီး ဥပုသ်နေ့ကြီးကိုးဗျ။ အဲ. . . ပြောဖို့မေ့နေတာ ကျွန်တော်တို့ နေတာက ပြည်မြို့တစ်ဖက်ကမ်းက ပန်းတောင်းမြို့မှာပါ။ စီးပွားရေးကျတော့ ဘိုးဘွားတွေလက်ထက်ကတည်းက လယ်မြေတွေ အများကြီးရှိပါတယ်။ သီးစားချထားတာပေါ့. . ပြည်မြို့ပေါ်မှာကျတော့ ဆန်စက်တွေလည်း ရှိသေးတယ်ဆိုတော့ မလိုတဲ့အပြင် ပိုလျှံလို့တောင် နေပါသေးတယ်. . . ပြောရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယ့်မြို့မှာတော့ Boss တွေပေါ့ဗျာ။ ခြံဝိုင်းအကျယ်ကြီးထဲမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးက ဟီးထနေတာ. . စားပင်သီးပင်တွေလည်း စုံပေါ့။ စီးဖို့ ကားလေး တစ်စီးလည်း ရှိသေး. . ဆိုတော့ လိုလေသေးမရှိ ပြည့်စုံနေပြီပေါ့လေ. . .။

ခုနကဟာ ဆက်ပြောရဦးမယ်. . ပြဿနာရှာလာတာက နံပါတ် 3၊ နာမည်က ယုဇနလေ။ သူ့ဝါသနာက ဇာတ်ပွဲကြိုက်တာ။ ဘာဇာတ်ပဲ လာလာ. . မိုးလင်းပေါက် ကြည့်ရမှ။ အဖေနဲ့အမေက ဘယ်လောက်ပဲ ဆူဆူ၊ လစ်ရင် လစ်သလို သွားတာပဲဗျ။ အမယ်. . သူကလေ အခုနာမည်ကြီးနေတဲ့ ဇာတ်မင်းသားလေး စွမ်းဇာနည်ဆိုရင် သိပ်ကြိုက် သိပ်ခိုက်ပဲ။ ဖိုးချစ်ဆိုလည်း အလွတ်မပေး. . . ဟန်ဇာမိုးဝင်းဆိုလည်း. . လာထားပဲ။ မင်းသားတွေကို ချစ်လွန်းလို့ အာဘွားတက်တက်ပေးတဲ့ မမတွေဆို သူ့ထမင်းသူစားပြီး ဓားကြိမ်းကြိမ်းနေတာလေ။ ကျွန်တော်လည်း တစ်နေ့တစ်နေ့ ဘယ်မင်းသားကို ယောက်ဖတော်ရမလဲလို့ မျက်ခုံးလှုပ်နေရတာပေါ့။

တစ်နေ့. . အဲဒီ နံပါတ် 3အစ်မဟာ အိမ်က မသိအောင် ဇာတ်ပွဲ သွားခိုးကြည့်ရင်း. . မိုးလင်းခါနီး အိမ်ပြန်အလာ လမ်းမှာ ကောင်လေးတစ်ယောက်က ရိသဲ့သဲ့လုပ်ပါလေရော။ ဒီကောင့်ကိုယ်





ဒွိက ကံဆိုးလွန်းပါတယ်လေ. . . ကျွန်တော့်အစ်မအကြောင်း ဘာမှ မသိဘဲနဲ့ သွားပြီး ဇာတ်လမ်း စတာကိုး. . ။ ပြီးတော့ ဒင်းက ဇာတ်မင်းသားမှ မဟုတ်တာ. . သူ့မျက်စိထဲမှာ ယောက်ျားလို့ ဘယ်ထင်လိမ့်မတုန်း။

အဲဒါနဲ့ပဲ ချက်ကောင်းကို တွယ်ထည့်လိုက်တာ. . (ဟိုက သဘောရိုးနဲ့ ရည်းစားစကားပြောမလို့ဟာ အစ်မက သူ့ကို ရီးတီးယားတားလုပ်တယ် ထင်ပြီး ဖောင်းဘောကန်ရင်တောင် ကာကွယ်ထားရတဲ့နေရာကိုမှရွေးပြီး ပိတ်ကန်ပစ်လိုက်တာတဲ့။) ကံကောင်းလို့ အသက်မထွက်တာပေါ့။

နောက်ဆက်တွဲက. . အဲဒီကောင်ရဲ့အစ်မတွေ အိမ်ရှေ့မှာ တသီတတန်းကြီး လာရန်တွေ့ကြတာပါပဲ။ သူတို့ရန်ပွဲကို တင်ပြရရင် ဖြင့် -

'ဟဲ့ ကောင်မ. . ငါ့မောင်ကို မတော်မတရားလုပ်တဲ့ကောင်မ. . အခုထွက်ခဲ့စမ်း'

သူတို့က ယုဇနမှန်း သိပုံမရပါဘူး။ ယုဇနနဲ့ပုံတူ နံပါတ် 4 သစ်ခွက အရင် ထဘီစွန်တောင်ဆွဲပြီး ထွက်လာပါတယ်။ သူ့ရဲ့နောက်မှာ ကျန်တဲ့ သုံးယောက်က တန်းစီပြီး ပါလာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့က ဘာကောင်မတွေမို့ သူများအိမ်ရှေ့မှာ လာအော်ဟစ်နေရတာလဲ. . မတော်မတရား လုပ်တယ် ပြောရအောင် နင်တို့မောင်က ဗိုက်ကြီးနေလို့လား'

'မိုက်ရိုင်းလိုက်တာ ကြည့်စမ်း. . လူက မွေးတာမှဟုတ်ရဲ့လား'

'မမရယ် လူသာဆို အခုလို အတွဲလိုက် အပြွတ်လိုက်မွေးပါ့မလား. . ဘာမျိုးဘာနွယ်လဲဆိုတာ စဉ်းစားသာ ကြည့်တော့'

ကျွန်တော်ရိုးဂုဏ်ကတော့ အေးဆေးပဲ။ တစ်ယောက်တည်းမွေးထားတာကိုး။ မအေးဆေးတာက အစ်မလေးယောက်လေ. . .။ ဆွေ့ဆွေ့. . ဆွေ့ဆွေ့ခုန်နေကြတာ အိမ်ကြမ်းခင်းတောင် ကျိုးမတတ်ပဲ။ နံပါတ် 1က

'အယုတ်တမာမတွေ. . နင်တို့မောင်က စပြီး ကမြင်းကြောထတာ ပြောဦးလေ'

'ဟဲ့. . လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မြည်မလား၊ နင်တို့ညီမ ဆတ်စလူးမကရော ဘာကိစ္စ အချိန်မတော် လမ်းထွက်တာလဲ'

နံပါတ်3က ဆတ်ဆတ်ထိမခံပင်။





'ငါ့များ ဆတ်စလူးလေးဘာလေးနဲ့. . မိကောင်းဖခင်သားသမီးဟဲ့. . မပြောချင်လို့နော်. . နင်တို့လို လက်သည်ဒေါ်ကြီးစိန်ဆီမှာ ကလေးဖျက်ချတဲ့အမျိုး မဟုတ်ဘူးဟဲ့. . သိပြီလား'

ရန်လာတွေ့တဲ့နှစ်ယောက်ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

'မမ ရပ်ကျော်ရွာကျော်ဖြစ်ကုန်ပြီ. . ဒီကိစ္စ ခေါင်းငုံ့မခံနိုင်ဘူး. . ဒေါ်ကြီးစိန်နဲ့သွားရှင်းမယ်. . သစ္စာဖောက်ကြီး'

နံပါတ် 2က

'သွားရှင်း. . သွားရှင်း. . ကျက်သရေတုံးမတွေ'

'မသွားနိုင်သေးဘူး၊ နင်တို့နဲ့ရှင်းစရာကျန်သေးတယ်၊ ဘာကိစ္စ ငါ့မောင် ဟိုဒင်းကို ကန်လိုက်တာလဲ'

'ဟုတ်တယ်. . အခု ငါ့မောင် အိပ်ရာထဲ လဲနေပြီ၊ ငါတို့မှာ မောင်တစ်ယောက်ပဲ ရှိတာ. . မျိုးဆက်တုံးသွားရင် ဘယ်လိုလုပ်မလဲ. . ညည်းကို ရဲစခန်းတိုင်မယ်'

'ဒါက မိန်းကလေးတွေရဲ့ခုခံကာကွယ်ပိုင်ခွင့်လေ၊ အမယ်လေး နင်တို့ပဲ တိုင်တတ်သလား. . . ငါတို့ကလည်း အမျိုးသမီးရေးရာကို တက်တိုင်မယ်ဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့. . ကောင်မတွေ အာကျယ်မနေကြနဲ့၊ ခုစံခွင့်ကို အလွဲ သုံးစားလုပ်ပြီး ဘလိုင်းကြီး ကန်စရာလား. . မကျေနပ်ဘူး. . လျော်ကြေးပေး'

'ဘာ. . လျော်ကြေး. . ဟုတ်လား၊ တစ်ပြားမှရမယ် မထင်နဲ့နော်. . မကျေနပ်ရင် ဟောဟိုမှာ ငါတို့မောင် တစ်ယောက်လုံးရှိတယ်. . သွားပြန်ကန်လိုက်၊ ပြီးရင်. . သရေပဲ. . နင်တို့ သောက်ပါးစပ်တွေ ပိတ်ပြီး ပြန်တော့. .'

ကျွန်တော့်ဟာကျွန်တော် အေးအေးဆေးဆေးနေတာ. . သူတို့ပြဿနာထဲ ဆွဲသွင်းပြီး ဇယားရှုပ်အောင် လုပ်ပြီ။

'အေး. . အဲဒီ နင့်မောင်ကိုပဲ ကန်လိုက်တော့မယ် ရတယ်'

ကျွန်တော် ဒေါပွပြီး ကြုံးရုံးအော်တာပေါ့။

'ဟဲ့. . နံပါတ် 1, 2, 3,4 နင်တို့တွေ လွှန်နေပြီနော်. . အဖေနဲ့အမေလာရင် ငါတိုင်ပြောလိုက်ရမလား၊ အေး. . ဟိုကောင်မနှစ်ကောင်လည်း လာရဲရင် လာစမ်း. . ဒီမှာတွေ့လား. . ငါ့လက်တွေ အားနေတယ်နော်. . တွေ့ရာ ဖမ်းကိုင်ပစ်လိုက်မယ် ဘာမှတ်နေလဲ'

ဘာသဘောမှမဟုတ်ပါ။ ပါးစပ်ထဲရှိရာ လျှောက်ပြောပစ်လိုက်မှ ဒင်းတို့နှစ်ယောက် တစ်ချိုးတည်း လစ်ပြေးကြတော့သည်။





'တော်တယ်. . ငါ့မောင်လေး သိပ်တော်တယ် သိလား. . ဟင်း. . ဟင်း. . ဟိုကောင်မတွေ လန့်ပြီး ပြေးသွားပြီ'

'လျှောက်ပြောနေ. . ဘယ်မှာ လှန့်လို့လဲ. . နံပါတ် 2 နော်'

'ဩော်. . စကားအဖြစ် ပြောတာပါ ရှိုးဂုဏ်ရယ်. . ဒီနေ့ မောင်လေးကို မုန့်ဖိုးပေးမယ်၊ ပြန်မတိုင်ကြေးနော်. .'

ဒါမျိုးဆို ကျွန်တော် စိတ်ဝင်စားတာပေါ့. . လာစမ်း. .

'ဒီအတိုင်းတော့ အာမမခံနိုင်ဘူးဟေ့. . ဘယ်လောက်ပေးမယ်ဆိုတဲ့အတိုင်းအတာကို ကြည့်ပြီး ဆုံးဖြတ်ရမှာ'

'ကြည့်စမ်း. . ခွေးကောင် သက်သက်ညစ်တာ၊ ငါးထောင်ပေးမယ် ကဲ. . .'

'မရဘူး'

'နင်ကလည်းဟယ်. . ဒါဆို တစ်သောင်းယူလိုက်'

'နည်းနည်းတော့ နီးစပ်လာပြီ. . ထပ်တိုးလိုက်ပါဦး'

1, 2, 3, 4 အစ်မတွေအားလုံး စုစည်းကုန်ကြပြီး ပွစိပွစိဖြစ်ကုန်ကြပြီ. .

'နှစ်သောင်း'

'သုံးသောင်းတော့ ပေးဗျာ. . ဒီလောက်တော့ တန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မောင်တစ်ယောက်လုံးကို သူစိမ်းလက် ဝ,ကွက်အပ်လိုက်တဲ့ အစ်မတွေ. . ကံကောင်းလို့ ကျွန်တော် လူညွန့်တုံးတော့မလို့'

'မောင်လေးကလည်းဟယ်. . ဒါကြောင့် နင့်ကို ရိုးတယ်လို့ ပြောကြတာ. . ငါတို့က ဒီအတိုင်း ကြည့်နေပါ့မလား. . နင့်ကို လုပ်ကြည့်ပါလား. . ဝိုင်းတွယ်ပစ်လိုက်မှာပေါ့'

'ယုံပါတယ်. . ယုံပါတယ်. . . ဒီရုပ်တွေကို ကြည့်ပြီးတော့ လေ. . ပိုက်ဆံက လက်ငင်းနော်၊ ခုထိ ကျွန်တော့်ဆီ ရောက်မလာသေးဘူး'

'ဟဲ့. . ကောင်မ ယုဇနေ၊ နင်ထုတ်လိုက်၊ အဲဒါ. . နင် ဆတ်ဆော့လို့ဖြစ်တာ'

'အမယ်. . ဘာဆိုင်လို့လဲ. . ရန်ဖြစ်တုန်းက နင်တို့လည်း ပါတယ်လေ. . အချိုးကျပဲ'

'ဂန္ဓမာနဲ့ပုန်းညက်က တစ်သောင်းခွဲပေး၊ ငါတို့နှစ်ယောက်က တစ်သောင်းခွဲပေးမယ်'

သူတို့ပိုက်ဆံတွေယူရမှာတောင် ရှုံလာတယ်. . အဟုတ်၊ ဘယ်နေရာက ထွက်လာသလဲဆိုတော့ အတွင်းခံအင်္ကျီထဲက နှိုက်တဲ့သူက နှိုက်ထုတ်သလို ထဘီကို ဖြန့်ပြီး အထက်ဆင်လိပ်ကြားထဲ





က ထွက်လာတာလည်း ရှိသေး။ သူတို့ဟာသူတို့ဆို စားဖို့တောင်မှ မသဒ္ဓါတဲ့ အစ်မတွေလေ. . လေးယောက်စလုံးက ကော်တရာကြီးတွေ။

'ဟဲ့. . အဖေတို့ ပြန်လာပြီ၊ ဒါပဲနော်. . ရိုးဂုဏ်၊ နင် ဖော်ကောင် မလုပ်နဲ့'

ဩော်. . အစ်မတွေ. . အစ်မတွေ၊ တတ်လည်း တတ်နိုင်ကြတယ်။ ခုနက အဆင်နဲ့များ တခြားစီ။ အဖေနဲ့အမေကို ကပ်ဖားနေကြတာလေ။ အကြောင်းမသိတဲ့ မိဘတွေမှာတော့ သူတို့ရဲ့သမီးတွေကို လိမ္မာလိုက်တာတဲ့။ တွေ့သမျှလူကုန် လိုက်ကြွားရတာ အမော။

'အဖေ ဒီနေ့ ဘုန်းဘုန်းက ဘာတရားချီးမြှင့်လိုက်သလဲဟင်'

'အမေရော. . ညောင်းလာလား၊ သမီးတို့ နှိပ်ပေးမယ်လေ'

'ရေလေး ဘာလေး အရင်တိုက်မယ်မရှိဘူး နင်တို့ကလဲ'

'အဖေတို့ကြိုက်တဲ့ ဟင်းတွေ သမီးတို့ချက်ထားတယ်'

'စားလို့မရဘူးလေ သမီးရဲ့၊ အမေတို့ ဥပုသ်စောင့်ထားတဲ့ ဥစ္စာ'

'ဟုတ်သားပဲ မေ့လို့. . မေ့လို့. . အဟင်း. . '

'တွေ့လား မသိဂီ၊ မင်းက သမီးတွေမွေးထားတာများ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မချမ်းမသာဖြစ်ရသေးတယ် မင်းရဲ့သားက မိဘကို ဘာများသိတတ်လို့တုန်း'

ကျွန်တော့်ကိုဆို နည်းနည်းမှမျက်နှာသာမပေးတဲ့ အဖေ။ သူ့သမီးတွေကျ ပြော. . မပြောလိုက်ချင်ဘူး။

'အဖေ့သမီးတွေကလေ. .'

'ဟဲ့. . ရှိးဂုဏ်'

လေးယောက်စလုံးဆီက သံပြိုင်ထွက်လာတဲ့အသံပါ။

'ဘာလဲ. . ကျွန်တော် ဘာပြောရသေးလို့လဲ'

'အဖေ့သမီးတွေအားလုံး လိမ်လိမ်ပြီးတော့ မာပါတယ်ဗျာ အမေတစ်ယောက်ပဲ သားကိုချစ်မယ့်သူ ရှိတယ်နော်'

ကျွန်တော်လည်း ခွဲတတ်တာပေါ့။ အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ခွဲပစ်လိုက်တာ အမေခံနိုင်ရိုးလား။

'အဲဒီအဖေကတော့လေ. . ကျွန်မသားပဲ အပြစ်ပြောနေ'

'အလိုလိုက်နော်. . ကျပ်ကျပ်အလိုလိုက်. . ၊ ပြီးမှ ဘာသံညာသံ မကြားချင်ဘူး'

အများအားဖြင့် အဖေတွေက သမီးတွေကို ပိုချစ်ကြသလို အမေတွေကျတော့လည်း သားမှသား။ ■



## ဂန္ဓမာနှင့် ပုန်းညက်

သူတို့နှစ်ယောက်ဟာ အပြင်ပန်းက ကြည့်ရင်တော့ အကုန်လုံး အတူတူပါပဲ။ ဒါပေမယ့် အကြိုက်ချင်းကတော့ တော်တော်ကွဲပါတယ်။ တွေးခေါ် ယူဆပုံ၊ ခံယူချက်တွေကအစ ဘာတစ်ခုမှမတူပါ။

ဂန္ဓမာက ရိုးရိုးကြီး ဝတ်ပြီး ဆန်းဆန်းပြားပြားတွေ တွေးတတ်သည်။ နိုင်ငံတကာကို မျက်ခြည်မပြတ် စောင့်ကြည့်နေတာတဲ့။

ဘယ်တိုင်းပြည်မှာ ဘာတွေဖြစ်နေသလဲ. . စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစစ်ရာ. . ဘာမဆို သူသိသည်။ ပရိုးမီးယားလိဂ်ဆိုလည်း စွဲမှစွဲ။ ဘောလုံးထက် ဘောလုံးကန်တဲ့သူတွေကို စိတ်ဝင်စားတာ။

ပုန်းညက်ကျတော့ အဝတ်အစားဝတ်လျှင် ပော့ရှော့။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူ့ရဲ့ဝတ်ပုံစားပုံကိုကြည့်ပြီး အတွင်းစိတ်ကို ဆုံးဖြတ်လျှင် အများကြီးလွဲပါလိမ့်မည်။ သူမက ဘယ်အရာမဆို သူ့သဘောအတိုင်း လိုရာကိုဆွဲပြီး ရိုးရိုးကြီးတွေးတတ်ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်က ပညာမှာတော့ ထူးချွန်ကြသည်။

ဂန္ဓမာက Physics မေဂျာဖြင့် ရန်ကုန်မှာ ဘွဲ့ရခဲ့ပြီး ပုန်းညက်က Chemistry ဖြင့် ဘွဲ့ရခဲ့ပြီး ဖြစ်သည်။

ခုချိန်မှာတော့ အသက်တွေက သုံးဆယ်နည်းနည်းစွန်းလာပြီမို့ ဘွဲ့ရပေမယ့် လင်မရသေးတဲ့ ဝမ်းမမံနှင့် တူးမမတွေပါ။

ဂန္ဓမာနှင့် ပုန်းညက်မှာ ကျောင်းတုန်းက ဆက်သွယ်ချက်တစ်ခု ရှိသည်။ ဘာလဲဆိုတော့ ကောင်လေးတွေက လူချင်းမှားပြီး လမ်းမှာတွေ့ရင် နာမည်မှားခေါ်ပြီး ရည်းစားစကား ပြောကြသည်။

ခဏခဏ အမှားခံရတော့ အမြွှာနှစ်ယောက်က တိုင်ပင်ထားကြသည်။ ဂန္ဓမာ့ကို ကောင်လေးတစ်ယောက်က ပုန်းညက်နှင့် မှားပြီး

'ပုန်းညက်. . တို့ တောင်းထားတဲ့အဖြေ ဘယ်တော့ ရမှာလဲဟင်. . 'ဟု လိုက်မေးသည်။

'ဘာလဲ. . ဘာတွေ လာပြောနေတာလဲ'





'ဟော ကြည့်. . ငယ်ငယ်လေးနဲ့ မေ့ပြီ၊ ရှေ့တစ်ပတ်တုန်းက စာထဲမှာ တောင်းထားတာလေ'

အဲဒီကောင်က တော်တော်အတင့်ရဲတာ။ လူသူလေးပါးရှေ့မရှောင် အတင်းလိုက်တွယ်ကပ်ပြီး ရည်းစားစကား ပြောနေတာ။ ဂန္ဓမာက နည်းနည်းစိတ်ဆတ်သူမို့

'ဒီမယ်. . ရှင့်ကို ပထမဆုံးနဲ့နောက်ဆုံးအကြိမ် warning ပေးလိုက်မယ်. . ရှင် ပြန်တော့'

'ရက်စက်လိုက်တာ ပုန်းညက်ရာ. . ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲ. . ရှေ့တစ်ပတ်တုန်းက မင်းပဲ အဲဒီစာကို လိုလိုချင်ချင်နဲ့ ယူသွားပြီးတော့'

'လူ့စိတ်ဆိုတာ ၂၄နာရီ ၂၄မျိုးလေ မကြားဖူးဘူးလား. . . ရှင့်ကို ချစ်လည်း မချစ်ဘူး. . အဖြေလည်း မပေးနိုင်ဘူး၊ ရှင်းတယ်နော်'

'မင်းက ဘာအချိုး ချိုးတာလဲကွ၊ ပြန်မကြိုက်နိုင်ရင် အစောကြီးကတည်းက အထာတွေ လာမပေးနဲ့ပေါ့'

အမယ် သူကများ လူကို ဟောက်လားဝေါက်လားနဲ့ ဒီကလည်း ဂန္ဓမာပဲ ဘယ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



'နင် ငါ့နောက်က ဆက်လိုက်လာရင် ဟောဒီမှာ တွေ့လား ငါ့လက်ဝါးက ပါးမရွေးဘူးနော်'

'ရတယ် မိန်းမ မရှားဘူးနော် မင်းလိုဟာမျိုးလည်း မလွမ်းလောက်ဘူး၊ လွယ်မယ်ထင်လို့ လိုက်ကြည့်တာ. . မရတော့လဲ ဘိုင့်ဘိုင်ပဲ'

သူက ပြောပြီး လှည့်ထွက်သွားပေမယ့် ဂန္ဓမာက ဒေါသတွေနှင့် ဝုန်းဒိုင်းကြဲပြီး ကျန်နေရစ်ခဲ့သည်။ ဒင်းက မိန်းမမာနကို လာထိပါးသွားတာကိုး။

'တောက်. . ပုန်းညက်မ. . ဒင်း အနေအထိုင် မတတ်လို့ ဖြစ်ရတာ၊ အိမ်ရောက်ရင် အတွေ့ပဲ'

ဂန္ဓမာက ပုန်းညက်နှင့် အားရပါးရ စာရင်းရှင်းသောအခါ ပုန်းညက်က သူ့ကို ကျေးဇူးမတင်သည့်အပြင် အပြစ်ဖို့ပါတော့သည်။

'နင်က ငါ့နာမည်သုံးပြီး ဘာဖြစ်လို့ ငြင်းရတာလဲ'

'ဘာ. . ဒါဆို နင်က ဒီတောင်ဂေါ်လီရုပ်ကို ပြန်ကြိုက်မယ်ပေါ့'

'စဉ်းစားသင့်ရင် စဉ်းစားရမှာပေါ့'

'အေး. . နင့်ဟာနင် သေအောင်စဉ်းစားနော် နင့်အကောင်





က ငါ့ကို နင်မှတ်ပြီး လိုက်လိုက်နေတာတော့ လုံးဝ မမိုက်ဘူး၊ ငါကလည်း သူ့ကိုလုံးဝခံစားလို့မရဘူး၊ နင်ကြိုက်ချင်ရင် ဒီ့ပြင်လူ ပြောင်းကြိုက်. . ဒါပဲ'

'ဘုရား. . ဘုရား. . ရည်းစားတောင်မှ သူကြိုက်တာ ထားပေးရဦးမယ်၊ နေစမ်းပါဦး. . ယူမှာက နင်နဲ့လား ငါနဲ့လား'

နည်းနည်းတော့ ပွဲကြမ်းလာပါပြီ။

ဂန္ဓမာက

'နင် မမိုက်ရိုင်းနဲ့နော် ပုန်းညက်. . ငါ အဖေတို့နဲ့လှမ်းတိုင်လိုက်ရမလား'

'အမယ်. . နင်ကများ ငါ့ကို ခြိမ်းခြောက်နေရသေး. . နင့်အကြောင်း ငါ မသိဘူးများ မှတ်နေလား၊ ငါ့ကိုလည်း နင်နဲ့ မှားပြီး လာ လာရောနေတဲ့ တစ်ယောက် ရှိတယ်လေ၊ နင်သိမှာပါ ကတုံးဆံတောက်နဲ့ကောင်လေ. . . အေး ဒီတစ်ခါ ငါ့အလှည့်ပဲ၊ တွေ့လို့ကတော့ အပြတ်ငြင်းပစ်လိုက်မယ်'

ပုန်းညက်က သူ့အလှည့်ပဲ ဆိုပြီး နိုင်ထက်စီးနင်း ပြောချလိုက်ပါသည်။

ဂန္ဓမာက တဟင်းဟင်းရယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့ဟယ် ငါလည်း သူ့ကို ငြင်းမလို့လုပ်ထားတာ. . ပါးစပ်ညောင်းသက်သာတာပေါ့'

'ဟင်'

'ငြင်းဖြစ်အောင် ငြင်းလိုက်နော်'

ဂန္ဓမာက ဒီပွဲမှာ သူနိုင်ပြီ ဆိုပြီး ဒိုင်ပွဲရပ်ဖြင့် လှည့်ထွက်သွားတော့ ပုန်းညက်မှာ ကျိတ်မနိုင်ခဲမရ ကျန်ခဲ့ရသည်။

*

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)





သိပ်မကြာပါ. . . ဂန္ဓမာ့ကို လိုက်နေသောသူက လူမှားပြီး ယုဇနပလာဇာထဲမှာ ပုန်းညက်နောက်မှ တောက်တဲ့ကပ်သလို ကပ်လိုက်လာသည်။ သူကပ်ပုံက တစ်မျိုးပါပဲ။ ခွာလည်းမခွာ ကပ်လည်း မကပ်ရဲနဲ့ ဟာသလူရွှင်တော်တွေလို ရုပ်မျိုးနှင့် ဆိုတော့ ဂန္ဓမာက ဘယ်လောက်တောင် ကောထားသလဲ မသိပါ။ သူ့ခမျာ မဝံ့မရဲဖြစ်နေပုံရသည်။ ပုန်းညက်က စပြီး

'ရှင်. . ကျွန်မနောက် ဘာလိုက်လုပ်နေတာလဲ'

ဟု ညင်သာစွာ ပြောလိုက်သောအခါ တစ်ဖက်က အတင့်ရဲလာပြီး

'ကျွန်. . ကျွန်တော်. . ဂန္ဓမာ့ဆီက အဖြေလိုချင်လို့ပါ'

'ရှင်က ဘယ်တော့လိုချင်လို့လဲ'

'ဗျာ. .'

'မဗျာနဲ့လေ. . ရှင် ဗမာစကား နားမလည်ဘူးလား'

'ဟုတ်. . ဟုတ်ကဲ့. . အခုရရင် အခုလိုချင်တာပေါ့'

'ကောင်းပြီလေ. . ဒါဆို. . အခုရပြီလို့ မှတ်လိုက်တော့'

အမယ်. . ဒင်းက ပျော်သွားမလား မှတ်တယ်. . ဘာပြောတယ် ထင်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဟင် လွယ်လိုက်တာ'

တဲ့လေ။

'ရှင် ဘာစကားပြောတာလဲ'

'မဟုတ်ပါဘူး၊ ဂန္ဓမာက မာနကြီးတယ်လို့ ကြားထားတော့ လွယ်လွယ်နဲ့ရမယ် ထင်မထားဘူးလို့ပြောတာ'

'အေးလေ. . အခုသိပြီမဟုတ်လား လွယ်လွယ်နဲ့ပေးတယ် ထင်ရင် ပြန်ရုတ်သိမ်းပေးမယ်လေ'

'အမယ်လေး. . မလုပ်လိုက်ပါနဲ့ဗျာ'

'ဒါဆိုလည်းပြီးရော. . သွားတော့လေ'

'ခဏလေး နေဦးလေ၊ အခု ကျွန်တော်တို့နှစ်ယောက် ချစ်သူဖြစ်တဲ့အထိမ်းအမှတ်နဲ့ တစ်ခုခုသွားစားရအောင်လေ. . .'

ပုန်းညက် သဘောခွေ့သွားသည်။ ဂန္ဓမာအမှတ်နဲ့ စားရချည်သေးရဲ့။ အပြတ်ကိုတွယ်ပစ်လိုက်မယ် ဘာမှတ်နေလဲဟင်း. . ဟင်း. . ။

ပုန်းညက်က ကြုံးဝါးထားသလို ဆိုင်ကို ရောက်တော့လည်း ကောင်းပေ့ ဈေးကြီးပေ့ဆိုတာတွေချည်း ရွေးပြီးမှာသည်။

ဒီကောင်ကလည်း တဏှာရှူး သီလား။ အခုမှရတဲ့ ချစ်သူ





ဆိုပေမယ့်. . အနားမှာ ကပ်ထိုင်ပြီး ပွတ်သီးပွတ်သပ် နေချင်သေးတာ။

'ဒီမယ်. . ရှင် ဟိုဘက်တစ်ခုံကျော်မှာ ပြောင်းထိုင်ပေးပါ မဟုတ်ရင်တော့ ကျွန်မ ထပြန်ရလိမ့်မယ်'

ဘသားချောက မကြည်မလင်ဖြင့် နေရာ ရွှေ့သွားသည်။ ဟင်းပွဲတွေ ရောက်လာတော့ ပုန်းညက်က ခေါင်းမဖော်စတမ်း ဆွဲတော့သည်။ ဟိုသူငယ်ခမျာမှာတော့ မရှုနိုင်မကယ်နိုင်မျက်နှာဖြင့် အသစ်စက်စက်ရည်းစားလေးကို တအံ့တဩဖြင့် ထိုင်ပြီး ခစားနေသည်။ စိတ်ထဲမှလည်း တော်တော်ဝတ်ပြတ်တာပဲဟု ကောင်းချီးပေးနေလေသည်။

'ဘာကြည့်နေတာလဲ. . ရော့. . စား'

ဆိုးဆိုးဆတ်ဆတ်နှင့် ဟင်းတစ်ဖတ်ကို တူနှင့် ညှပ်ပြီး ဟိုလူ့ပန်းကန်ထဲကို လှမ်းထည့်ပေးလိုက်သည်။ ဟိုကလည်း ဝမ်းသာအားရ စားတော့တာပေါ့။ ပုန်းညက်က

'စားလို့ ကောင်းလား'

'ကောင်းတယ်'

'ကောင်းမှာပေါ့ စားမှ မစားဖူးတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ'

စားနေတဲ့ဟာလေးတောင်မှ နင်တင်တင်ဖြစ်သွားပုံရသည်။

'ကဲ. . ကျွန်မ သွားပြီ တာ့တာ'

ပုန်းညက်က ခြေတစ်လှမ်း ကုဋေတစ်သန်းဖြင့် ကြွချီတော်မူသွားပြီ။ ဟိုလူ့မှာတော့ ဂန္ဓမာကို ရုတ်တရက် ခေါ်ထုတ်လို့မထွက်ဘဲ တဂန်ဂန်ဖြင့် အော်ရင်း ကျန်ခဲ့ရရှာသည်။

■



## ပုန်းညက် အဖြေပေးခဲ့သော ဂန္ဓမာ့ချစ်သူ

ပုန်းညက်ကို ဂန္ဓမာ လိုက်ရှာနေသည်။ တွေ့ရင် ဝုန်းဒိုင်းကြဲမယ်ဆိုတဲ့အချိုးနှင့်. . .

'ပုန်းညက်. . လာစမ်း၊ နင် အခုထွက်လာခဲ့'

ပုန်းညက်က ထိမထင်မျက်နှာပေးဖြင့် ကြွမြန်းတော်မူလာပြီး

'ဘာလဲ'

'နင် ဘာတွေ ဇယားရှုပ်လာတာလဲဟင် ဟိုကောင်က ငါ့ဆီကို ဖုန်းဆက်ပြီး ပိုင်စိုးပိုင်နင်းတွေပြောနေတာ ကျက်သရေတုံးပွှန်းလို့'

'အမယ် ငါက စေတနာနဲ့ နင်ရည်းစားရပါစေဆိုပြီး အဖြေပေးခဲ့တာလေ၊ တော်ကြာ ငါ့လိုဖြစ်မှာစိုးလို့ ကိုယ်ချင်းစာပြီး. .'



www.burmeseclassic.com

www.burmeseclassic.com



'တော်. . တိတ်. . အခု ဟိုကောင်က ငါ့ကို ချိန်းလားချက်လား လုပ်နေပြီ၊ ဒီပြဿနာ ဘယ်လိုရှင်းမလဲ'

ဘယ်အရာမဆို ရိုးရိုးကြီးတွေးတတ်သော ပုန်းညက်က

'ဒါများဟယ်. . သွားတွေ့လိုက်ပေါ့'

'နင် အဖြေပေးခဲ့တာလေ နင်ပဲ သွားတွေ့လိုက်ပေါ့'

ဂန္ဓမာက အငေါ်တူးတော့ ပုန်းညက်က တွေးချင်ရာ တွေးပစ်လိုက်ပြန်သည်။

'ငါ သိပြီ၊ ဟိုက နင့်ကို အကြင်နာပေးလွှတ်မှာ ကြောက်လို့ မဟုတ်လား'

'အယုတ်တမာမ နင်နော်'

ဂန္ဓမာ လိုက်ထုတော့ ပုန်းညက်က ပတ်ပြေးပြေးပါသည်။

ဒီလိုနှင့်ပဲ. . ဂန္ဓမာ့မှာ ပုန်းညက်ကောင်းမှုဖြင့် ချစ်သူတစ်ယောက်ရခဲ့ပါသည်။

အောင်မောင်း ဆိုတဲ့ ဂန္ဓမာ့ချစ်သူက အူကြောင်ကြားပါ။ ခုချိန်ထိ သူ့ရည်းစားအစစ်က ဘယ်သူလဲဆိုတာ သိပုံမရပါ။ ဂန္ဓမာကလည်း သူမမှာ အမြွာညီမရှိတယ်ဆိုတာကို အာဆောင်းခံပြီးရှင်းပြမနေတော့ပါ။ ကြုံရင်ကြုံသလို လူစားထိုးလို့ရတယ်လေ။





_ ဥပမာ. . ပုန်းညက်နှင့် အောင်မောင်း ကြုံတဲ့အခါကျတော့ သူ ဘာပြောလိုက်တယ်ဆိုတာ ကိုယ့်ဟာကိုယ် နားလည်မှု ယူထားရတာပေါ့။

တစ်ခါတုန်းက ပုန်းညက် ဘာသာပြန်လွဲတာကို ပြောရဦးမယ်။ ဂန္ဓမာက အောင်မောင်းနှင့်တွေ့လျှင် စနေနေ့ကျရင် ကိုးနာရီကနေ ဆယ့်တစ်နာရီအထိ ရွှေတိဂုံဘုရားမှာရှိမယ်လို့ပြောခိုင်းတာ ဟိုမမက အောင်မောင်းနှင့်တွေ့တော့

'စနေနေ့ကျရင်. . ည ကိုးနာရီကနေ ဆယ့်တစ်နာရီအထိ ဘုရားမှာရှိနေမယ်. . လာဖြစ်အောင်လာခဲ့နော်'

လို့ ပြောသည်။ တကယ်လည်း ဟို အူကြောင်ကြားကောင်က မနက်ပိုင်းကိုမလာဘဲ ညကိုးနာရီကနေ ဘုရားပိတ်တဲ့အထိ သွားထိုင်စောင့်နေတာတဲ့။

အဆုံးသတ်ရလဒ်ကတော့ သူတို့စုံတွဲ ကွာပြဲသွားကြတာပါပဲ။ ဂန္ဓမာကလည်း အောင်မောင်းက သူမကို အလေးမထားတာ အသည်းနာသတဲ့။ အောင်မောင်းကလည်း သူ့ကို အရူး လုပ်သွားတာကို မခံစားနိုင်ဘူးတဲ့။

တရားခံအစစ်ကတော့ ပုန်းညက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသာ စဉ်းစားဉာဏ်ရှိလျှင် ညကိုးနာရီကျော်လျှင် ဘုရားပိတ်မှန်း သိရမှာပေါ့။ သူမက ဒီလိုပါပဲ။ သူ့စိတ်နှင့် တည့်သလို တွေးပစ်လိုက်တာပါပဲ။

အဲဒီကတည်းက ဂန္ဓမာလည်း ရည်းစား မထားရဲတော့တာ ခုချိန်အထိပဲ။

■

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



## ယုဇနနှင့်သစ်ခွ

သူတို့နှစ်ယောက်ကိုကျတော့ အဖေနှင့် အမေက မကွေးကောလိပ်တွင် တက်စေသည်။ ပြည်မှာလည်း ကောလိပ်ရှိရက်သားနဲ့ သမီးတွေကို နေရာခွဲပြီး ရှာဖွေခွင့်ပေးထားတာတဲ့လေ။ တစ်ပတ်ကို တစ်ကြိမ် . . အိမ်ပြန်ပြီး မုန့်ဖိုး လာလာယူကြသည်။ စားစရာတွေဆိုလည်း မကွေးတစ်ခါပြန်တိုင်း ခြင်းကြီးခြင်းငယ်တွေနှင့် သယ်သွားသေးတာ။ ဘာတဲ့ . . သူတို့အပြောက သူငယ်ချင်းတွေကိုခွဲကျွေးချင်လို့တဲ့။ အမေ့ခမျာ မီးဖိုထဲက မထွက်တမ်းကို ချက်ပြုတ်ရတာ။

အဆောင် ရောက်တော့ သူတို့အမြွာနှစ်ကောင် ဘာလုပ်တယ်ထင်ပါသလဲ။ သူငယ်ချင်းတွေကို ဟင်းရောင်းစားပြီး ဈေးသည်ကြီးဆန်နီ လုပ်နေကြတာ။ အိမ်ကပါသွားတဲ့ဟင်းတွေ ငပိကြော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်သွားတဲ့အခါ သူတို့မှာ သောင်းဂဏန်းလောက်တော့ ပိုက်မိနေပြီ။ တစ်ပတ် တစ်ကြိမ် ဆိုတော့ စဉ်းစားသာ ကြည့်တော့။

ဒီအမြွာနှစ်ယောက်မှာ ပွဲကြိုက်ခင်က ယုဇနဖြစ်ပြီး အငယ်မ သစ်ခွကျတော့ ခါးတို့လျှင် ယောင်တတ်လွန်းသည်။ ခါးမတို့လဲဘဲ သူ့ရှေ့မှာ တစ်ခုခုလုပ်ပြလျှင် ထိုပုံစံအတိုင်းလိုက်လုပ်တတ်သည်။

လွန်ခဲ့တဲ့ခြောက်လလောက်က အမေက သစ်ခွကို ဆီသွားဝယ်ခိုင်းသည်။ ဈေးထဲမှဆီဝယ်ပြီးပြန်လာသော သစ်ခွသည် ဟိုငေးဒီငေးဖြင့် အေးအေးဆေးဆေး လမ်းလျှောက်လာသည်။ သူ့ရှေ့မှလျှောက်နေသော လူကြီးလက်ထဲတွင် ရေသန့်ဘူး ကိုင်ထားပြီး ထိုလူက အဖုံးကိုဖွင့်ကာ ရေတွေကို သွန်ပစ်လိုက်သည်။ အဲဒါကိုမြင်ပြီး အနောက်မှလိုက်လာသော သစ်ခွက ထိုလူလုပ်သည့်အတိုင်း ဆီဘူးအဖုံးကိုဖွင့်ကာ ဆီတွေကို အားရပါးရသွန်ပစ်လေတော့သည်။ ဆီကုန်လို့စောင့်နေတဲ့အမေက ဆီဘူးဗလာဖြင့်ပြန်လာသော သစ်ခွကို တွေ့တော့ ဒေါသတွေထွက်ပြီး ဆူပါလေတော့သည်။

'မိသစ်ခွ၊ ငါ့မှာတော့ စောင့်လိုက်ရတာ ညည်းက ဆီမဝယ်ဘဲ ဘယ်သဝေထိုးနေတာတုန်း'

'ဝယ်လာပါတယ် အမေရဲ့'





'ဒါဆို ဘယ်မလဲ ဆီတွေ'

'သွန်ပစ်လိုက်ပြီ'

'ဘာ. . ဆီတစ်ပိဿာ ဘယ်လောက်အောက်မေ့လို့တုန်း ဘာကိစ္စ သွန်လာရသလဲ ငါ့ပြောစမ်း'

သစ်ခွမျက်နှာကလေးက ဆီးရွက်သာသာလောက် ရှိတော့သည်။

'သမီးအပြစ် မဟုတ်ဘူး အမေ၊ သမီးရှေ့က လူကြီးကြောင့်ပေါ့. . သူက သမီးရှေ့မှာ ရေတွေ လာသွန်ပြတာကိုး'

'ဘာ. . သူသွန်တာက ရေဟဲ့၊ ညည်းသွန်လိုက်တာက တစ်ပိဿာ သုံးထောင်ကျော်တဲ့ မြေပဲဆီတွေလေ၊ သတိလေး ဘာလေး ထားပါလား သစ်ခွရယ်. . ကိုယ်က မိန်းကလေးလေ. . . သမီးလုပ်ပုံက မတော် သူက ကိုယ့်ရှေ့မှာ ပုဆိုး ချွတ်ပြရင် လိုက်ချွတ်မှာပဲလား'

'မေမေနော်'

အဖေက သူ့သမီး အမြွာနှစ်ကုံမှာ အငယ်ဆုံးမ သစ်ခွကိုပိုပြီး ဂရုစိုက်သည်။

ဆီတွေသွန်ပြီးကတည်းက အပြင်ကိစ္စမခိုင်းတော့ဘဲ ရှိး



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ကိုသာ ခိုင်းတော့သည်။ ညအိပ်လျှင် ကျန်တဲ့အစ်မသုံးယောက်က သစ်ခွကို အလယ်မှာ ထားပြီး ကင်းစောင့်သလို စောင့်အိပ်ရသည်။

ဒါတောင်မှ မိသစ်ခွက မကွေးမှာ ကျောင်းတက်တုန်း ညအိပ်ရင်း ယောင်ပြီး မကွေးမြို့တစ်ပတ်ပတ်လိုက်သေးသည်။ မိုးလင်းခါနီးမှ အဆောင်ပြန်ဇရောက်လာတော့ အဆောင်ပိုင်ရှင် အန်တီကြီးနှင့်တိုးပြီး ကောင်းကောင်းအဆူခံလိုက်ရသည်။

အဆောင်မှာ ယုဇန ရှိနေလို့သာ သစ်ခွ ယောင်တတ်ကြောင်း ပြောပြနိုင်တာ။ အကြောင်းမသိသူတွေဆို ယုန်ထင်ကြောင်ထင် ထင်နေလောက်ပြီ။

သူ့ခါး တို့လျှင် ယောင်တတ်တာတွေထဲက တစ်ခုကို ပြောရလျှင် တစ်နေ့. . သူတို့အတန်းထဲက ကောင်လေး သုံးယောက်က သစ်ခွ ယောင်တတ်တာသိပြီး ခါးတို့လိုက်သည်။

သစ်ခွက ရုပ်ရည်လေးနှင့်မလိုက်၊ ယောင်လိုက်ပုံက

'ဟဲ့. . ဂန်းမသား. . စလူးကောင်'

တဲ့။ အဲဒီနောက်ပိုင်းမှာတော့ ဒီကောင်တွေ မစ,ရဲတော့ပါ။

ဆောင်းညပြာသိုစာပေ



ယုဇနတို့အမြွှာနှစ်ယောက်ကို ခါးတို့လိုက်လျှင် ခွဲရလွယ်ကူသွားသည်။

ခါးလန့်တတ်သူက သစ်ခွလေ။

ဂန္ဓမာတို့အတွဲနှင့်ယုဇနတို့အတွဲက နှစ်နှစ်စီကွာကြသည်။

ကျောင်းသာ ပြီးသွားသည်၊ ရည်းစားမရခဲ့တဲ့ သရီးမမနှင့်ဖိုးမမပါ။

*

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကံအဆိုးဆုံးသူက မောင်ရိုးဂုဏ်လေးပေါ့။

အမေ့ရဲ့တစ်ချက်လွှတ်အမိန့်အောက်မှာ အနှစ်နှစ် အလလ စိတ်ကူးယဉ်ခဲ့တဲ့ ကျောင်းတော်က ပုံပြင်လေး အဆုံးသတ်လိုက်ရပါတယ်။

အမေက သားလေးတစ်ယောက်တည်း စိတ်မချဘူး ဆိုပြီး အဝေးသင်တက္ကသိုလ်ပဲ တက်ခိုင်းတာလေ. .။

ရိုးဂုဏ် ဆိုတ္တဲ့ကောင်မှာတော့ ပန်းပွင့်လေးတွေဆီသွားပြီး ရစ်ဝဲဖို့ ပျားပိတုန်းလည်း မလုပ်ရ။ အညီရှိရာ သွားပြီး အုံဖို့ ယင်ကောင်လည်း မလုပ်ရနှင့် ဟိုမရောက် ဒီမရောက် ပိုးတုံးလုံးဘဝမှာသာ သောင်တင်ရင်း ကျောင်းပြီးတော့လည်း ဆန်စက်မှာ ဝင်လုပ်ရပြန်သည်။

အခုဆို အသက်က နှစ်ဆယ့်လေးနှစ် ကျော်လို့ နှစ်ဆယ့်ငါးနှစ်ထဲကို ရောက်နေပြီ၊ ရည်းစားဆိုလို့ မူးလို့တောင် ရှူစရာမရှိတဲ့ အဖြစ်လေ။

အမေ့သားသမီးငါးယောက်စလုံးဟာ ပညာအရာမှာ စုံလင်ခဲ့ပေမယ့် ကြွင်ယာအနေနှင့်ကတော့ ဝလုံးဝိုင်းတဲ့အဆင့်က မတက်သေးပါ။





တစ်အိမ်လုံးမှာ လူလွတ်တွေချည်း ဆိုတော့လည်း အားအားရှိ ကိုက်နေ (အဲလေ ရန်ဖြစ်နေကြ)တာပေါ့။

ကြာတော့. . သူတို့ဒဏ်ကို ရိုးဂုဏ် မခံနိုင်တော့ဘူး။

ကိုယ်လည်း လူပျိုပီပီ ကိုယ့်အစွမ်းအစကလေးတော့ ထုတ်ပြချင်သေးတာပေါ့။

ခက်နေတာက အစ်မ လေးယောက်လေ။

အားလုံးက အတို့အထောင်တွေချည်းပဲ ဆိုတော့ အီစီကလီကလေးတွေရော၊ မအီတအီကလေးတွေနဲ့ရော ဇာတ်လမ်းဆက်လို့ မရဘူး။

ဟိုတလောက ကျွန်တော်တို့အိမ်ရှေ့မှာ ကောင်လေးတွေတစ်အုပ်ကြီး ဂစ်တာ လာတီးကြတယ်။

ကျွန်တော် သေသေချာချာနားထောင်နေတာ၊ အချိန်သာကုန်သွားတယ် သူတို့က ပန်းကလေးတွေကို တင်စားပြီးသာဆိုနေတာ ဘယ်သူ့ကိုရည်ရွယ်မှန်းလဲ မသိရဘူး။

ကြာတော့ သည်းမခံနိုင်တော့ဘူး။

ကျွန်တော် သူတို့ သီချင်းဆိုနေတဲ့ဆီကို ရောက်သွားပြီး 'ဟေ့ကောင်တွေ. . ပန်းကလေးလို လှနေတာပဲ ကြည့်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည် လုပ်မနေနဲ့ . . မင်းတို့ ဘယ်သူ့ကို လာချိန်နေတာလဲ . . . ယောက်ျားချင်းပဲကွာ ပွင့်ပွင့်လင်းလင်းပေါ့. . . သချောတာတစ်ခုက ငါ့အစ်မတွေထဲမှာ နှင်းဆီမှ မပါတာ၊ ဂန္ဓမာ၊ ပုန်းညက်၊ ယုဇန၊ သစ်ခွအစုံရှိတယ် သိလား၊ အလှထိုင်ကြည့်မနေနဲ့ ကြိုက်တဲ့ပန်းသာ ခူးသွားလိုက်ကွာ'

'တကယ်လား ညီလေး . . တကယ်နော် . . ပြောပြီး စလစ် နံပါတ်တစ်ပဲ၊ အကုန်လုံး ခူးသွားလိုက်တော့မယ်'

'တော်ပြီ . . stop . . မင်း တစ်ယောက်တည်းကို ယောက်ဖလေးခါ မတော်နိုင်ဘူးကွ၊ ငါ့မှာ . . အစ်မလေးယောက် ရှိတဲ့အတွက် ယောက်ဖ လေးယောက်တော့ ရရမှာပေါ့'

'ဒါနဲ့ . . ယောက်ဖလေး မင်းနာမည်က ဘယ်သူ'

'ရိုးဂုဏ်'

'မင်းက မီးစိမ်းပြတော့ . . တို့အုပ်စုထဲက လေးယောက် try တော့မယ်နော်'

'OK'

ဟူး . . ခုမှပဲ အပူလုံးကြီးကျတော့တယ်။

သူတို့ဘဲ သူတို့အတွဲတွေနှင့်ဆို ကျွန်တော့်ကို လိုက်နှောင့်





ယှက်နိုင်မှာ မဟုတ်တော့ဘူးလေ။

"ဟော့ကောင် ရိုးဂုဏ်၊ မင်းအစ်မတွေကို ငါတို့မခွဲတတ်ဘူးကွ၊ ဒါတစ်ခုတော့ ကူဦး'

'ဒီလိုလုပ် . . သူတို့လက်ထဲက ပန်းတွေကို ကြည့်ကြပေါ့ . . ဂန္ဓမာပန်း ကိုင်လာရင် အဲဒါ ဂန္ဓမာပဲ၊ သစ်ခွပန်း ကိုင်လာရင်တော့ သစ်ခွပေါ့၊ ပြီးမှ ကိုယ့်လူကိုယ် ဆက်လုပ်ရှားကြတော့

ဘာကောင်တွေမှန်း မသိ။

တုံးလိုက်တာလည်း လွန်ရော။

ရိုးဂုဏ်မှာတော့ သူ့အစ်မတွေလက်ထဲကို ပန်းရောက်ဖို့ အရေး ကြံရဖန်ရပြန်သည်။

နောက်နေ့ကျတော့ သူတို့နာမည်ပါတဲ့ပန်းလေးမျိုးကို ပြေးဝယ်ပြီးသည့်နောက် အစ်မတွေကို အမျိုးမျိုးစည်းရုံးရသည်။

'1နဲ့ 2 ရေ . . ကျွန်တော် ဒီနေ့ ဗေဒင် သွားကြည့်လာတာ အရမ်းမှန်တယ်ဗျ၊ မင်းအိမ်မှာ ဆင်တူတွေ များနေလိမ့်မယ်တဲ့၊ အဲဒီတော့ တူတာတွေထဲမှာ အန္တရာယ်တွေ ဝိုင်းနေတယ်ဆိုပဲ'

ကြည့် . . . သူတို့ရဲ့မျက်လုံးတွေ ဇီးကွက်လို ပြူးကျယ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုအန္တရာယ်တဲ့လဲ ရိုးဂုဏ်'

'ယာဉ်အန္တရာယ်တဲ့. . ကြောက်ဖို့ကောင်းတယ်နော၊ ဖြစ်လိုက်လို့ကတော့ နင်တို့အစိမ်းသေနဲ့ သေရမှာ'

'ဘုရား. . ဘုရား. . ငါတို့ အဲသလိုတော့ မသေချင်ပါဘူးဟယ်၊ ယောကျ်ားတောင် မရသေးတဲ့ဥစ္စာ'

ရိုးဂုဏ်က ဒေါသထွက်ချင်ယောင်ဆောင်ပြီး

'အရေးထဲ. . . ယောကျ်ားက ရှူးနေရသေးတယ်၊ နင်တို့ကိုယကြာချေခိုင်းလိုက်တယ်၊ ရော့. . ဒီမှာ ပန်းတွေ၊ ကိုယ့်နာမည်နဲ့တူတဲ့ပန်းကို ဘုရားမှာသွားလှူပြီး ဆုတောင်းရမယ်တဲ့. . အဲဒါ ဒီနေ့ပဲ သွားနော်၊ နေ့ဆိုင်းမနေနဲ့'

ယုဇနနှင့်သစ်ခွက တစ်မျိုး။

'မှဲ့. . ငါတို့ရော ပါလားဟင်'

'ပါတာပေါ့ဟ. . နင်တို့လည်း ဆင်တူပဲဥစ္စာ'

သူတို့နှစ်ယောက်ကမှ ပိုကြောက်တတ်တာ။ သူတို့ပါတယ်လည်းဆိုရော ပြေးလိုက်တာမှ တချိုးတည်း။ ဘုရား သွားတော့မယ်တဲ့။

*





အမြွှာလေးယောက် ဘုရားပေါ်သို့ တက်လာချိန်တွင် ရိုးဂုဏ် မြှောက်ပေးထားသဖြင့် တက်ကြွတဲ့ ကြက်ဖ ဖြစ်နေကြသော သူငယ်တော်တစ်အုပ်စုမှာ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြသည်။

'ဟော့ကောင်. . စိုးစိုး၊ ဟိုးမှာ ဂန္ဓမာပန်းကိုင်ထားတဲ့ တစ်ယောက်က မင်းကောင်မလေး၊ သူ့နောက်ကို လိုက်ပြီး လှုပ်ရှားတော့၊ ဖိုးကျော်က သစ်ခွပန်းနော်'

အဲ. . သူတို့ခက်နေတာက ပုန်းညက်နှင့် ယုဇနပန်းကို သေသေချာချာမမြင်ဖူးခြင်းပင်။

ဘယ်ဟာက ပုန်းညက်. : ဘယ်ဟာက ယုဇနပန်းကို မသိပါ။

'ဟော့ကောင်. . ငါက ယုဇနဆို. . ဘယ်တစ်ယောက်လဲကွ'

'ငွါပွေးညက်. . အဲလေ. . ပုန်းညက်လေးရော'

အခါတော်ပေးက

'ငါလည်း မသိဘူး၊ ချော်လဲရောထိုင်လိုက်ပေါ့ကွာ'

ဂန္ဓမာနှင့် ပုန်းညက်တို့တစ်တွဲက တနင်္လာနံထောင့်ကိုသွားနေကြသည်။

စိုးစိုးနှင့် ဖုန်းမြင့်က နှုတ်သွက်လျှာသွက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ဂန္ဓမာနှင့်ယုဇနက တနလ်ာသမီးတွေလား'

ဟု သွားကြောင်သည်။

ယုဇနမဟုတ်တဲ့ ပုန်းညက်က

'ဘာလဲ. . ရှင်က ခုနစ်ရက်သားသမီးစာရင်း ပြုစုရေးအဖွဲ့ကလား'

'မနေ့ညက ကျွန်တော်တို့ သီချင်းလာဆိုတာ နားထောင်လို့ ကောင်းရဲ့လားလို့. . '

'အိပ်လို့တော့ ကောင်းတယ်ရှင့်. . နားထဲကို ဂွမ်းထည့်ပြီး အိပ်ပစ်လိုက်တာ တစ်ရေးတည်းပဲ'

အလေးနှင့်ပစ်ပြီး ပြောထည့်လိုက်ပြီ။

ပြောမှာပေ့ါ။

ရုပ်တွေက တိုက်ဂေါ်တွေ ဆိုတော့ သူတို့ကြိုက်တဲ့ ရုပ်မှ မဟုတ်တာ။

ဖုန်းမြင့်က စိတ်လှုပ်ရှားလျှင် စကား နည်းနည်း ထစ်ပါသည်။

'ဂန္ဓာမာတို့နှစ်ယောက်ကို ကျွန်. . ကျွန်တော်တို့ ချစ်. . ချစ် . . ချစ်နေလို့ပါ'





'အမယ်လေးကွဲ့. . ကိုယ့်ရုပ်မှကိုယ်အားမနာ၊ ဂန္ဓမာရေ. . နင်ကြိုက်လား သူတို့ကို. . '

'No. . ပါ နင်ရော'

'ကန်တော့ဆွမ်းပဲ၊ ကဲ. . ကျွန်မတို့ ဘုရားကန်တော့မလို့ လာရာလမ်းအတိုင်း ပြန်ကြွပေတော့. . နေဦး. . . ကျွန်မနာမည်က ပုန်းညက်တဲ့၊ နာမည်တောင် မသိဘဲနဲ့ လာကြောင်ချင်သေးတယ် အံ့ရော'

ဘာပြောလို့ ပြောရမှန်း မသိတော့ ဟိုနှစ်ကောင်က ရှက်ရှက်နှင့် တပ်ဆုတ်ပြီး ပြန်သွားပါသည်။

ဖိုးကျော်နှင့် ဇေယျတို့က သစ်ခွတို့နှစ်ယောက် နောက်ကို အမီလိုက်ရင်း

'သစ်ခွနှင့်ပုန်းညက်'

လို့ မှားခေါ်ပါသည်။

သစ်ခွကလည်း အားကျမခံပင်

'သစ်ခွနှင့် ပုန်းညက်'

ဟု လိုက်ပြောသည်။

'ခင်ဗျားတို့ကို ကျွန်တော်တို့ ချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ကို ကျွန်တော်တို့ ချစ်တယ်'

'ဟာ. . တကယ်နော်. . တကယ်လား. . အဖြေပေးနေပြီ ဟော့ကောင်'

ယုဇနက အဖြစ်မှန်ကို သိသွားပါသည်။

ဟိုနှစ်ကောင်မှာ ထီးတစ်ချောင်း ပါလာပြီး သစ်ခွခါးကို သူ့ထီးကောက်က သွားထိနေလို့ ဟိုက ယောင်နေခြင်းသာ။

'ရှင်တို့ရဲ့ ထီးကြီးကို ဖယ်လေ. . . . သူက ယောင်တတ်တယ်'

သူတို့ထီးကို လက်နှင့်ပြောင်းကိုင်ပါသည်။

အယောင်မပြေသေးသော သစ်ခွက သူတို့လုပ်သလို သူမ လက်ထဲက ပိုက်ဆံအိတ်ကို ဟိုဘက်လက် ပြောင်းကိုင်ပြန်သည်။

'ဟဲ့. . သစ်ခွ၊ နင်ကလည်း သတိလေးဘာလေး ကပ်ပါဦး ဟဲ့'

'ဂန်းမသား. . စလူးကောင်'

'ဟော့ကောင် အခြေအနေမဟန်ဘူး. . လစ်စို့'

သစ်ခွ ယောင်တာ နည်းနည်းကြမ်းလာလျှင် ကောင်လေးတွေ လှည့်ပြေးနေကျပါ။





ဒီလိုနှင့်ပဲ ရိုးဂုဏ်စောင့်တဲ့ နွားချေးလေးပုံဟာ ဒီအတိုင်း ပုံလို့ ကောင်းဆဲပင်။

အိမ်မှာ ရှုပ်နေတာပေါ့. . .

သူတို့ဟာ သူတို့တင် ရှုပ်တာမဟုတ်. . သူများကိုပါ လိုက် လိုက် ရှုပ်တာ။

■



www.burmeseclassic.com

www.burmeseclassic.com

## ရှီးဂုဏ်နှင့် ဇာတ်မင်းသားသူငယ်ချင်း

လောကကြီးမှာ သူ့duty သူ တာဝန်အကျေဆုံးဖြစ်သော နေမင်းကြီးက မနက်ကတည်းက ထွက်ပေါ်လာပြီး ကောင်းကင်ကြီးက ကြည်လင်နေသောနေ့တစ်နေ့တွင် ရှီးဂုဏ်ထံသို့ အထူးဧည့်သည်တော်တစ်ယောက် ရောက်လာခဲ့ပါသည်။

'ရှီးဂုဏ်ရေ. . . သူငယ်ချင်း. . ရှီးဂုဏ်'

ကားရေဆေးနေသော ရှီးဂုဏ်က ထိုအသံကို ကောင်းစွာ ရင်းနှီးနေ၏။ လှည့်ကြည့်လိုက်တော့ Giffiniတံဆိပ်အကျီအကောင်းစားနှင့် စတိုင်လ်ဘောင်းဘီဝတ်ပြီး. . အပြတ်သားနားနေသော မိုးသောက်ကိုတွေ့ရသည်။ နေကာမျက်မှန်ကတော့ ပေါချောင်ကောင်းထင်တာပဲ။ (စိတ်ထဲရှိတာ ပြောတာပါ) ဒီကောင်က ဘယ်တုန်းကမှ





အကောင်းစားသုံးတတ်တာမဟုတ်။ ဖြစ်နိုင်လျှင် မိန်းမဘောင်မှ ပေါပေါပဲပဲထဲက ရှာယူမည့်အကောင်။ မယုံမရှိနှင့်. . နှစ်ယောက် အတူတူ ထမင်းသွားစားလျှင် သူ့အတွက်ပဲ သူရှင်းသည့်အကောင်။ ဒါကြောင့် ရှီးဂုဏ်က မိုးသောက်ဆိုရင် ပြုံးပြနေအောင်ကို အမြင်ကပ်တာ။

'အမယ်. . မင့်ပုံစံက အပြတ်လန်းနေပါလား. . ဘာတွေခွင်တည့်နေလဲ ဟေ့ကောင်'

အနီးကပ်ကြည့်မိတော့မှ သူ့လည်ပင်းက ရွှေနှစ်ကျပ်သားဆွဲကြိုးကြီးကို မြင်ရတာ။ လက်ခလယ်မှာလည်း. . စိန်ကိုးလုံးပါတဲ့ လက်စွပ်ကြီးက တလက်လက်ဖြင့် ဗုဒ္ဓဟီးကို ဖြစ်လို့။ မျက်နှာမှာလည်း မိတ်ကပ်ပါးပါးလိမ်းထားသေးတာ။ ဇကန္တ. . ဒီကောင် လိုင်းပြောင်းသွားပြီထင်တယ်။

'ငါ့မှာကွာ. . မင့်အိမ်ကို ရှာလိုက်ရတာ၊ ငါ အခု ပြဇာတ်မင်းသားလုပ်နေတယ်ကွ. . 'ပွင့်လန်း'ဆိုတဲ့ဇာတ်ထဲမှာ'

ရှီးဂုဏ်မျက်လုံးထဲမှာတော့ နံပါတ်မှာ '3'မမ ဖြစ်တဲ့ ယုဇနကိုသာ ပြေးပြီး မြင်မိပါသည်။ ဒီကောင် ဇာတ်မင်းသားမှန်း သိရင် ဟိုပွဲကြိုက်ခင်က အိမ်တောင် ပေးပြန်ပါ့မလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မင်းက ဒီမှာ ဇာတ်လာကတာပေါ့'

တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး အိမ်ပေါ်သို့ တက်လာကြသည်။

ဇာတ်မင်းသား ဆိုတော့လည်း အိမ်အပေါ်ထပ်မှာ လူလိုသူလို ဧည့်ခံရတော့မှာပေါ့။ မိုးသောက်က

'တစ်ပတ်တော့ နေရမယ်ထင်တယ်'

ရိုးဂုဏ်က မိုးသောက်၏လည်ပင်းနှင့် လက်ခလယ်ကို ထိုးပြရင်း

'မင်းတောင် တော်တော်စုမိဆောင်းမိရှိနေပြီပဲ'

ဟု ပြောတော့ မိုးသောက်က ခွက်ထိုးခွက်လန်ရယ်သည်။

'ငါ့မျှား အထင်ကြီးလို့ ရိုးဂုဏ်ရာ၊ စပွန်ဆာကောင်းကောင်း ရ,ထားလို့ ဝတ်နိုင်တာကွ'

ကြည့်စမ်း. . ကြည့်စမ်း၊ ဒီကောင့်စိတ်ဓာတ်ကိုက ဖနောင့်နှင့်ပေါက်ချင်စရာ။ ယောကျ်ားကြီးတန်မဲ့နှင့် သူကများ စပွန်ဆာရှာရသေးတယ်လို့. . . ရိုးဂုဏ်က စိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်လာသဖြင့်

'ဒါဆို အဲလိုစပွန်ဆာမျိုး ငါ့လည်း ဆယ်ယောက်လောက် ရှာပေးစမ်းကွာ'





'အေး. . အေး. . ရှာပေးမယ် စိတ်ချ'

မိုးသောက်နှင့် ကျွန်တော် ဆယ်တန်းအောင်ပြီးကတည်းက ကွဲကွာသွားတာမို့ မတွေ့တာ တော်တော်ကြာပြီ။ ခုကျတော့ သူက ဇာတ်မင်းသားဆိုပဲ. . နာမည်ကြီးလား မကြီးလားတော့ မသိပါ။ သူ့နာမည်ကို ကျွန်တော် မကြားဖူးတာတော့ သေချာပါသည်။

'ရိုးဂုဏ် မင်းအစ်မ ဆင်တူလေးတွေရော အိမ်ထောင်ကျကုန်ပြီလား'

'အိမ်ထောင်ပြုဖို့မျှား သူတို့စိတ်ကူးထဲတောင် ထည့်ချိန်မရပါဘူးကွာ၊ အလုပ်ကြီးအကိုင်ကြီးတွေ လုပ်နေကြတာလေ'

'ဩော်. . ဟုတ်လား'

မိုးသောက်က အဟုတ်ထင်ပြီး အထင်တွေကြီးနေပုံရသည်။ အမြွှာနှစ်စုံရဲ့အလုပ်ကြီးအကိုင်ကြီးဆိုတာ တစ်နေ့တစ်နေ့ ရန်ပွဲကျင်းပနေတာကိုပြောတာ။

ဟော. . ပြောရင်း ဆိုရင်းနှင့် အောက်ထပ် မီးဖိုချောင်ထဲက အသံတွေ ထွက်လာပြီ။

'ပုန်းညက်မ. . နင့်ငရုတ်သီး နင်သွားထောင်းလေ. . ဘာလို့ ငါ့ကြက်သွန် လာန္ဒာနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာ့အသံပါ။

ပုန်းညက်က

'ငါမှ ဧရုတ်သီးမထောင်းချင်တာ. . နင်ထောင်းလိုက်လေ ဟယ်. . တစ်ခါတလေပဲ ဥစ္စာ'

'ငါပြောရင်လည်း နင်နာဦးမယ်. . နင်ဟာလေ ငါ့ဟာဆို ဘာမဆိုကြိုက်တယ်. . နောက်ပိတ်ဆုံး ငါ့လင်တောင် နင်ကြိုက်မှာ ပဲ. . ကျိန်းသေတယ်'

'အယုတ်တမာမ. . ဘယ်မလဲ နင့်လင်၊ လာပြီး ကပ်ကြွား ချင်သေးတယ်၊ အဲဒီလင်ပဲ နင်ရအောင် ရှာလိုက်ဦး သိလား'

ဟောကြည့်. . မရှိသေးတဲ့ လင်အတွက်နှင့်များ ကြိုတင် ဘွတ်ကင်လုပ်ပြီး ရန်ဖြစ်နေလိုက်ကြတာ။ သူတို့အစား ရှိုးဂုဏ်မှာ ရင်မောရပါသည်။

'အောက်ထပ်က 1, 2, 3, 4 ခဏလာကြဦး၊ ဒီမှာ. . ဇည့် သည်ရောက်နေလို့'

သူတို့ကို လှမ်းအော်ခေါ်ရင်း မိုးသောက်ကိုပါ တစ်ဆက် တည်း

'မင်း ဒီမှာပဲ တည်းမှာ မဟုတ်လား. . အေးဆေးပေါ့ကွာ'





'အဆင်ပြေပါ့မလားကွ မင်းအစ်မတွေနဲ့ အားနာဖို့ကောင်း ပါတယ်'

ဧည့်သည်ဆိုလို့. . စပ်စုဖို့ တက်လာကြသော အစ်မ လေး ယောက်မှာ မိုးသောက်ကိုလည်း မြင်ရော ပြူးတူးပြဲတဲတွေဖြစ်ကုန် ပြီး သိသိသာသာရော. . မသိမသာပါ လှမ်းပြီး ရှိုးတော့တာပါပဲ။

'သူက ကျွန်တော့်သူငယ်ချင်း မိုးသောက်. . တဲ့၊ နံပါတ်3 ရေ. . သူက ဇာတ်မင်းသားလုပ်နေတာနော်'

ယုဇနကို ဦးတည်ပြီး ပြောလိုက်တော့

'ဟယ်. . ဟုတ်လား၊ ဒါကြောင့် မောင်လေးကိုချောပါတယ် လို့ကြည့်နေတာ. . မမတို့က ညလုံးပေါက် မိုးတလင်း အားပေးမှာ နော်. . မေတ္တာလက်ဆောင်ပေးဖို့ မမေ့နဲ့ သိလား'

'ကိုယ့်အစ်မတွေပဲဗျာ. . ပေးရမှာပေါ့'

'သဘောကောင်းလေးတော့'

ယုဇနရဲ့ချီးမွမ်းဋီကာတွေက ခဲ့လို့ကုန်နိုင်မှာမဟုတ်တော့။

'ကဲ. . သူက ဒီမှာတည်းမှာနော်. . ဟင်းကောင်းကောင်း လေး ချက်ကျွေးလိုက်ကြဦး'

'စိတ်ချ. . ချက်ကျွေးဦးမှာ'



www.burmeseclassic.com

www.burmeseclassic.com



၊ တန်းစီပြီး အောက်ထပ်သို့ပြေးဆင်းသွားကြသည်။ အမေ့နှယ် ဘာဖြစ်လို့များ ဒီလိုသမီးတွေ မွေးထားသလဲ မသိပါ။ အကုန်လုံး ပေါ်တာမတွေချည်းပဲ။ ခုလည်း အဖေနှင့်အမေက ရန်ကုန်သွားတာမို့ သူတို့တွေ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေပါတော့သည်။

*

ကျွန်တော့်အစ်မတွေ ညည့်ကောင်းစောင်ကောင်းလေးကို ညည့်ဝတ်ကျေလိုက်ကြတာများ ပြောပါတယ်. . .

မိုးလင်းပြီဆိုတာနှင့် မင်းသား အိပ်ရာအထကို စောင့်ပြီး မျက်နှာသုတ်ပဝါပေးတဲ့လူနှင့်၊ သွားတိုက်တံနဲ့သွားတိုက်ဆေး ယူပေးရတာနှင့်၊ မင်းသားအကြိုက် လက်ဖက်ရည်ကျောက်ပန်းတောင်း ဝယ်ပေးထားသူနှင့် ထမင်းကြော် ကြော်ပေးရတာနှင့် မျက်စိနောက်လောက်အောင်ကို အကဲပိုကြသည်။

သူတို့ကသာ ဝီရိယ ပိုနေတာ. . ဟိုကောင်ကဖြင့် နေလုံးသူ့ဖင်ထဲဝင်တာတောင် ထနိုင်တာ မဟုတ်ပါ။ မင်းသားတော့ မင်းသားပဲ. . ဒါပေမယ့် သူက နောက်ထွက်မင်းသားတဲ့လေ. .။

နောက်တစ်ခုက မိုးသောက် မျက်နှာသစ်ပြီး လိမ်းလိမ်းနေ





တဲ့ ဆေးရည်ကို အမွှာနှစ်စုံက သိပ်သိချင်ကြသည်။ ကျွန်တော့်ကို ခဏခဏပြောနေတာက

'ရှီးဂုဏ်. . မိုးသောက်လိမ်းတဲ့ ဆေးရည်လေးက ဘာလဲဟင်. . သူပြောတော့ အသားအရေလှအောင် လိမ်းရတာဆိုပဲ. . ငါ့မျက်နှာကို ကြည့်ပေးပါဦးဟယ်. . တင်းတင်းရင်းရင်းလေးရှိပါသေးတယ်နော်'

ဂန္ဓမာက အားတက်သရောမေးတော့ ယုဇနက

'မျက်လုံးအောက်မှာ တွေ့လား. . သဘာဝမျက်မှန်က ထွက်လာပြီ. . အသားအရေလေးဘာလေး ဂရုစိုက်ဦးလေ'

'အမယ်. . နင့်အသားအရေကမှ ခြောက်သွေ့နေတဲ့ဥစ္စာ'

'အမယ်လေး. . . တစ်လတစ်ကြိမ် ပေါင်းတင်ထားတာ. . ဘယ်လိုလုပ်ခြောက်ရမလဲ. . ဒီလောက် စိုရဲနေတာများ'

ဒီလိုနှင့်ပဲ ရန်ပွဲတွေ ဆက်သွားပြန်သည်။ ကြားထဲက နားညည်းမခံနိုင်တဲ့ ကျွန်တော်က မိုးသောက်ကို မေးပေးရပါသည်။ သူပြောတာက Toner ဆိုပဲ။ သိသွားတော့လည်း အငြိမ်မနေပါ။ ဂန္ဓမာတို့အတွဲက ရန်ကုန်မှာ ကျောင်းတက်ဖူးတော့ နာမည်ကြားတာနှင့်တင် သိနေပြီး ယုဇနတို့အတွဲက မသုံးဖူးတော့ ကျွန်တော့်ကိုရှာဝယ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပါသည်။ အဲဒီမှာ စ,တွေ့တော့တာပဲ။

မြို့ထဲက စတိုးဆိုင်လေးတစ်ဆိုင်မှာ ကျွန်တော်ဝင်မေးပေးသည်။ ဆိုင်ရှင်အဒေါ်ကြီးက ဘာယူမလဲဟု သုံးခါတိတိမေးသည်။ ကျွန်တော်ကလည်း Toner ဟု သုံးခါတိတိဖြေရသည်။ အဒေါ်ကြီးက ဟိုရှာ ဒီရှာ လုပ်ပြီး ဘူးသေးလေးတစ်ဘူးကို ယူလာပေးသည်။ Dettol လို့ ဘူးပေါ်မှာရေးထားသည်။ မြင်တော့ မြင်ဖူးသလိုရှိသား၊ ဒါနဲ့ သေချာအောင် အဒေါ်ကြီးကို ထပ်မေးကြည့်တော့. .

'အဒေါ်ကြီး. . . ဒီဟာက Toner သေချာလား'

'နှစ်ထောင့်ရှစ်ရာ ကျတယ်'

တဲ့။ ကောင်းရော. . အမေးတခြား အဖြေတခြားနှင့် နားများ လေးနေသလား မသိပါ။

သူ ပြောသလို နှစ်ထောင့် ရှစ်ရာ ပေးပြီး ယူလာခဲ့ရသည်။ အိမ်ရောက်တော့ ယုဇနနှင့်သစ်ခွက အလုအယက်ကိုလော်ယူကြသည်။ ဘယ်မှာ ပြဿနာ စ,တက်သလဲဆိုတော့ မျက်နှာသစ်ပြီး သူတို့မျက်နှာမှာ မိုးသောက်လိမ်းသလို ဝါဂွမ်းမှာ ဆေးရည်ဆွတ်ပြီး သုတ်လိမ်းကြသည်။ အိုး. . ဘာပြောကောင်းမလဲ. . တစ်အိမ်လုံးမှာ Dettol အနံ့တွေ တထောင်းထောင်း ထ,လို့။ မိုးသောက်က ဘာမေးတယ်





ထင်သလဲ။

'မင်းတို့အိမ်သာမှာ ဆေးဖျန်းထားတယ်နဲ့တူတယ်. . အနံ့ကြီးက အော်ဂလီဆန်စရာကြီး'

တဲ့။ ကျွန်တော့်နှာခေါင်းက ရှုံ့ပွရှုံ့ပွဖြစ်လာပြီးနောက် မိုးသောက်အား

'ဟေ့ကောင်. . D.e.t.t.o.l ဆိုတာ ဘာအဓိပ္ပာယ်လဲကွ'

'အေးလေ. . ငါ အခုနက ပြောတဲ့ဟာပေါ့၊ မင်းက ဒါလေးတောင် မသိဘူးလား'

'သွားပါပြီကွာ'

ကျွန်တော့်မှာ ယုဇနနှင့်သစ်ခွထံ အမြန်ပြေးပြီး ရေချိုးခိုင်းရသည်။

ယုဇနက

'ရိုးဂုဏ်ရေ. . နင်ဝယ်လာတဲ့ Toner က အနံ့လေးတစ်မျိုးပဲနော်'

'ဟုတ်တယ်. . အဲဒီအနံ့ကြောင့်ပဲ ရေမြန်မြန်ချိုးလို့ ပြောနေတဲ့ဟာ'

သစ်ခွက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအနံ့လေး ငါကြိုက်တယ်ဟဲ့. . တစ်မျိုးလေး'

ဪ. . စိတ်နှယ် တော်တော်ညစ်ရပါလား၊ ဒီအစ်မတွေ များ အရိပ်ပြလို့လည်း အကောင်မထင်။

ယုဇနက ရေချိုးခန်းထဲ ဝင်မည့်အရေး မဝင်သေးဘဲနှင့် ရိုးဂုဏ်ကို အောင်သွယ်လုပ်နိုင်းပါသည်။

'မောင်လေး မမ ဘယ်လောက်ထိအပျိုစစ်သလဲဆိုတာ နင့်သူငယ်ချင်းကို သိသိသာသာရော မသိမသာပါ ပြောပြပေးနော်၊ဒီခေတ်ကြီးထဲမှာ ဒီလို တန်ဖိုးရှိတဲ့အပျိုစင်ဆိုတာ ထမင်းထုပ်ရှက်ပြီး လိုက်ရှာတောင် ထမင်းပဲ သိုးသွားမယ် တွေ့မှာမဟုတ်ဘူးဟဲ့'

သူပြောတာကို နှာခေါင်းပိတ်ပြီး နားထောင်နေရသည့် ဒုက္ခက မသေးလှ။ သစ်ခွက

'ရိုးဂုဏ် သူပဲ အပျိုစစ်တာကျနေတာပဲနော် မမလည်း စစ်တာပဲ. . လုံးဝ ရေမရောဘူး ဟဲ ဟဲ'

'အေးပါ. . ငါ့အစ်မတွေ ရေမရောမှန်း သိပြီးသား. . လောလော ဆယ် ရေအရင်ချိုးလိုက်. . သွား. . လိမ္မာတယ်'

သူတို့တွေ ရေချိုးခန်းထဲ ကိုယ်စီဝင်သွားမှ ကျွန်တော့်မှာ ဟင်းချနိုင်တော့သည်။ ဒါတောင် မိုးသောက် ဒီနေ့ပြန်မယ် ဆိုတာ





သူတို့တွေကို အသိမပေးရဲ။ ခဏနေရင် မိုးသောက်ကို သူတို့ဇာတ်အဖွဲ့တွေရဲ့စုရပ်ဆီကို လိုက်ပို့ပေးရတော့မှာ။

သူ့ကို ဆီလေးတစ်ပုံးလောက် ပေးလိုက်ချင်ပေမယ့် သိပ်တော့ မသထာပါ။ ဒီကောင့်မှာက အစ်မလည်း မရှိ နှမလည်း မရှိတော့ ပေးချင်စရာမှ မရှိတာနော်။ တစ်ပတ် ဆယ်ရက် အိမ်ပေါ်မှာ အလကားတင်ကျွေးထားတာတောင်မှ လွန်လှပြီ။

■

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

အဖေသောက်တဲ့ Contraceptic (ပဋိသန္ဓေတားဆေး)

သာယာဝတီမြို့၌နေထိုင်သော အဖေ့ညီ(ကျွန်တော့်ဦးလေး) သည် ပြည်သို့ အလုပ်ကိစ္စဖြင့် လာရင်း မတွေ့တာကြာပြီဖြစ်သော အမြွာတူမများနှင့် သူ၏ specialအချစ်တုံးကြီး ဖြစ်သော တူလေး ရိုးဂုဏ်ကို လာတွေ့လေသည်။

အဖေက သူ့ညီလာတဲ့အတွက် အလွန်ပင် ပျော်နေပုံ ရပါ သည်။ ဟင်းကောင်းကောင်းချက်ဖို့ဆိုပြီး အချိန်မီ ဈေးသို့ပြေးလေ သည်။

အမေက လေးလေးထွန်းကို စ,သည်။

'မောင်ထွန်းတို့များ ယေါ်မလာ အတော်ကြာပြီနော်. . ဒါနဲ့ မင်းမိန်းမရော နေကောင်းရဲ့လား'





လေးလေးထွန်းက သူ့လက်နှစ်ဖက်ကို ဗိုက်ရှေ့မှာ ဝိုင်းပြ သောအခါ အမေက တအံ့တသြဖြင့်

'ဟဲ့. . နောက်တစ်ဗိုက်လား'

ဟုမေးတော့ လေးလေးထွန်းက စပ်ဖြဲဖြဲလုပ်နေသည်။ စပ် စုမ လေးယောက်က တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ထင်မြင်ချက် တွေ ပေးနေသည်။

ဒါက နောက်ဆုံးရတဲ့သတင်း မဟုတ်ပါလား။

'လေးထွန်းမိန်းမက သွေးဆုံးပြီ ထင်နေတာ'

'ဟဲ့ မဆုံးသေးလို့ပေါ့. . ငါတို့နဲ့ အပြိုင်ပဲနော် ဟီ. . ဟီ'

'အိုမှသီးတဲ့ အိုသီးလေးတော့'

'အမယ်. . အိုသီးကမှ ဉာဏ်ကောင်းတာတော့'

လေးထွန်းမျက်နှာက တဖြည်းဖြည်း ရဲလာသည်။ ရှက်ခြင်း ၏သင်္ကေတမို့ အမေက

'ဟိုအမြွာလေးကောင် တော်တော့. .၊ ဒီမှာ နင်တို့ဦးလေး အနေရခက်နေပြီဟဲ့. . မောင်ထွန်းရေ မင်းတူနဲ့ စကားပြောပြီးနေခဲ့ ဦး၊ တို့သားအမိတွေ မီးဖိုချောင်ဝင်လိုက်ဦးမယ်၊ တော်ကြာ ဖိုးပါကြီး ဈေးဝယ်ရာက ပြန်လာတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ် အစ်မ. . ကျွန်တော့်များ ညွှဲ့သည်မှတ်လို့'

ကျွန်တော်က လေးထွန်းရှေ့ကို ကောက်ညှင်းပေါင်းနှင့် ငါးရံ့ခြောက်မီးဖုတ်ကို ဆီဆမ်းထားသောပန်းကန်ကို တိုးပေးလိုက်သည်။ ရေနွေးကြမ်းပူပူတစ်ခွက်ကို ကရားထဲမှ ငှဲ့ထည့်ပေးရင်း

'လေးထွန်း ဒေါ်လေးမေက ဘယ်တော့လောက်မွေးမှာလဲ'

'ဒီမိုးတွင်းလို့ ပြောတာပဲ'

'လေးထွန်းကလည်းဗျာ. . ဒီအရွယ်ကြီးကျမှ ကလေးပြန်ချီရမှာ ပျင်းစရာကြီး'

'ငါလည်း ဘယ်သိမလဲကွ အမယ်. . အမယ်. . မင်းက ငါ့ပဲ ပြောနေ. . မင်းအဖေတုန်းကရော. . မပြောချင်တော့ဘူး ပြောရင် အတင်းဖြစ်ဦးမယ်'

'လေးထွန်းက ဒီလိုကြေးလား၊ ကဲ. . ပြောနော် မပြောရင် ကလိထိုးမှာဗျ'

ကလိထိုးရင် ခါးအရမ်းယားတတ်သော လေးထွန်းက

'ဟေ့ကောင်. . မလုပ်နဲ့လေ လူကြီးကို၊ ငါပြောပြမယ်ကွ နေဦး မင်းအဖေက ငါ့ကို ဘယ်သူ့မှမပြောရဘူးလို့ ဓားကြိမ်း ကြိမ်းထားတာ'





'အဖေ့ကိုပြန်မပြောပါဘူးဆိုမှ လေးထွန်းကလဲ ဈေးကိုင်နေပြန်ပြီ'

လေးထွန်းက ကောက်ညှင်းပေါင်းလေး စားလိုက်. . ငါးရံ့ခြောက်လေး စားလိုက် လုပ်ပြီးမှ

'ဒီလိုလေကွာ မင်းအဖေက သမီးအမွှာတွေချည်း နှစ်ကြိမ်ဆက်တိုက် မွေးလာတော့ နောက်ထပ် ကလေးယူရမှာ ကြောက်လာတယ်၊ ဒါပေမယ့် သားယောကျ်ားလေးကျတော့ အလွန် လိုချင်ရှာတယ်၊ သူ့ကို ဘယ်သူကများ အကြံပေးလိုက်သလဲ မသိပါဘူး၊ ဆေးဆိုင်မှာ ဆေးသွားဝယ်သတဲ့. . ဟိုက စားဆေးကဒ်လေးတွေ ရောင်းပေးပြီး စားပုံ စားနည်းပါ ညွှန်လိုက်တယ်ဆိုပဲ၊ အဲဒါ မင်းအဖေက သူ့မိန်းမ မသိအောင် ခိုး ခိုးပြီး သောက်တာ'

'လေးထွန်း အဖေက ဘာဆေးတွေ သောက်တာလဲ'

'အဟီး. . အဲဒါကြီးပြောရမှာ ငါ ရယ်ချင်လွန်းလို့ ဟိုဟာလေ လက်ညှိုးလေးတွေ ထိုးထိုးပြီးပြထားတဲ့ဆေးကဒ်တဲ့ ဒီလောက်ဆို မင်း သဘောပေါက်ပါပြီ'

'အဖေ့နှယ်ဗျာ ဟား ဟား'

ကျွန်တော် မအောင့်နိုင်တော့။ အော်အော်ပြီး ရယ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ အဖေ့လောက် အ,တဲ့သူ ဒီကမ္ဘာမှာ ရှိမယ် မထင်ပေါင်။ လက်ညှိုးလေးတွေ ထိုးတဲ့နောက်ကို လိုက်လိုက်သောက်ရင်း အမေ့ ခမျာ ဗိုက်ကလေး ပူပူလာရောတဲ့။

'လေးထွန်း. . ဆက်ပြောပါဦး၊ အဖေ ဘာဖြစ်သွားသေးလဲ'

'မင်းအဖေကလေ. . ဆေးရောင်းတဲ့ဆိုင်ကိုပြန်သွားပြီး ရန်တွေ့သေးတယ်ဆရာ၊ ဟိုကောင်မလေးတွေက ဦးလေးတို့ သောက်တာ မှားလို့ဖြစ်မှာပေါ့လို့ ပြန်လည်းပြောရော. . မင်းအဖေဒေါသက တိုင်ထိပ်ထိရောက်လာတော့တာပဲ. . ဘာလို့မှားရမှာလဲ. . နင်တို့ ပြောသလိုပဲ လက်ညှိုးကလေးတွေနောက် တောက်လျှောက်လိုက် သောက်လာတာ၊ ငါ့မိန်းမဗိုက်က ဘာကိစ္စပူလာရသလဲတဲ့၊ အဲဒီတော့မှ ကောင်မလေးတွေက ရိပ်မိသွားတာ၊ နေပါဦး. . ဒီဆေးက ဦးလေး သောက်တာလား၊ ဦးလေးမိန်းမ သောက်တာလားလို့ မေးတော့ မင်း အဖေက ငါသောက်တာပေါ့ကွလို့ စိတ်ဆိုးမာန်ဆိုးနဲ့ဖြေတယ်တဲ့'

'ဟိုကောင်မလေးတွေ ဝိုင်းရယ်ရောလား'

'ဒါပေါ့'

'ဟား. . ဟား. . ဟား'

ဒုတိယအကြိမ် ကျွန်တော် ရယ်မိပြန်သည်။ လေးထွန်းက





'ဟော့ကောင် ရယ်မနေနဲ့ကွ. . ၊ အဲဒီလက်ညှိုးလေးတွေကို မင်းကျေးဇူးတင်ရမှာနော်. . မင်းအဖေ မသောက်ဘဲ မင်းအမေ သောက်မိရင် မင်း လူဖြစ်လာမှာမဟုတ်ဘူး၊ နားလည်လား'

'အဖေက ရေလည် ဟားရတယ်နော်. . . မသကာ လက်မောင်းက ကြွက်သားကြီးညှစ်ပြနေတဲ့ ဆေး သောက်ရင်တော်သေး'

'မသောက်ဘဲနဲ့တောင်မှ နှစ်ယောက်တွဲတွေ ထွက်နေတာ၊ သောက်များ သောက်မိရင် ငါးမြွာပူးမမွေးဘူးလို့ မင်းပြောနိုင်မလား'

'ဒါလည်း ဟုတ်တာပဲ'

အမေထွက်လာသဖြင့် လေးထွန်းနှင့်ကျွန်တော် စကားစ ပြတ်သွားပါသည်။ တွေးတွေးပြီး ရယ်ချင့်စိတ်ကို မနည်းကြီး မျိုချထားရသည်။ အမေကတော့ ဘာမှမသိရှာပါ။

'မောင်ထွန်းရေ. . ရေချိုးချည်တော့၊ ပြီးရင် ထမင်းစားလို့ ရပြီ'

'ဘာဟင်းတွေချက်သလဲ အမေ'

'ငါးခေါင်းနဲ့ဒန့်သလွန်သီးချဉ်ရည်ဟင်းရယ်၊ ငပိသုတ်ရယ်၊ ပုစွန်မဆလာချက်ရယ်၊ ကြွက်ကုန်းဘောင်ကြီးကြော်ရယ့် ချက်ထား တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဂွတ်ဒ်တယ်ဗျာ. . . ကျွန်တော်လည်း ရေသွားချိုးလိုက်ဦးမယ်. . လေးထွန်း လာလေ. . ငယ်ငယ်တုန်းကလို ရေအတူတူချိုးရအောင်'

'မင်းနဲ့တော့ အတူတူမချိုးချင်ပေါင်၊ ငါ အရင်းရှုံးတယ်ကွ'

'လေးထွန်းနော်. . ကျွန်တော် လူကြီးဖြစ်လာပါပြီ'

'ဟော. . လူကြီးဖြစ်လာပြီ. . ဟုတ်လား'

လေးထွန်းက တကယ့်ကိုရွတ်နောက်နောက်သမား။

အမေက

'ဟယ်. . ဒီတူဝရီးတွေ၊ ဦးလေးကလည်း ပေါတောတော၊ တူဖြစ်သူကလည်း ရှူးပေါ်ပေါ်နဲ့ တကယ်ပါပဲ'

လေးထွန်းကို အဖေက ဘယ်သူ့မှ မပြောရဘူးတဲ့။ လေးထွန်းကလည်း ပါးစပ်လုံပါတယ်၊ ဘယ်သူ့မှမပြောပေမယ့်. . သူ့တူအချစ်ဆုံးလေးကိုပဲ ရွေးပြီး ပြောပြသွားတာ။ အဲဒီတူ(ကျွန်တော်)ကလည်း ဘယ်သူ့မှမပြောပါဘူး၊ အမြွာလေးယောက်ကိုပဲ ပြောမိတာပါ။ နောက်ဆုံးကျတော့ အဖေ့ကိုတွေ့ရင် သားသမီးငါးယောက်လုံးက ရယ်ချင်နေရောလေ။

■



## ကျွန်တော့်ရဲ့ First Love ဆောင်းနှင်းပွင့်

ကျွန်တော့်နှလုံးသားက လိုအပ်တောင့်တနေတဲ့ အချစ်ဆိုတဲ့အရာကို အဲဒီကောင်မလေး(ဆောင်းနှင်းပွင့်)ကို စ,တွေ့လိုက်ချိန်မှာပဲ ပထမဆုံးအကြိမ်အဖြစ် ရင်ခုန်မိပါတယ်။ နှလုံးသားNote Book လေးထဲမှာ အချစ်ဘောပင်လေးနဲ့ကမ္ပည်းတင်လိုက်သူက ကျွန်တော့်ရဲ့ဆောင်းနှင်းပွင့်လေးပေါ့။

သူက ကျွန်တော်တို့မြို့မှာ စတိုးဆိုင်လေး ဖွင့်ထားပြီး ရုပ်ကလေးက ဗမာဆန်ဆန်လေး ယဉ်တော့. . သူ့ဆိုင်လေးက တော်တော်ကြီးကို ရောင်းကောင်းတာ (သိတယ်မဟုတ်လား လာဝယ်တဲ့သူတွေက ကျွန်တော့်လို ရှိတ်စပီးယားတွေပဲလေ. . ) ပြီးတော့ သူက သဏ္ဍာဝင့်ကျော့နဲ့တောင် ဆင်ဆင်လေးတူသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နဲ့ စစ်ဖြစ်ထားတဲ့ ကျွန်တော်ဆိုတဲ့ကောင်က ဒီလို ကိစ္စတွေမှာ လက်မသွက်ပါဘူး။ရှင်းရှင်းပြောရရင်တော့ မူကြိုအဆင့် သာသာပဲ ရှိတာ။

သူ့ကို ကျွန်တော်ကြိုက်တာတော့ အသေကြိုက်တယ်. . ဒါပေမယ့် ရှေ့လည်း မတိုးရဲဘူး၊ နောက်လည်း မဆုတ်ချင်နှင့် ကျွန်တော့်မှာ ဂေါက်တောက်တောက်ကိုဖြစ်လို့။

ဘာနဲ့တူသလဲဆိုတော့ ကားစထွက်ဖို့ first ဂီယာ ထိုးပြီးမှ ဘရိတ်အုပ်ပြီး ရပ်နေရသလိုပဲ။

ကျွန်တော့်မှာ သူ့မျက်နှာလေးကို အနီးကပ် မြင်ချင်လွန်းတော့ အကြောင်းမရှိ အကြောင်းရှာပြီး သူ့စတိုးဆိုင်မှာ နေ့တိုင်းအားပေးနေမိတော့တာ။

အလိုက်တသိနဲ့ အစ်မကြီး ကြိုက်တတ်တဲ့ နေကြာစေ့တွေ၊ တူးမမ ကြိုက်တတ်တဲ့ ဆီးထုပ်တွေ၊ သနီးမမကြိုက်တဲ့ ချောကလက်တွေ၊ ဖိုးမမ ကြိုက်တဲ့ ဝေဖာမုန့်တွေကို အလကား ဝယ်ကျွေးတာ တောင်မှ သူတို့က အလိုက်ကန်းဆိုးမသိ. . ဘာပြောတယ် ထင်သလဲ. . နောက်တစ်ခါသွားရင် Eva သုံးထုပ်လောက် ဆွဲခဲ့ပေးပါ၊ ဈေးသွားရ ပျင်းလို့တဲ့. . . ကြည့်ဦး. . ကိုယ်ကြိုက်နေတဲ့ကောင် မလေး





ရှေ့မှာ Eva သွားဝယ်စရာလား၊ ဟိုက ဘယ်လို ထင်သွားမလဲ၊ ဒီအစ်မ ်လေးယောက်ကိုတော့ တကယ်လန်တယ်ဗျာ။

ဆောင်းနှင်းပွင့်က ကျွန်တော့်ရဲ့အနာဂတ်၊ ကျွန်တော့်ရဲ့ဘဝ၊ ကျွန်တော့်ရဲ့အိပ်မက်ဖြစ်နေတော့ အချစ်ကပေးတဲ့ သတ္တိတွေနဲ့ ကျွန်တော် သူ သွားလေရာ အနောက်က တကောက်ကောက် လိုက်တော့တာပဲ၊ တကယ်ပြောတာဗျ မယုံမရှိကြနဲ့၊ ကျွန်တော် မလိုက်တဲ့နေရာဆိုလို့ မိန်းကလေးအိမ်သာပဲရှိတာ။ (ဒါတောင်မှ မကောင်းတတ်လို့)

ချစ်နေတော့လည်း အပြစ်ရှာလို့ကို မရဘူး။

သူ သမ်းနေရင်လည်း လှတာပဲ၊ ပါးစပ်ဟောင်းလောင်းလေးနဲ့လေ၊ ဟတ်ချိုးချေရင်လည်း လှတာပဲ. . ဘာလေးပဲ လုပ်နေနေ လှနေတာပဲလေ. . . နည်းနည်းများ over ဖြစ်နေပြီလား မသိဘူးနော်။

အဲသလို တစ်လလောက် သူ့နောက်ကို တောက်တဲ့ကပ်သလိုကပ်လိုက်တော့ သူကလေ ကျွန်တော့်အတွက်နဲ့ သူ့ကိုယ်သူသတိသေရဲတဲ့အထိ တိုးတက်လာရောဆရာ. . မိန်းကလေးတွေက တော်တော်နားလည်ရခက်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့. . ထုံးစံအတိုင်း ကျွန်တော် သူ့အနောက်က ကပ်လည်း လိုက်သွားရော သူက

'ဟဲ့. . တောက်တဲ့လိုကောင်၊ နင် ငါ့နောက်ကို ဆက်လိုက်ရဲရင် လိုက်ကြည့်စမ်း၊ ငါကိုယ်ငါ သတ်သေပစ်လိုက်မယ်နော် ဘာမှတ်နေသလဲ'

လို့. . ရက်ရက်စက်စက်ကို ပြောတာဗျ။ စဉ်းစားကြည့်လေ မလိုက်စေချင်ရင် အစောကြီးကတည်းက ပြောလည်း ရရက်သားနဲ့ မျှော်လင့်ချက်တွေ ပေးပြီး လိုက်ခိုင်းပြီးမှ. . ဆက်လိုက်ပြန်ရင် ကျွန်တော့်ကြောင့် သူ့ဟာသူ သတ်သေသွားရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်တော့မှာ။

ကျွန်တော့်ရဲ့ first love လေး သတ်သေမှာစိုးလို့ Back ဂီယာထိုးပြီး နောက်ဆုတ်ခဲ့ရပါတယ်။

■



## ကျွန်တော့်ရဲ့ Second Love မို့မို့ဦးဆွေ

လူမသေသရွေ့ အချစ်လည်း သေမသွားဘူးဆိုတာ မို့မို့ဦးဆွေကို တွေ့လိုက်တော့မှ သိခဲ့ရတယ်။

သူ့အဖေ ဦးဆွေက ဂျာနယ်အစုံရောင်းတော့ သွား သွား ဝယ်ရင်းနဲ့ သူ့ကို တွေ့တာ။

သူ့ကိုလည်း ကျွန်တော့်ရဲ့ အနာဂတ်၊ ကျွန်တော့်ရဲ့ ဘဝ၊ ကျွန်တော့်ရဲ့ အိပ်မက်လို့ ထင်တာပါပဲ. . . တစ်ပြားမှ လျှော့မသွားဘူး။ ဆောင်းနှင်းပွင့်တုန်းကလို ချစ်တယ်၊ အရိပ်တကြည့်ကြည့်လုပ်နေချင်တယ်၊ ရင်မှာ သူ့အတွက် အမြဲတမ်းကြွင်နာနေတော့ ရင်ခုန်သံချင်း ချိတ်ဆက်မိဖို့ ကြိုးစားမိတာ. . ကျွန်တော့်အပြစ်မှ မဟုတ်တာ။ ပထမအချစ်နဲ့ ရည်းစားမဖြစ်ဘဲ လူမသိသူမသိတိတ်တိတ်ပုန်း



www.burmeseclassic.com

www.burmeseclassic.com



. . အဲလေ. . တိတ်တိတ်လေး အသည်းဟက်တက်ကွဲခဲ့ရတာ ဘယ်သူသိတာ မှတ်လို့. . . ကျွန်တော်ပဲ သိတော့ ကိုယ့်ဟာကိုယ် သနားလိုက်တာ။

ဒုတိယအချစ်နဲ့တွေ့တော့ အမေက ပွစိပွစိလုပ်ပါလေရော။

'ရိုးဂုဏ်. . နောက်ထပ် ဂျာနယ်တွေ ထပ်ဝယ်လာရင် နင် အိမ်ပေါ်က ဆင်းရတော့မှာပဲ၊ ဘယ့်နှယ်တော် တစ်အိမ်လုံး ဂျာနယ်တွေချည်းပဲ၊ လူကို နေစရာမရှိတော့ဘူး'

ကျွန်တော်လည်း တွေ့ရာလူကို လွှဲချလိုက်တာပေါ့။ ဘယ်ရမလဲ ကိုယ့်ခေါင်းလွတ်ရင် ပြီးတာပဲဟာ။

'အဖေနဲ့သူ့သမီးတွေကိုပြောပေါ့ အမေရဲ့. . သားက စေတနာနဲ့ ဝယ်လာပေးတာ၊ အဖေကကျတော့ ဘောလုံးဂျာနယ်တဲ့. . အစ်မတွေကတော့ အချစ်တဲ့၊ အလင်းတန်းတဲ့၊ Good Healthတဲ့၊ ပြည်မြန်မာတဲ့၊ ဈေးကွက်တဲ့. . ဂျာနယ်တွေက နေ့တိုင်းထွက်နေတာများ၊ ထုတ်တဲ့သူတွေကျ အပြစ်မပြောဘူး'

အမေ ဆက်မပြောနိုင်တော့ဘူး။ ပြောချင်စိတ် ကုန်သွားလို့ ပါးစပ်ပိတ်သွားတာလားတော့ မသိဘူး။

ဒီတစ်ခါတော့ အသည်းကွဲ မခံနိုင်တော့ဘူး။ သူငယ်ချင်း





တွေနဲ့တိုင်ပင်တော့ သူတို့က အကြံပေးတယ်. . အမှန်က အဆင်းမှာ တွန်းချပေးလိုက်တာ။

'ရိုးဂုဏ်ရေ. . မိန်းမတွေက ကြင်နာတတ်ကြတယ်ကွ၊ မင်းသူနဲ့ မြန်မြန်ရင်းနှီးချင်ရင် သူ့ဆီက ပိုက်ဆံသွားချေးကွာ'

'ပါးရိုက်လွှတ်ရင် ဘယ်လိုလုပ်မလဲ'

'မရိုက်စေရဘူးကွာ. . မယုံရင် မင်းလိုက်ချေးကြည့်'

ကျွန်တော် သူတို့စကားကိုယုံပြီး မှီမှီ့ဆီမှာ ပိုက်ဆံချေးမိပါတယ်။ အဲဒီနေ့က. . ဆိုင်မှာ သူ့အဖေ ဦးဆွေ မရှိဘူး။ ဂျာနယ်ဝယ်ပြီး မပြန်သေးတဲ့ ကျွန်တော့်ကို မှီမှီက အထူးအဆန်းတစ်ကောင်လိုကြည့်ပြီး

'ရှင် ဘာဂျာနယ်ယူဦးမလို့လဲ. . ထွက်သမျှ ဝယ်ပြီးပြီလေ'

ကျွန်တော်က အရဲစွန့်ပြီး

'မှီမှီ. . ကျွန်တော့်ကို ပိုက်ဆံနည်းနည်းလောက် ချေးပါလား'

သူက မျက်လုံးကြီး ပြူးပြီး ကြည့်တယ်. . . ကျွန်တော့်ပါးတောင် နည်းနည်းယားလာသလားလို့။

'ချေးတာက ဟုတ်ပါပြီ၊ ရှင်က အတိုးပေးမှာလား'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မဗျာနဲ့လေ. . ဘယ်အရာမှ အလကားမရဘူး. . သိတယ် မဟုတ်လား'

'အတိုးပေးဆို ပေးပါ့မယ်ဗျာ'

မှီမှီက လက်ချောင်းငါးချောင်းကို ထောင်ပြပြီး

'ငါးကျပ်တိုးပဲနော်. . ဘယ်လောက်ယူမှာလဲ'

'တစ်သောင်း'

လို့ ကျွန်တော်က ပြောတော့

'တစ်သောင်းဆို ချေးမနေတော့ဘူး. . အတိုးက နည်းနည်းလေးပဲ ရမှာ၊ အလုပ်ရှုပ်တယ်. . မသကာ တစ်သိန်းဆို တော်သေး'

ဒီနေရာမှာ မိန်းမတွေရဲ့လောဘကိုတွေ့လိုက်ရတယ်။ အတိုးမက်ပြီး 420 နဲ့တိုးမှ မျက်ရည်ကျမှာ မြင်ယောင်သေး။

ကျွန်တော်လည်း သူ စိတ်မပြောင်းခင် တစ်သိန်း မြန်မြန် ချေးလိုက်ရပါတယ်။

'တစ်သိန်းယူဆိုလည်း ယူပါ့မယ်'

'အတိုးတော့ မှန်မှန်ပေးနော်. . နေ့ကျော်သွားရင် နေ့တွက်နဲ့ပေးရမယ်'

အရေးထဲ ချစ်တီးမနဲ့ တိုးနေသေးတယ်။ ဒါပေမယ့်လည်း





အပြစ်လို့ မမြင်ရက်ပါဘူး။ ကျွန်တော်က သူ့ကို I love you လုပ်ချင်နေတာကိုး။

Ending (ဇာတ်သိမ်း)လေးကို သိချင်နေပြီ မဟုတ်လား။ ဟုတ်ကဲ့. . ကျွန်တော် ပြောပြပါ့မယ်။

ကျွန်တော့်ရဲ့ဒုတိယအချစ် လေးကတော့ ဆောင်းနှင်းပွင့်လို မဟုတ်ဘူးဗျ။ သူက ကျွန်တော်နဲ့ အတူတူ သေချင်တာ တဲ့. . သိပ်အချစ်ကြီးတဲ့ မိန်းမ၊ ကျွန်တော့်ကို မဟုတ်ဘူး. . သူ့ပိုက်ဆံကို သူချစ်တာ။

ကျွန်တော် တုပ်ကွေးဖြစ်တယ်ဗျာ. . . တစ်ပတ်လောက် အိပ်ရာထဲ လဲနေတာ။ သူ့ကို သတိရပေမယ့် အတိုးပေးရမယ့်နေ့ကိုတော့ မေ့သွားတယ်လေ. . အဲဒါ မမချောက အိမ်အထိလိုက်လာပြီး

'ကျွန်မပိုက်ဆံတွေ ပြန်ပေး. . မပေးရင် ရှင်နဲ့အတူတူလိုက်သေပစ်လိုက်မယ်၊ နောက်ဘဝအထိ အကြွေးလိုက်တောင်းမယ် ဘာမှတ်နေသလဲ'

သူ ကျွန်တော်နဲ့အတူ လိုက်သေချင်တဲ့အကြောင်းရင်းကို သိပြီ မဟုတ်လား။ တော်တော်ချစ်ဖို့ကောင်းတဲ့မိန်းမ. . အဲဒီမှာ ကျွန်တော့်ရဲ့တူးမမ ပုန်းညက်က ထုံးစံအတိုင်း ရိုးရိုးကြီးတွေးပြီး အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်. . ပိုက်ဆံတစ်သိန်းကို ပြေးယူလာပြီး. .

'မောင်လေး. . ရော့. . သူ့ပိုက်ဆံ မြန်မြန် ပြန်ပေးလိုက်၊ အမယ်လေး. . ကြောက်စရာကြီး၊ ဒီတစ်ခါပဲ သရဲမချစ်တီးမကိုတွေ့ဖူးသေးတယ်'

'ရှင်က ဘာစကားပြောတာလဲ. . သူများသားသမီးကို မှိုချိုးမျှစ်ချိုးနဲ့'

သိတယ်မဟုတ်လား. . ကျွန်တော့်အစ်မတွေ စည်းလုံးကုန်ကြပြီး ကလော်တုတ်တော့တာပဲ။

ကျွန်တော်ကတော့ မှိုမှိုကလေးကိုပဲ သနားတယ်။ သူ့ခမျာ တစ်ယောက်တည်း မဟုတ်လား၊ အစ်မတွေ ကြားရင် ဝိုင်းသမကြမှာ မြင်ယောင်သေး။

'သူများအိမ်လာပြီး စော်ကားနေတာက နင်လေ. . ငါတို့က အိမ်ပိုင်ကားပိုင်နဲ့နေတဲ့အမျိုးဟဲ့၊ ကလေကဝ လမ်းဘေးက အုတ်ကြားမြက်ပေါက်တွေ မဟုတ်ဘူး၊ နေစမ်းပါဦး. . ပိုက်ဆံလေးတစ်သိန်းနဲ့ ငါ့မောင်ကို ဖာတ်လမ်းလာစ,တာ မဟုတ်လား'

မှိုမှိုဦးဆွေက ဆွေ့ဆွေ့ခုန်သွားပါသည်။ စကားတွေလည်း တောင်ရောက်မြောက်ရောက်တွေ ဖြစ်ကုန်ပြီ။





'အမယ်နှလေး. . ရှင်တို့မောင်လောက်တော့ မမှန်းသေးဘူး၊ ဆံပင်ကြားမှာ ဥနိုက်လို့ရတဲ့ဟာကြီးများ'

အစ်မလေးယောက် ခေါင်းချင်းဆိုင်ကုန်ကြတယ်။

'ဟဲ့. . သူ့စကားက ဘာကြီးလဲ၊ ငါ့မောင်ဆံပင်ကြားထဲက ဥကို နှိုက်ဦးမတဲ့'

'ခေါင်းပေါ်က ဆံပင်မှာ ဥမှမရှိတာ'

'သန်းဥကို ပြောတာလား'

ဘာသာပြန်တွေလွဲနေတာ. . ကြားထဲက ကျွန်တော့်မှာ နေရခက်လာတယ်။

မှိုမှိုက

'ရှင်တို့မောင်က ဘုတ်သိုက်မို့လို့ ဥထည့်ဥလို့ရတယ်လို့ပြောတာ၊ အတွေးချော်မနေကြနဲ့'

အစ်မတွေကလည်း တစ်ခွန်းမှမခံ ပြန်ပက်ကြသည်။

အမယ်လေး. . ငါ့မောင်များ ဘုတ်သိုက်တဲ့၊ ပြောရက်ပါပေ့ ညည်းထက် ဆယ်ဆသာတဲ့ မိန်းမကို ရှာပြီး ပေးစားပြမယ်. . စောင့်ကြည့်လိုက်ဦး'

ဒီတစ်ခါ အသည်းကွဲတာက ဆူဆူပူပူကြီး။ ကွဲရတဲ့သူတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖီလင်မလာတော့ဘူး။ ဒုတိယအချစ်ကလေးကိုလည်း နှုတ်ဆက်လိုက်ရပြန်ပြီပေါ့။

တစ်ယောက်မှ စပ်လို့ မထိဘူး။ တကယ်ငေါင်တယ်ဗျာ။ ကျွန်တော့်မျက်နှာပေါ်က ချစ်မွေးကလေး အမေ့ဗိုက်ထဲမှာ ကျန်ခဲ့တယ်နဲ့တူပါရဲ့။

■

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



## ကျွန်တော့်ရဲ့ Third Love နှင်းဥဖွေး

ကျွန်တော့်ရဲ့အချစ်တွေက ပင်လယ်ရေလိုပဲ။ ဘယ်တော့မှ ခန်းခြောက်မသွားတဲ့အတွက် တတိယအချစ်ကို ခလုတ်တိုက်ပြီးတွေ့ရပြန်ပြီ။

သူ့ကိုတွေ့တဲ့နေရာက (        )တေးသံသွင်းဆိုင်ရှေ့မှာ။ သူက အရင်နှစ်ယောက်လို မဟုတ်ဘူး။ ကျွန်တော်နဲ့သူ မျက်လုံးချင်းဆုံလိုက်တာနှင့် လှိုက်လှိုက်လှဲလှဲကို ပြုံးပြတော့တာ။ တော်တော်မျက်နှာထားချိုတဲ့ မိန်းကလေး။ အမေပြောနေကျစကားနဲ့ပြောရမယ်ဆိုရင် စီးပွားတက်မယ့် ရုပ်ကလေးပေါ့။

ကျွန်တော် ဒီလောက်မနုံဘူးလေ. . ချက်ချင်းပဲ ပြန်ပြုံးပြလိုက်တာပေါ့။ အဲဒီမယ် သူက



www.burmeseclassic.com

www.burmeseclassic.com



'ရှင့်နာမည် ဘယ်လိုခေါ်သလဲ'

တဲ့။ သူ့နာမည်မပြောဘဲ ကျွန်တော့်နာမည် ပြောစရာလား လို့. . . ယောကျ်ားလေးပဲ ဥစ္စာ. . နည်းနည်းတော့ မူရမှာပေါ့။ ကျွန်တော်က

'မင်းနာမည်ရော ဘယ်လိုခေါ်လဲ'

'နှင်းဥဖွေး. . ကျွန်မအမေနာမည်လည်း နှင်းဥဖွေးပဲ၊ ရှင့်အမေနာမည်ကော'

သူလည်း မစပ်စုလေးပဲ။

'ဒေါ်သိဂီတဲ့'

'ဒါဆို ရှင့်အဖေနာမည်က ဦးမောင်မောင်မဟုတ်လား. . မောင်မောင်နဲ့သိဂီလေ'

'မဟုတ်ပါဘူး. . ဦးသင်းနုံပါ'

ကျွန်တော့်အဖေနာမည် ဦးသင်းနုံဆိုတာကို သူက လက်မခံဘူးလေ။ အကျောက်အကန်ကိုငြင်းတာ။

'သိဂီ့ယောကျ်ားက မောင်မောင်ပဲ ဖြစ်ရမယ်. . ဦးသင်းနုံ မဟုတ်ဘူး'

ဘယ်လိုဟာလေးပါလိမ့်။ ကိုယ့်အဖေနာမည်တို ကိုယ့်ထက်





ပိုပြီး သူကပဲ သိရဦးမလား။ တစ်မျိုးတော့ တစ်မျိုးပဲ. . ခက်တာက ဘယ်လိုတစ်မျိုးလဲဆိုတာကို သရုပ်ခွဲလို့မရတာ။ ကျွန်တော်က သူ့ကို

'ဘယ်သွားမလို့လဲ'

လို့ မေးတော့ သူက ခေါင်းကို တစ်ပတ်လည်ပြီး ရှေ့နောက် ဝဲယာကြည့်ကာ

'ဘယ်သူ့ကိုမေးတာလဲ'တဲ့။

'ခင်ဗျားကို မေးတာလေ'

'ဪ. . အခွေလာဝယ်တာလေ၊ ဒီနေ့ ရဲလေးခွေအသစ်ထွက်မယ်ပြောလို့'

အမယ်. . သူက အလာသားဗျ။ ကြည့်ရတာ Melody(သံစဉ်တေးသွား)ချစ်သူလေး ထင်ပါရဲ့။

'ဖြူဖြူကျော်သိန်းအခွေရော ဝယ်ပြီးပြီလား'

'ဝယ်ပါဘူး. . နှင်းဥက မိန်းမအဆိုတော်မှမကြိုက်တာ'

ပြောပြောဆိုဆိုပဲ နှင်းဥက ဆိုင်ထဲကိုဝင်သွားပါတယ်။ ကျွန်တော်လည်း ထုံးစံအတိုင်း သူ့နောက်က လိုက်သွားတာပေါ့။ (ဒီနေရာမှာ တစ်ခုတော့ ပြောချင်ပါတယ်။ မိန်းကလေးတွေ့တိုင်း ကျွန်တော် မလိုက်ဘူးနော်။ ကိုယ်စိတ်ဝင်စားတဲ့သူမှလိုက်တာ) ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကျွန်တော်က ဟိုကြည့်ဒီကြည့် လုပ်ပြီး သူ့ကိုလှေ့လာနေတုန်း ဆိုင်က ကောင်လေးက သူ့လည်း တွေ့ရော ရဲလေးအခွေတွေ (အနည်းဆုံး ဆယ်ခွေလောက်တော့ ရှိမည်။) တစ်ထပ်ကြီးကို ထုတ်ပေးပါသည်။ ဘာသဘောနှင့်ပေးတာလဲ၊ ရုပ်ကလည်း မချိုမချဉ်ရုပ်။ ကြည့်ဦး. . နှင်းဥက ပိုက်ဆံလည်းမပေးဘူး။ ဘာလဲ အလကားပေးနေတာလား။ ဒါဆိုရင်တော့ ဒီကောင် လုံးဝ မရိုးသားဘူး။ ဒီကောင် နှင်းဥကိုများ ဖန်နေတာလား။

'စိုင်းစိုင်းခွေ အသစ်ထွက်တော့မယ် အစ်မ

'ငါသိသားပဲ. . အဲဒီနေ့အမီ ငါ ရန်ကုန်သွားမလို့၊ စိုင်းစိုင်းက သူ့အခွေဝယ်ရင် သူ့မွေးနေ့Showအတွက် မဲနှိုက်လို့ရတယ်တဲ့'

'သွားဝယ် အစ်မ၊ အစ်မလိုသာ ခွေတွေ အများကြီးဝယ်ရင် မဲတွေ အများကြီးနှိုက်ရမှာ၊ နောက်မကျစေနဲ့နော်'

နှင်းဥဖွေးက ဒီလိုပဲ အခွေတွေ အများကြီး ဝယ်တတ်သလား. . ဒါဆိုရင်တော့ အိမ်ကအစ်မတွေနှင့် ဖြစ်ပါ့မလား။ အိမ်ကဟာတွေက တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာသုံးနေကြတာ။

'ဟဲ့. . ခွေနာမည်က ဘာဂေါ်လီတဲ့လဲ'

'Ever ဂေါ်လီ အစ်မ'





'ဪ. . တောဂေါ်လီ၊ အဲဗားဂေါ်လီ. . နောက်ပြီးတော့ ဖန်ဂေါ်လီ လာဦးမယ်'

သူ့ဟာသူ တစ်ယောက်တည်း ဗျစ်တောက် ဗျစ်တောက် ပြောပြီးပြန်ထွက်သွားပြန်သည်။ ရုပ်ကလေးက တရုတ်မလေးတွေလို ဖွေးဖွေးလေးနဲ့ ချစ်စရာလေးဗျ။ ဒီလိုနှင့်ပဲ သူ့ကို ကျွန်တော့်အနာဂတ်၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်အိပ်မက်လို့ထင်လာပြန်ရော။

နှင်းဥဖွေးကို ကျွန်တော် လေ့လာကြည့်တော့ သူ့လောက် အပူအပင်၊ အကြောင့်အကြကင်းတဲ့သူမျိုး မတွေ့ဖူးပါဘူး။ တစ်ချိန်လုံး ရယ်နေတာပဲ. . သူ့ရဲ့သွားကလေးတွေ အအေးပတ္တမြားတောင် ကြောက်ရတယ်။

သူက အဲဒီတေးသံသွင်းဆိုင်ကို မကြာခဏဆိုသလို လာတတ်တယ်။ လာပြီဆိုရင်လည်း ခွေတွေကို အထပ်လိုက်ယူပြီး ပြန်သွားရော။

ဒီကောင်မလေးနဲ့ကျွန်တော်က လမ်းတွေ့၊ ပြုံးပြ၊ နှုတ်ဆက် ဒီထက် ဘာမှပိုမလာသေးဘူးပေါ့။

ဒါပေမယ့်. . သူက ထူးထူးဆန်းဆန်းလေးတွေတော့ သိပ်လုပ်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို အံ့သြသွားတာက တစ်နေ့ မိုးက ဖြန်းခနဲ ရွာချလိုက်တော့ သူက ထီးကို တစ်ချောင်းပြီး တစ်ချောင်း ထုတ်ဆောင်းတာဗျ။ စဉ်းစားကြည့်ဦး. . . ဘယ်မိန်းကလေးက အဲသလို ဆောင်းမှာလဲ။ အဲ. . နှင်းဥဖွေးကျတော့ ထီးနှစ်ချောင်းကို ဟိုဘက် ဒီဘက်ကိုင်ပြီး မွှေ့ရမ်းရင်း ဆောင်းသွားတာ အံ့သြစရာပေါ့။ လူတွေကလည်း သူ့ကိုကြည့်ပြီး ပြုံးစိပြုံးစိ။

သူကတော့ ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်ပုံမပေါ်ပါ။ သူ့ပုံစံက လုံးဝအေးဆေးပဲဗျ. . သီချင်းတောင် ဆိုသွားသေးတာ။

♫ မိုးနဲ့စတဲ့ အချစ်တွေ
မိုးနဲ့အဆုံးသတ်ပေါ့လေ
မိုးနဲ့ရောတဲ့ မျက်ရည်
မိုးနဲ့တို့နဲ့ပဲလေ. . မိုး ♫

ဘယ်လိုမိန်းကလေးပါလိမ့်. . သူ့ဟာသူ ဘာ့ပဲဖြစ်ဖြစ်လေ သူထူးဆန်းတာကိုပဲ ကျွန်တော်က ခပ်ကြိုက်ကြိုက်ပဲဗျ။ ကျွန်တော် တွေ့ဖူးကြုံဖူးတဲ့ မိန်းကလေးတွေနဲ့ လုံးဝကွဲနေတော့ သူက တစ်ဘာသာခွဲထွက်နေတာပေါ့။

တစ်နေ့. . အဲဒီနေ့က နေမင်းကြီးက အရှေ့ဘက်က ထွက်





လာတာပဲ။ ဘာမှ မထူးဆန်းပေမယ့် ကျွန်တော့်အတွက်တော့ အချစ်လေးဆာ အိမ်မှာ ထမင်းလိုက်စားဖို့ ဖိတ်တာဆိုတော့ စဉ်းစားကြည့်ပေါ့ဗျာ။ မိန်းကလေးက စပြီး ထမင်းစားဖိတ်တာဆိုတော့ ကျွန်တော့်ကုသိုလ်ကံက တိုင်ထိပ်ရောက်နေပြီထင်ရဲ့။

'နှင်းဥရာ. . အားနာစရာကြီးကွာ'

'မရဘူး. . စားဆို လိုက်စား၊ ဒါပဲ. . အိမ်မှာ ဟင်းကောင်းကောင်းချက်ခိုင်းထားတယ်. . အဲဒီဟင်းတွေက ရှင် စားဖူးမှာမဟုတ်ပါဘူး၊ ဟိုးမိုးပေါ်က ပုစွန်တုပ်ကို အကောင်လိုက် စင်းကောထိုးထားတယ်၊ သိပ်စားလို့ကောင်းတာ'

'ဟာ. . နှင်းဥက နောက်တယ်ဗျာ'

'ဘာလဲ. . နောက်တယ်ဆိုတာ'

ရော. . ခက်ပြီ။ နောက်တယ် ဆိုတာလည်း သူက မသိဘူးတဲ့။

'နောက်ကော. . ဘာဟင်းအဆန်းတွေ ပါသေးလဲ'

'ရေထဲက ဝက်သားကို တူထိုးလုပ်ထားသေးတယ်'

'ဝက်သားတုတ်ထိုးပဲ ကြားဖူးပါတယ်ကွာ'

'အို. . တုတ်မှမရှိတာ. . တူနဲ့ထိုးတော့ တူထိုးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟင်းတွေက အဆန်းတွေချည်းပဲ. . . တော်တော် အစအနောက်သန်တဲ့ ကောင်မလေး။ နေနှင့်ဦး. . ကျွန်တော့်ရည်းစားဖြစ်မှ အဲဒီပါးစပ်ကလေးကို ပိတ်ပေးရဦးမယ်။ နှင်းဥဖွေးက အချဉ်တော့ မဟုတ်ပါ။ သူမအိမ်က တစ်ထပ်တိုက်ပုံစံလှလှကလေးမို့ ပိုက်ဆံရှိသောအသိုင်းအဝိုင်းကဖြစ်ဖို့ များနေပါသည်။ နှင်းဥက မပြောမဆို ကျွန်တော့်လက်ကို ဆတ်ခနဲဆွဲလိုက်တော့ ခါတ်လိုက်သလိုပဲ အမျိုးအမည်မသိတဲ့ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရပါတယ်။ အရိုင်းကလေး မဟုတ်လား။

ဧည့်ခန်းထဲမှာ စာထိုင်ဖတ်နေသောလူကြီးတစ်ယောက်ရှိပြီး နှင်းဥဖွေးနှင့်မျက်နှာချင်း တော်တော်ဆင်နေသည်။

ကျွန်တော် ထင်တာ မမှားမှန်း သူမခေါ်သံကြားတော့ သိလိုက်ရသည်။

'ဖေဖေ. . ဒီမှာ သမီးဘော်ဒါကို ထမင်းကျွေးမလို့ခေါ်လာတာ'

အဲဒီလူကြီးက ကျွန်တော့်ကို မလိုတမာမျက်လုံးတွေဖြင့် စူးစူးရဲရဲကြီး စိုက်ကြည့်နေတော့ နှင်းဥဖွေးလက်ထဲမှ ကျွန်တော့်လက်တစ်ဖက်ကို ပြန်ဆွဲယူပြီးသား ဖြစ်နေသည်။





'သမီး ပြန်လာပြီလား'

– အိမ်နောက်ဖေးမှ အဒေါ်ကြီးတစ်ယောက်ထွက်လာပြီး မေးသည်။ အဒေါ်ကြီးမျက်လုံးတွေကလည်း ဟိုလူကြီးလိုပဲ စူးရှရှ အေးစက်စက်နိုင်လှသည်။ သေချာတာတစ်ခုက ကျွန်တော် ဘယ်လောက်ပဲ ရိုးရိုး သူတို့ ကျွန်တော့်ကို မလိုလားဘူးဆိုတာကိုတော့ သိနေပါတယ်။

'သမီး. . သွား. . အဝတ်အစားသွားလဲလိုက်ဦး'

'ဟုတ်သားပဲ၊ ဧည့်သည်လာရင် အွန်စောစကာဒ်အတိုလေး ဝတ်ရမှာပေါ့နော် ဖေဖေ၊ ဒါမှ သမီးပေါင်လုံးလေး ဖွေးနေတာ မြင်ရမှာ၊ ဟုတ်ပြီ သွားလဲလိုက်ဦးမယ်၊ ဘော်ဒါကြီးရေ ခဏနေခဲ့ဦးနော်'

နှင်းဥဖွေးက ပြောပြောဆိုဆို အိမ်ထဲ ဝင်ပြေးသွားသည်။ အဲ. . ထိုင်နေတဲ့လူကြီးက ထလာပြီး ကျွန်တော့်အင်္ကျီကို လည်ဂုတ်ကနေ ဆုပ်ကိုင်ပြီး ခြံထဲ ဆွဲခေါ်လာတယ်။ ဘုမသိ ဘမသိနဲ့ ကျွန်တော့်မှာ ကြောင်ပြီး ပါလာတာပေါ့။

'ဟေ့ကောင်. . ပြောစမ်း၊ မင်းက ငါ့သမီး စိတ်မမှန်တာကို သိရက်နဲ့ အခွင့်အရေးယူတာလား. . မင်းက ဘာကောင်မို့လို့လဲ'

ပြောရင်လည်း ခံရမှာပဲ။ သူ့သမီး စိတ်မမှန်တာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တကယ်မသိရိုး အမှန်ပါ။ ခုတောင်မှ အဘိုးကြီးကြော်ငြာဝင်လို့ သိရတာ။ သူ့သမီးက အရှူးမတဲ့။

'ဦးပြောမှ ကျွန်တော် သိရတာပါ၊ တကယ်ပါဗျာ'

'ခုတော့ ဒီလိုပဲ ပြောမှာပေါ့၊ အေး. . အခုသိပြီဆိုရင် ငါ့သမီးနဲ့ ကိုက်လေးဆယ်အကွာမှာ မင်း နေတော့၊ နောက်ထပ် ထပ်မနှောင့်ယှက်ပါနဲ့. . သွားတော့'

ဗုဒ္ဓေါ။ သူ့သမီးအရှူးမများ နိုင်ငံခြားက ရုပ်ရှင်မင်းသမီးထင်နေသလား မသိပါ။ နိုင်ငံခြားမှာတော့ မင်းသမီးတွေ၊ အဆိုတော်တွေကို လိုက်နှောင့်ယှက်တဲ့သူဆိုရင် ဒီလိုပဲ ဘယ်လောက်အကွာမှာနေ. . ဆိုတာမျိုး warning ပေးတတ်တာ ဖတ်ဖူးပါသည်။ ခု ကျွန်တော့်အဖြစ်က အရှူးမကိုမှ လိုက်နှောင့်ယှက်တဲ့ လူဆိုးများဖြစ်နေပြီလား မသိ။

အဲဒီနေ့က ကျွန်တော် ထမင်း မစားခဲ့ရပါ။ လက်သီးစာ မကျွေးလွှတ်တာပဲ ကံကောင်းတယ်ပြောရမယ်။

ကျွန်တော့်နှလုံးလမ်းကြောင်းမှာ မြိတ်ကျွန်းစုကြီးများ ခံနေသလားလို့ ကျွန်းပေါင်း ရှစ်ရာကျော်တောင်မှ. . ခုချိန်ထိ ဘယ်တစ်ယောက်နဲ့မှ အဆင်မပြေသေးပါ။ ဘာနဲ့တူသလဲဆိုတော့. . ကျည်





တောင့်တွေ အပြည့်ထိုးထားပေမယ့် သေနတ်ကြီးက ကျည် ထွက်မလာဖဲ့ လုပ်သေနတ်ကြီးလိုပဲ။

စိတ်ကို ဒုံးဒုံးချလိုက်ပါပြီ။ ကိုယ့်အစွမ်းအစ ကိုယ်သိသွားပြီဆိုတော့ နောက်ထပ် ဘယ်တစ်ယောက်ကိုမှ ဆက်လိုက်ချင်စိတ်မရှိတော့ဘူးလေ။ အဖြစ်မရှိတဲ့ကောင်ဆိုပြီး ကဲ့ရဲ့မခံနိုင်ဘူးဗျ. . . အဲဒီတော့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ။ သားလိမ္မာလေးပဲ လုပ်တော့မယ်လို့။

အမေတွေ၊ အစ်မတွေကိုပဲ စပ်ဟပ်ခိုင်းရမယ်။ သူတို့ selection (လက်ရွေးစင်) ရွေးပေးတဲ့ မိန်းမကို ကျွန်တော် ပန်းကုံးစွပ်လိုက်ရုံပေါ့။ မကောင်းဘူးလား။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ အဖေနဲ့အမေက အိမ်မှာ ကြော်ငြာချက်တစ်ရပ်ကို ပြတ်ပြတ်သားသား ထုတ်ပြန်ပါတယ်။

အဲဒါက ဘာလဲဆိုတော့. .

'သမီးတို့ . . သားတို့၊ အဖေနဲ့အမေလည်း မြေးချီချင်နေပြီ၊ ချစ်သူတွေ့နေပြီဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပြောပြ၊ အဖေတို့ လိုက်တောင်းပေးမယ်'

အဲဒီမှာ အမေက အလန့်တကြားဖြစ်သွားပြီး

'အို. . ရှင့်စကားက ဘာကြီးလဲ၊ သားအတွက် လိုက်တောင်းပေးတယ်ဆို လူကြားလို့ ကောင်းသေးတယ်. . သမီးတွေအတွက်ပါ လိုက်တောင်းပေးဦးမယ် ဟုတ်စ'

'အေး. . တောင်းသင့်ရင် တောင်းရမှာပဲ၊ မင်း့သမီးတွေက စွံမှမစွံတာ'

သားအလိမ္မာလေး ရိုးဂုဏ်က

'သားကတော့ မိဘပေးစားတာပဲ ယူမယ်နော်၊ အဲဒါ ကြိုပြောထားတာ၊ အမေတို့ကြိုက်တာ ရှာပေး၊ ဘာပဲဖြစ်ဖြစ် ယူမှာပဲ'

အမေက ထုံးစံအတိုင်း သားဆို တွန့်တိုသလား မမေးနဲ့။

'နေဦး. . သား. . မင်းအလှည့်မရောက်သေးဘူး၊ မင်းရှေ့





မှာ ဘူကောင်မတွေ ရှိသေးတယ်၊ ဘူပိတ်နေတဲ့ ကောင်မတွေ၊ ဘယ့်နှယ်တော်. . အမေ့ခြေဖျား တစ်ယောက်မှမမီဘူး၊ ငါတို့များ အသက်နှစ်ဆယ်ဆို ယောက်ျားရနေပြီ၊ ဒင်းတို့ဆို သုံးဆယ်တောင်ကျော်လာပြီ၊ ဘယ်မလဲ ရည်းစား၊ မူးရင် ရှူစရာတောင် မရှိဘူး'

တစ်သက်နှင့်တစ်ကိုယ် အစ်မတွေ မျက်နှာငယ်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဂန္ဓမာက

'အမေနော်. . ယောက်ျားတစ်ယောက်ကတော့ ဘယ်အချိန်ပဲ ရှာရှာ ရပါတယ်၊ သမီးတို့က အဖေအမေ သိက္ခာကျအရှက်ရမှာစိုးလို့. . . လမ်းဘေးက ကောင်ကို ကောက်ယူလိုက်ရင် အမေတို့သဘောတူမှာလား'

'ကိုယ့်အဆင့်အတန်းနဲ့ တူတူတန်တန်လူကို ရှာပေါ့ဟဲ့'

'အဲလိုလူတွေက လာကြိုက်ဦးမှကိုး အမေရဲ့'

'မိန်းမမာယာ သဲကိုးဖြာ တဲ့. . ၊ ညည်းတို့ ဒါလေးတောင် မတတ်ဘူးလား၊ ကိုယ်ကြိုက်တဲ့ကောင်ရှေ့မှာ များများပဲပေးပေါ့ဟဲ့၊ အမယ်လေးနော် လူချင်းသာ လဲလိုက်ချင်တယ်၊ နင့်အဖေကို ငါဘယ်လိုယူခဲ့သလဲဆိုတာ မေးကြည့်စမ်း၊ ငါ့သမီးတွေဖြစ်ပြီးတော့ တုံးလိုက်တာ လွန်ရော'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . အမေ၊ ငယ်ကျိုးငယ်နာတွေ ဖော်မနေနဲ့၊ တို့ လုပ်စရာရှိတာ ဆက်လုပ်ကြမယ်၊ နက်ဖြန် . . မင်းသူငယ်ချင်း ဟိုအကျိုးဆောင်မမကို ဖုန်းဆက်လိုက်တော့'

ဘာအကျိုးဆောင်လဲတော့ ကျွန်တော် မသိပါ။ ရိုပ်ဖမ်းသံဖမ်း ကိုယ်သိသလောက် ပုံဖော်ကြည့်ရရင်တော့ လူအကျိုးဆောင်ဖြစ်ဖို့များပါသည်။

ကဲ. . ကျွန်တော့်အစ်မတွေတော့ ဘယ်လိုကောင်နဲ့ ကံစမ်းမဲပေါက်မလဲဆိုတာ စောင့်ကြည့်ကြပါကုန်။

■



## အခန်း (၂)

## ဂန္ဓမာအတွက် သတို့သားလောင်း

ကျွန်တော် ထင်တာ မမှားဘူးဆိုတာ. . အမေ့သူငယ်ချင်း အန်တီဒေါ်ရွှေစင် လာတော့ သိလိုက်ရပါသည်။

အမေက ပျာပျာသလဲ ဆီးကြိုရင်း တီးတိုးတီးတိုး သဖန်းပိုးလုပ်နေသည်။

'သိင်္ဂီရေ. . ဒီတစ်ခေါက်တော့ အကြီးမအတွက်ပဲ selection ရွေးလာတယ်၊ ဟောဒီမှာ ဓာတ်ပုံတွေ၊ အားလုံး လေးယောက်ရှိတယ်လေ၊ သူကြိုက်တဲ့ပုံစံမျိုး အားလုံး ဖြူဖြူလေးတွေချည်းပဲ'

ဒီနေရာမှာ အမေက သူ့ရဲ့ လုပ်ပိုင်ခွင့်ကို ထုတ်ပြလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး . . ရွှေစင်ရယ်၊ သူတို့ကြိုက်ဖို့ မလိုပါဘူး။ ငါ ကြိုက်ရင် ပြီးတယ်'

ဒေါ်ရွှေစင်က အမေ့ကို မျက်လုံးကြီးပြူးပြီး ကြည့်နေလေသည်။

'ဟဲ့ . . ငါ့ကို ဘာလို့ ပြူးပြီး ကြည့်နေတာလဲ၊ မယုံရင် သူတို့ မေးကြည့် . . . အမေသဘောတူတဲ့လူပဲ ယူမယ်လို့ ပြောထားပြီးသား'

အမေက ဓာတ်ပုံတွေကို တစ်ပုံချင်း ကြည့်ပြီး လူရွေးနေသည်။

'သူက ဘယ်သူလဲ'

'တင်မောင်ဆွေလေ . . ဘာလဲ သူ့ကို သဘောကျလို့လား'

'မကျပါဘူး . . နဖူးလေး နည်းနည်းမောက်နေလို့ . . ပယ်မလားလို့၊ ဒါနဲ့ သူက ပိုက်ဆံရှိသလား ရွှေစင်'

'အထည်ကြီးပျက်တွေလို့ပြောရမှာပဲ၊ သူ့အဘိုးအဘွားတွေ လက်ထက်တုန်းကတော့ တော်တော် ချမ်းသာကြတာ၊ သူ့အမေရဲ့ မောင်တစ်ယောက်က လောင်းကစားသမားလေ၊ သူဖြုန်းလို့ ကုန်ပါရောလား'





အမေက စုတ်တသတ်သတ်လုပ်ရင်း

'တော်ပြီ . . သူ့ကို ပယ်တယ်'

အမေပယ်လိုက်တဲ့ဓာတ်ပုံကိုမှ ဂန္ဓမာက ကြည့်ရတာ။ နဖူးလေး မဆိုစလောက် မောက်တာကလွဲရင် လူက လူဖြောင့်လေးပါပဲ။ ပယ်ဆိုတော့လည်း ပယ်ပေါ့။ အမေက နောက်တစ်ယောက်ပုံကို ရေကုန်ရေခမ်းကြည့်နေသည်။ ပြီးတော့ သူ့သူငယ်ချင်းကို အပြစ်က လှမ်းတင်ရသေးသည်။

'ရွှေစင် နင်ယူလာတဲ့ပုံတွေက ကိုယ်တစ်ပိုင်းပုံတွေချည်းပဲ၊ တော်ကြာ ဂျပုလေးတွေ ပါလာမှဖြင့်'

'အမယ်လေး . . အားလုံး ဒေါင်ကောင်းကောင်းတွေချည်းပဲ၊ ဂျပု တစ်ယောက်မှမပါဘူး၊ အဲဒီကောင်လေးတော့ မဆိုးလောက်ဘူးနော် . . ဘယ်လိုနေလဲ သိဂီ'

'မေးလေး နည်းနည်းကောက်နေတယ်'

'သိပ်မသိသာပါဘူးဟယ် . . '

'သူက ဘာအလုပ်လုပ်သလဲ'

'သစ်စက်တစ်ခုမှာ မန်နေဂျာလုပ်တယ်'

ဒေါ်သိဂီက ခေါင်းကို ဖြည်းညင်းစွာ ရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်ကလည်းဟယ် . . ဆရာဝန်တို့ အင်ဂျင်နီယာတို့ ရှာခဲ့တာ မဟုတ်ဘူး'

'မိန်းမ . . . နင်က အပြောကောင်းနေ၊ အဲလိုလူတွေမျိုးက ရောင်းပန်းလှတယ်ဟဲ့၊ ဘယ်မှာသွားရှာရမလဲ . . သူ့ဟာသူ ရောင်းထွက်ပြီးသား'

စကားဆို အကျအနကောက်တတ်သော အမေက

'ဟင် . . ဒါဆို နင်သယ်လာတဲ့ပုံတွေက ရောင်းမထွက်တဲ့ဟာတွေပေါ့၊ ငါ့သမီးတွေက ဒါမျိုးနဲ့ပဲ တန်တယ်ပေါ့ . . ဟုတ်လား'

'ဟုတ်တာပေါ့၊ ဒါမှ မစွံ . . မစွံချင်း . . ဟာ . . ယောင်ကုန်ပါပြီ သိင်္ဂီရယ် . . သူတို့တွေက လူပျိုစစ်စစ်တွေပါဟဲ့ . . ငါအာမခံတယ် သိလား၊ တစ်ယောက်မှ မုဆိုးဖိုတို့ တစ်ခုလပ်တို့ မပါဘူးနော်'

ဒေါ်သိင်္ဂီက သူ့လက်ထဲမှ ဓာတ်ပုံကို အောက်ချလိုက်ပြီး နောက်တစ်ပုံယူကြည့်ပြန်သည်။

ဂန္ဓမာကလည်း သူ့အမေချလိုက်သောပုံကို ယူကြည့်ပြန်သည်။ ပြီးတော့ သူ့နံဘေးမှပုန်းညက်ကို ပြရင်း

'မဆိုးပါဘူးဟယ် . . အမေကလည်း ဇီဇာကြောင်လိုက်တာလွန်ရော'





'နင်က ဖြူတာ ကြိုက်တာကိုး၊ ငါတော့ မကြိုက်ပေါင် . . ၊ ယောက်ျားဆိုတာ အသားလေးညိုမှအကြည့်ခံတာဟဲ့'

အမေက နောက်တစ်ယောက်ကိုကြည့်ပြီး ဝေဖန်ပြန်သည်။

'ဟင် . . ဒီတစ်ယောက်ကျတော့လည်း ငါ့အိမ်က အဘိုးကြီးထက်တောင်ပြောင်သေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အမွေးအမှင်ကလည်း နည်းလိုက်တာ'

'ခုခေတ်မှာ အကုန်ပြောင်လို့ရတာပဲ သိင်္ဂီရယ်၊ ဆံပင်ပေါက်ဆေးတွေမှ ကြော်ငြာနေတာ အများကြီးဥစ္စာ'

'သူကရော ဘာလုပ်သလဲ'

'ပွဲစား'

'အမယ်လေးနော် . . သူ့ဟာသူတောင် ရောင်းမထွက်ဘဲနဲ့များ ပွဲစားလုပ်နေရသေးတယ်'

ပယ်ပြန်ပြီ နောက်တစ်ယောက်။ အမေက ပြောင်တယ် ပြောနေမှတော့ ဂန္ဓမာလည်း ယူမကြည့်တော့ပါ။ နောက်ဆုံးကျန်တဲ့ဓာတ်ပုံကို အမေက ကြည့်ပြီး

'ဒါလေးတော့ ဉပမိရုပ်မဆိုးပါဘူး၊ သူတို့အဖေ ငယ်ငယ်တုန်းကလည်း ဒီလိုရုပ်မျိုးပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားနှင့်ဆင်လို့ အဲဒီတစ်ယောက်ကိုတော့ သဘော ကျသွားပြီတဲ့။

'သူကရော. . ဘာလုပ်သတဲ့လဲ'

အကျိုးဆောင်အန်တီကြီးက စဉ်းစဉ်းစားစားဖြေသည်။

'အိမ်ဆောက်ပစ္စည်းတွေ ရောင်းတယ်'

'မဆိုးဘူးပဲ၊ ကြည့်ရတာတော့ လုပ်ရည်ကိုင်ရည်ရှိမယ့်ပုံပဲ'

တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်မဟုတ်တဲ့အတွက် အမေက ကျေနပ်နေပုံရပါသည်။

'သိဂ္ဂီ သဘောကျပြီဆိုတော့. . ကလေးတွေချင်း တွေ့ပေး ကြည့်မလား'

'အေးလေ ကောင်းသားပဲ၊ ဒါနဲ့ ကောင်လေးက အသောက် အစား၊ အပျော်အပါး၊ အလောင်းအစား(အသုံးလုံး) ကင်းရဲ့လား'

'အမယ်လေး. . ကင်းသမှ သိပ်ကင်း၊ အဲဒီအတွက်တော့ စိတ်သာချ'

အပေးအယူတွေ တည့်ပြီး နောက်တစ်ပတ် ဆန်းဒေးမှာ တွေ့ပေးဖို့ ချိန်းနေသံကြားရသည်။

ဂန္ဓမာက သူ့ရဲ့သတို့သားလောင်းဖြစ်လာမယ့်သူကို သေ





သေချာချာကြည့်နေသည်။ ကျန်တဲ့ညီမသုံးယောက်ကလည်း အလု အယက်ကို ကြည့်နေကြသည်။ ရိုးဂုဏ်ကတော့ အန်တီကြီးရှေ့မှာ ပထမဆုံးယောက်ဖတော်ရမည့်သူကို မျက်နှာပူလို့ မကြည့်ဖြစ်တော့ ပါ။

ဝမ်းမမရဲ့မျက်နှာ ဝင်းပနေတာကိုကြည့်ပြီး သူသဘောကျ နေမှန်း သိသာနေပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



တိမ်တွေပြာနေတဲ့ ဆန်းဒေးတစ်နေ့မှာ အန်တီရွှေစင်က ဂန္ဓမာ့အတွက် ဖြိုးဝေ ဆိုတဲ့ လူတစ်ယောက်ကို ခေါ်လာခဲ့ပါတယ်။

အစ်မတွေကို ဘယ်တော့မှလှတယ်လို့ မထွင်တဲ့ ရိုးဂုဏ်တောင်မှ ဂန္ဓမာ ဒီကနေ့ လှနေတယ်ဆိုတာကို ကျိတ်ပြီး ဝန်ခံရပါတယ်။

ပါတိတ်ဝမ်းဆက် ငုဝါရောင်လေးနှင့် ဆံပင်လေးတွေကို ဒီတိုင်း ဖြန့်ချထားတော့ ရှိရင်းစွဲအသက်ထက် ငါးနှစ်လောက် ပိုငယ်သွားသလို မျက်နှာလေးက နုနယ်နေသည်။ ခါတိုင်းလို မျက်နှာပြောင်နှင့်မဟုတ်ဘဲ မိတ်ကပ်ပါးပါးလေး တင်ထားသေးသည်။ သိပ်မလှတဲ့ နှုတ်ခမ်းကို ဆေးကူပြီး ဖုံးထားတော့ မသိသာတော့ဘူးပေါ့။

ကျန်တဲ့အစ်မတွေကတော့ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေကြလေရဲ့။ မီးဖိုချောင်ဝင်လို့ စုတ်ပြတ်နေမယ် မထင်နဲ့နော်. . အမှားကြီး မှားသွားမယ်။ သူတို့ရဲ့ခဲအိုလောင်းအတွက် ပြင်ဆင်ထားလိုက်တာမှ ဂန္ဓမာထက်တောင် သာသေး။

ဘာတဲ့. . ကြားဖူးတယ် မဟုတ်လား. . ခယ်မဆို ခဲအိုက ပေါင်တစ်ချောင်း ပိုင်တယ်ဆိုပဲ။ ခုလာတဲ့ ဖြိုးဝေ ဆိုတဲ့လူကတော့ ပေါင်သုံးချောင်းတော့ ပိုင်မှာပေါ့။ အဲဒီလူ ကျိတ်ပြီးပျော်နေလောက်





ပြီ။ ကျွန်တော့်အစ်မတွေက ပြောလို့ပြောတာမဟုတ်ဘူး။ ပေါင်လုံးတွေက အိမ်တိုင်လုပ်လို့ရတယ် သိလား။ အကြီးကြီးတွေပဲ။

ဖြိုးဝေ ဆိုတဲ့လူ ပုံစံက အရုပ်အမောင်း ကောင်းကောင်း၊ အသားဖြူဖြူနဲ့ ကြည့်ပျော်ရှုပျော် ရှိပါတယ်။ သူ့ရဲ့ထူးခြားချက်က Talking အရမ်းကောင်းတာပဲ။ ခုမြင် ခုတွေ့ပေမယ့် ဟိုးခုနစ်ဘဝလောက်ကတည်းက ဆွေမျိုးတော်ခဲ့ဖူးသလို ရွှန်းရွှန်းဝေအောင်ကို ပွဲထိန်းနိုင်သည်။ အဖေတောင်မှ သူ့လေကြောမှာမိနေတာ ကြည့်တော့။

'မောင်ဖြိုးဝေတို့ဆိုင်က တစ်နေ့ သုံး လေးသိန်း ရောင်းရတယ်ဆိုတော့ ဘယ်ဆိုးလို့လဲ'

'အဲဒါက အနည်းဆုံးကို ပြောတာပါ၊ ရောင်းကောင်းတဲ့နေ့တွေဆို ခုနစ်သိန်းလောက် ရောင်းရတယ်'

'ဟေ. . မသိဂီရေ ငါတို့တောင် လုပ်ငန်းပြောင်းရင် ကောင်းမလား မသိဘူးနော်'

ဝမ်းမမ(ဂန္ဓမာ့)မျက်နှာမှာ အထင်ကြီးမှုတွေက ထိန်းမနိုင်သိမ်းမရ။ သူ့မျက်လုံးတွေက ဂန္ဓမာ့ကို တည့်တည့်မကြည့်ဘဲ တစ်ချက် တစ်ချက် ခိုးခိုးပြီး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုကလည်း အမေသင်ပေးထားသလို ပဲပေးနေလေရဲ့။ အဖေက

'မောင်ဖြိုးဝေက ဘာတွေ ဝါသနာပါသလဲကွ'

'ဘောလုံးပွဲ အန်ကယ်၊ ကျွန်တော်က ပရီးမီးယားလိဂ်ကို အရမ်း crazy ဖြစ်တာ'

'ဟုတ်ပြီဟေ့. . အကြိုက်ချင်းတော့ တူနေပြီ၊ ဒီအိမ်မှာက ဦးရယ်၊ သမီးကြီးရယ်က ဘောလုံးပွဲဆို သိပ်ကြိုက်တာ၊ မောင်ရင်ပြောတဲ့ ပရီးမီးယားလိဂ်ကို စနေ၊ တနင်္ဂနွေနေ့တိုင်း အားပေးနေကျ'

အမေက ဝင်ပြီး ထောက်ခံသည်။

'ဟုတ်ပ. . တော်၊ သူတို့သားအဖက ဘောလုံးဆို ထမင်းမေ့၊ ဟင်းမေ့ အားပေးတာ'

ပုန်းညက်က ထမင်းစားဖို့ လာခေါ်ပါသည်။ ပုန်းညက်ကို မြင်တော့ အဲဒီလူရဲ့မျက်လုံးတွေက ဂနာမငြိမ်ချင်တော့။ ပုန်းညက်က ပိုပြီး ဟော့ရှော့ဖြစ်နေတာကိုး။ ထမင်းစားတော့လည်း ကျွန်တော်တွေ့ရသလောက် သူ့မျက်လုံးတွေဟာ ပုန်းညက်၊ ယုဇနနှင့် သစ်ခွတို့ဆီမှာ တစ်လှည့်စီရစ်ဝဲနေသည်။ သူနဲ့ပေးစားမှာ ဂန္ဓမာ ဆိုတာ မေ့နေလေရော့သလား။ အမေက





'မောင်ဖြိုးဝေ အားရပါးရ ထည့်စားလေ၊ မင်း စားနေတာ အားမရလိုက်တာဟယ်'

သူက အစားသမားမှ မဟုတ်တာ။ အပေါသမား ဖြစ်ဖို့ များသည်။

'မနက်တုန်းက လက်ဖက်ရည်တွေ သောက်ထားလို့ လေခံနေလို့ပါ အန်တီ'

'အစားအသောက်ကို ဆင်ခြင်မှပေါ့ကွဲ့၊ ဒါနဲ့ မင်းမိဘတွေကော အတူတူနေသလား'

'ကျွန်တော်က တစ်ကောင်ကြွက်ပါ အန်တီ၊ အမေက ကျွန်တော် ငယ်ငယ်ကတည်းက ဆုံးသွားတာ၊ အဖေကလည်း နောက်အိမ်ထောင်နဲ့ သူ့ဟာသူ သီးသန့်နေတာပါ'

'ဟင်. . ဒါဆို မင်းကို ဘယ်သူက ချက်ပြုတ်ကျွေးတာလဲ'

'ဆွေမျိုးနီးစပ်တော်တဲ့ အဒေါ်တစ်ယောက်က ချက်ကျွေးတာပါ၊ ချက်ပြုတ်ပေးပြီးရင် သူ့အိမ် သူပြန်တာပဲ အန်တီရဲ့၊ ကျွန်တော် ဒီနေ့ အရမ်းပျော်တယ် အန်တီ၊ ဒီမိသားစုကိုကြည့်ပြီးတော့ အားရစရာကြီး'

ဘာကိုကြည့်ပြီး အားရတာလဲတော့ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



'နောက်အပတ် စနေ၊ တနင်္ဂနွေကျရင် အိမ်မှာ ဘောပွဲလာကြည့်ပါလားကွဲ့၊ မင်းညီမနဲ့ အဖော်ရတာပေါ့'

အမေက ပေါင်တင်ကြီးကိုခေါ် နေတာ။ ဟိုကောင်က ဘယ်ငြင်းလိမ့်မတုန်း . . လာမှာပေါ့။

*

(ဝေဖန်စာ၊ အကြံပြုစာများ ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)





ဒီစနေနေ့ညမှာတော့ ယောက်ဖလောင်းရဲ့အသံတွေနဲ့ညံစီနေလေရဲ့။ ဒီလူက လေကိုတော့ ဖောဖောသီသီသုံးသလားမမေးနဲ့။ တစ်နာရီလောက် Non-stop အာလူးဖုတ်နိုင်တာ နည်းတဲ့ အရည်အချင်းမှတ်လို့။

ကျွန်တော့်ရဲ့ဝမ်းမမကလည်း သတင်းပုလင်းအစုံအလင်နဲ့ လေကြီးသမားဆိုတော့ တွေ့ကြပြီပေါ့။ 'ကိုဖြိုး'တွေ 'မာ'တွေ ဖြစ်ကုန်ကြပြီ။

'ကိုဖြိုး သိလား . . ချဲစီးပိုင်ရှင် မိုဇစ် ဒီတစ်ခါတော့ အကြီးအကျယ်မှားသွားပြီ၊ ဘယ့်နှယ် မော်ရင်ဟိုလို Special One တစ်ယောက်ကို ထုတ်ပစ်ရတယ်လို့'

ဂန္ဓမာက ပြောတော့ ဖြိုးဝေက စိတ်ပါလက်ပါကို ထောက်ခံသည်။

'ဒါတော့ ကိုယ်လည်း ထောက်ခံတယ်၊ ဒါပေမယ့် ဒီလူက ဒီလိုစိတ်ဓာတ်ပဲလေ . . သစ္စာမှ မရှိတာ၊ ကလေးငါးယောက် ရှိတာတောင် သူ့မိန်းမကိုစွန့်လွှတ်ပြီး အသစ်နဲ့ပျော်နေသေးတာပဲ၊ အဲဒီတစ်ခုတော့ ကိုယ်တို့ ဖာဂူဆန်ကြီးက ကောင်းတယ်နော်'

ဂန္ဓမာက ချဲစီး crazy ၊ ဖြိုးဝေက မန်ယူ crazy ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မည့်ပွဲကလည်း မန်ယူနဲ့ချဲစီးဆိုတော့ ဒီညတွေ့ကြပြီပေါ့။

'ဖာဂူဆန်က သူ့ဟာသူ တော်ရင်တော်မှာပေါ့၊ မာကတော့ မော်ရင်ဟိုပဲ ကြိုက်တယ်၊ သူက လူတွေရဲ့စိတ်ကို အထူးအဆန်းလေးတွေနဲ့ ဖမ်းစားတတ်တယ်လေ'

'မန်ယူက ကစားသမားတွေက ဘောစ်(Boss) တွေနော်၊ သူတို့နေတဲ့အိမ်တွေဆို နန်းတော်တမျှပဲ၊ အားလုံးထဲမှာ နောက်တန်းက ရီယိုဖာဒီနန်အိမ်က အမိုက်ဆုံးပဲ. . ပေါင် ၅သန်းတောင် ပေးရတာ၊ သူ့နောက်မှာက ရွှိုင်ရယ်ဂစ်ရဲ့အိမ်. . ပေါင် ၄.၅ သန်း တန်တယ်၊ တတိယက ရှေ့တန်းက စီရော်နယ်ဒိုရဲ့အိမ်. . ပေါင် ၄သန်းတဲ့၊ ဝိန်းရှုနီအိမ်က ပေါင် ၃. ၅သန်း. . တဲ့'

ဂန္ဓမာက နည်းနည်းတင်းလာသည်။

'အမယ်လေး. . ဂုဏ်တုဂုဏ်ပြိုင်တွေပါ ကိုဖြိုးရယ်၊ သူတို့ကစားသမားတွေကလည်း ပြိုင်၊ သူတို့ရဲ့WAGS တွေကလည်း ပြိုင်နဲ့ ကြည့်လို့ကို မရဘူး၊ ဟော. . မာတို့ ချဲစီးက ဒရော့ဘာဆို သူ့နေရပ် ပြန်ရင် အမှတ်တရပေးဖို့ အင်္ကျီတွေ ဝယ် ဝယ်သွားတာ ဘယ်လောက် ချစ်စရာကောင်းသလဲ'

ဖြိုးဝေကလည်း 'မသိမသာနဲ့နှက်တာပါပဲ။





'ရုပ်ကတော့ မျောက်ရုပ်လိုပဲနော်. . မာတို့ ချဲစီးက အင်္ကျီလေကိုးဆို လုံးဝသစ္စာမရှိဘူး သိလား၊ သူ့မိန်းမ ဒီလောက်လှနေတာတောင် ရှုပ်ချင်သေးတယ် တကယ်ပဲ'

'အမယ်လေး ဒီလိုပြောကြေးဆိုရင်တော့ ဘောလုံးသမားတွေ အကုန်ပါကုန်တော့မှာပဲ၊ သူတို့ဆီမှာ Media တွေက ဖွကြတာကိုး'

'ဘာပဲပြောပြောလေ. . သူတို့ဘဝတွေက အားကျစရာကြီးနော်'

မတော်ရသေးတဲ့ခင်ပွန်းလောင်းကို ဂန္ဓမာက တိုချင်ချင်ပါ။

'ဘာလဲ ကိုဖြိုးက သူတို့လို ထည်လဲတွဲချင်တာလား'

'ဟဲ. . ဟဲ. . မာကလဲ'

သူ့ဟဲဟဲကြီးကို ကျွန်တော် သိပ်သိတာပေါ့။ ဝမ်းထဲကလာတဲ့အသံကြီးနဲ့။ အဖေနှင့်အမေက လူကြီးပီပီ ရှောင်ပေးနေလေရဲ့။ ကျွန်တော်လည်း သူတို့နဲ့ခပ်ဝေးဝေးမှာထိုင်ရင်း တီဗွီထဲကို အာရုံပို့ထားရတာပေါ့။ ဒါတောင်မှ ဖြိုးဝေဆိုတဲ့လူက ကျွန်တော့်ကို သူတို့လေကြောထဲကို ဆွဲသွင်းချင်သေးတယ်။

'ရှိုးဂုဏ်ရော. . ဘယ်အသင်းကြိုက်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်အသင်းမှမကြိုက်ဘူး၊ အားလုံး ယောကျ်ားတွေချည်းပဲ ကြိုက်စရာလား'

အမှန်တရားကိုပြောပြန်တော့ ဟားစရာကိုဖြစ်လို့။

'ဟား. . ဟား. . ဟား၊ မင်းက ဇာတ်တူသား မစားဘူးပေါ့၊ အမျိုးသမီးဘောလုံးအသင်းဆိုရင်တော့ စိတ်ဝင်စားမယ်နဲ့တူတယ်'

'အဲဒါတော့ မဆိုးပါဘူး'

'ကန်တော့မယ်နဲ့တူတယ်. . ဟိုမှာ ထွက်လာကြပြီ'

သူတို့နှစ်ယောက်ရဲ့အာရုံတွေက ဘောလုံးပွဲဆီရောက်သွားကြသည်။ မသိလျှင်တော့ သူတို့ပါ ဝင်ကန်တော့မည့်အတိုင်း။ ကျွန်တော်က သိပ်စိတ်မဝင်စားတော့ မျက်လုံးထဲမှာ ဘောလုံးသမားတွေအစား ကျွန်တော့်ရဲ့ ဆောင်းနှင်းပွင့်တို့၊ မှိုမှိုဦးဆွေတို့၊ နှင်းဥဖွေးတို့ကိုသာ တစ်လှည့်စီ မြင်ယောင်လာသည်။ တစ်ယောက်ယောက်နဲ့သာ အဆင်ပြေခဲ့ရင် ကျွန်တော် ဒီလိုငေါင်နေရမှာ မဟုတ်ပါ။

'တွေ့လား. . ပွဲစ,တာမှ မကြာသေးဘူး၊ ဖောင်းဘောပေးကန်ပြန်ပြီ၊ ဒိုင်လူကြီးက မျက်နှာလိုက်တယ်၊ စိတ်ပုပ်ကြီး၊ ဒါကြောင့်သူ့ထိပ်ကြီးက ပြောင်နေတာပဲ ကြည့်ပါလား'

'စီရော်နယ်ဒို ကန်မယ်ထင်တယ်. . မဟုတ်ဘူး. . ဂစ် ကန်





မှာ. . ပေါ. . ဟုတ်တယ်. . ဂစ်ကန်ပြီ. . ဟာ. . လွဲသွားပြီကွာ၊ ဝင်လိုက်ပါတော့လား'

မန်ယူဘက်က ဂိုးမဝင်တော့ ဂန္ဓမာက လက်ခုပ်လက်ဝါးတီးပြီး လှောင်သည်။

'ချဲစီးကို ဒီလိုလာသွင်းလို့ ဘယ်ရမလဲကွ'

'ကြည့်နေ. . ကြည့်နေ ဂိုးပြတ်ကို သွင်းပြလိုက်ဦးမှာ၊ မန်ယူတိုက်စစ် ဘယ်လောက်ကြောက်စရာကောင်းလဲ. . သူတို့ ဂိုးမသွင်းနိုင်တဲ့ပွဲ မရှိသလောက်ပဲ'

'ကိုဖြိုးတို့အသင်းက လွန်ပြီနော် ဘလိုင်းကြီး လူချတယ်. . ကြည့်ပါလား'

'ထိလည်း မထိဘဲနဲ့. . ဟန်ဆောင်ပြီး လှဲချတာ အသိသာကြီး၊ စိတ်ဓာတ်ကိုက အခြောက်စိတ်ဓာတ်'

ပွဲက နည်းနည်းကြမ်းချင်လာပြီ။ အဲဒီအချိန်မှာ ဖြစ်ချင်တော့ မန်ယူဘက်က ဂိုးစ,သွင်းလိုက်တယ်ဆိုရင်ပဲ ဖြိုးဝေက လက်သီးလက်မောင်းတန်းပြီး ထအော်တော့တာပဲ။

'ဒါပဲကွ. . . နောက်ဆုံးတော့ မန်ယူက မန်ယူပဲ၊ ထပ်သွင်းကွာ. . နောက်တစ်ဂိုးထပ်သွင်းမှ အပြည့်ရမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ . . ဘာအပြည့်ရမှာလဲ'

'လောင်းကြေးလေ . . နှစ်လုံးသွင်းမှုစိတ်ချရမှာ'

'ဟင် . . ရှင်က ဘောလုံးပွဲလောင်းတယ် ဟုတ်လား'

'မန်ယူပွဲပဲ လောင်းတာပါ မာရဲ့၊ ဒီကောင်တွေလုပ်လို့ ကုန်ပေါင်း များပြီကွ၊ သူတို့သာ နိုင်သွားတာ၊ တစ်ခါမှ ကြေးမအောင်ဖူးဘူး'

ဂန္ဓမာက လောင်းကစားလုပ်တဲ့လူဆို ယယ်ယယ်ကတည်းက အထင်မကြီးတတ်ပါ။

'ရှင် ဘယ်လောက်ကုန်ပြီးပြီလဲ'

'ပုံးနှစ်ဆယ်ကျော်ပြီ'

'ရှင်'

ဂန္ဓမာ့မျက်နှာ လုံးဝပျက်ယွင်းသွားပြီး

'လက်စသတ်တော့ ရှင်က လောင်းကစားသမားပဲ၊ အဲဒါဆိုရင်တော့ ကျွန်မနဲ့ ဖြစ်မှာမဟုတ်ဘူး၊ သူများအိမ်လည်း လာကြည့်သေးတယ်၊ ကျွန်မချစ်းရှုံးနေတာကို အားမနာလျှာမကျိုး လာပြီးပျော်ပြနေသေးတယ်၊ ရပြီ . . ရှင့်အိမ်ပဲ ရှင်ပြန်ကြည့်တော့၊ ကျွန်မက အိမ်မှာ ဘောပွဲလာကြည့်ရင် ကျွန်မအသင်းကိုအားပေးမှကြိုက်တာ





ဖြိုးဝေ မျက်နှာကြီးနီရဲလာသည်။

'မင်းတို့ခေါ် လို့ လာကြည့်တာကွ၊ နှင်စရာမလိုဘူး သွားမှာပါ'

အပျက်အပျက်နှင့်နှာခေါင်းသွေးထွက်ကုန်ပြီ။ နဂိုကမှ ကျွန်တော့်အစ်မစိတ်က လက်တစ်ဆစ်ရယ်။ ခုကျတော့ စပ်ပေးလို့လည်း မထိပါလား။ သူတို့တွေ ရှေ့မှာ ဘူပိတ်နေသမျှ ကျွန်တော့်အလှည့် ရောက်လာမှာ မဟုတ်တော့။

*



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အစ်မ မမှားဘူးဆိုတာ နောက်ဆယ်ရက်လောက်မှာ ကျွန်တော်သိလိုက်ရပါတယ်။

အဲဒီနေ့က ကျွန်တော်တို့အိမ်နားက ဖိုးဆွေနဲ့ ဓနိ ဝယ်ဖို့လိုက်သွားတာ. . ဓနိဆိုင်က လမ်းဘေးမှာ တဲထိုးပြီး ပုံရောင်းနေတဲ့ဆိုင်ပေါ့။ ဝါးလုံးတွေ၊ သစ်တွေလည်း ရတယ် တဲ့။ အဲဒီဆိုင်ရှင်က ဘယ်သူလို့ထင်သလဲ။ အိမ်ဆောက်ပစ္စည်းတွေ အကြီးအကျယ်ရောင်းတယ်ဆိုတဲ့ ကျွန်တော့်ရဲ့ မတော်လိုက်ရတဲ့ ယောက်ဖလောင်းကြီးပေါ့။ တစ်နေ့ သုံးလေးသိန်းရောင်းရတယ်ဆိုတဲ့ သူ့ဆိုင်က အဲဒီနေ့က ဈေးဦးတောင် မပေါက်သေးဘူးလေ။ ကျွန်တော့်ကို တွေ့တော့သူ့မျက်နှာ ပျက်သွားတယ်လေ။ အလိမ်တွေပေါ်ကုန်တာကိုး။

သူပြောတာ မှားတော့ မမှားဘူး ထင်တာပဲ။ ဟုတ်တယ်လေ. . ဝါး၊ ဓနိ ဆိုတာလည်း အိမ်ဆောက်လို့ရတာပဲ မဟုတ်လား။ တော်တော်တတ်နိုင်တဲ့လူ။

■



BURMESE CLASSIC .com

## ပုန်းညက်ရဲ့ ဖူးစာရှင်လောင်း

ဂန္ဓမာ့ကိစ္စဖြစ်ပြီးနောက်ပိုင်း အမေလည်း အသံတိတ်သွားတယ်။ နောက်ထပ် သမက်လောင်းရှာဖို့ ကြောက်သွားပြီထင်ရဲ့။ တူးမမ(ပုန်းညက်)အတွက် မင်္ဂလာရှိတဲ့သတင်းတစ်ခုက ရောက်လာ၏။

တလောက အဖေ့ရဲ့ဆန်စက်မှာ ပုန်းညက် ဝင်ကူပေးသေးတယ်။ အဲဒီမှာ ဆန်ကုန်သည်တစ်ယောက်ကတွေ့ပြီး မျက်စိကျသွားပုံရသည်။ ပုန်းညက်ကိုသဘောကျပြီး မေးမြန်းစုံစမ်းလာတော့ အမေ့မှာ ကြွားစရာတစ်ခုကို ရလို့။

ဒါတောင်မှ ဟိုက လာတောင်းသေးတာ မဟုတ်။ သဘောကျတယ်ဆိုတဲ့အဆင့်မှာတောင် အမေတို့ဖြစ်ပျက်နေတာများ ပြောပါတယ်။ သူ့သမီးတစ်ယောက် စွံတော့မယ် ဆိုပြီး ဂုဏ်ယူစရာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့။ ပုန်းညက်ကိုမေးကြည့်တော့ သူ့ဝသီအတိုင်း ရိုးရိုးကြီးတွေးပြီး ဖြေပုံက -

'အဲဒီလူက ဗလတောင့်တောင့်၊ အသားက ညိုညို၊ အသားညိုတာကတော့ ငါ့အကြိုက်ပေါ့ဟယ်. . ခက်နေတာက စကားပြောရင် တံတွေး သိပ်စင်တာပဲ၊ ငါဆို ခဏခဏ မျက်နှာ ထ, ထ သစ်ရတယ်၊ ဒီလူသာ ငါ့ကိုလာတောင်းရင်တော့ ဒုက္ခပါပဲ၊ ငါ့မျက်နှာကို ရှေ့မှာ မထားဘဲ အနောက်ပို့ထားရမလိုဖြစ်နေပြီ'

သူပြောတာကို နားထောင်ပြီး ကျွန်တော်တို့မှာ ဝိုင်းရယ်ရသေးသည်။ ဆံပင်တွေက အရှေ့ရောက်ပြီး မျက်နှာက အနောက်လှည့်နေသည့် ပုန်းညက်ပုံစံကို တွေးသာကြည့်ကြပါတော့။

ရေနံချောင်းဇာတိလို့ပြောတဲ့ အဲဒီလူက သိပ်မကြာခင်မှာပဲ သူ့အမေကိုခေါ်ပြီး ကျွန်တော်တို့အိမ်ကို ရောက်လာပါတယ်။ အဖေက သူ့ဖောက်သည်လည်း ဖြစ်ပြန်၊ သမီးကိုလည်း သဘောကျနေတယ် ကြားထားတော့ လိုလေသေးမရှိ ပြုစုတော့တာပဲ။

'မြင့်စိုး. . မင်းအမေကို ဒီမှာ ပျော်သလောက်နေပစေ သိလား. . ငါ့သမီးတွေနဲ့ အဖော်ရတာပေါ့၊ အမေကြီး အားရင် ဘုရားလေးဘာလေး လိုက်ပို့လိုက်ဦး'





'ဧည့်သည်လို သဘောမထားပါနဲ့ ဦးရယ်၊ ကျွန်တော်တို့ နေရဲခက်ပါတယ်'

ပြောပြောဆိုဆိုပဲ သူ့တံတွေးတစ်စက်က အဖေ့မျက်နှာကို သွားစင်တာ ကျွန်တော်တွေ့တယ်။ အဖေ့ခမျာ အောင့်သီးအောင့်သက်နဲ့ သည်းခံနေရရှာတယ်။ ဒင်းက သမီးကို သဘောကျနေတယ် ပြောတာကိုး။ အပြစ်ပြောစရာဆိုလို့. . တံတွေးစင်တာလေး တစ်ခုပဲ ရှိပါတယ်။ လူပုံက လူရိုးလူအေးကြီးပါ။

လူကြီးမိဘကိုလည်း သိတတ်သလားမမေးနဲ့။ညကျရင် သူ့အမေကို ဖင်ဘူးတောင်းထောင်ပြီး ကန်တော့နေတာ ပြီးပဲ မပြီးနိုင်တော့။ ဒီနေရာမှာ အမေမှတ်ချက်ချတာလေးတစ်ခုကို ပြောချင်ပါတယ်။ သူများက သူ့အမေ သူကန်တော့တာနဲ့ သူနဲ့ဘာဆိုင်လို့လဲ နော်။

'အမယ်လေး. . သားလိမ္မာကြီးတော့၊ သားကောင်းရင် လင်ကောင်းမဖြစ်ဘူးတဲ့. . ငါ့သမီးတော့ ဒုက္ခပါပဲ၊ ဒင်းက သူ့အမေဆိုသိကိုသိတတ်တယ်၊ အမြင်ကို ကတ်လာပြီ အဟုတ်'

မြင့်စိုးဆိုတဲ့လူကလည်း အမေပြောလည်း ပြောချင်စရာပဲလေ။ ထမင်းစားရင်လည်း သူ့အမေပန်းကန်ထဲ ခပ်, ခပ်ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဟင်းတွေဆိုတာ ထမင်းတောင်မှ မမြင်ရတော့။ သူ့အမေက တော့ သူ့ရဲ့ ပထမဦးစားပေးပေါ့။ သူ့ရဲ့ ဒုတိယဦးစားပေးက ပုန်း ညက်ဆိုတဲ့ တူးမမပေါ့။ အဲဒီနှစ်ယောက်ကလွဲရင် အဖေနဲ့ အမေ့ ပန်းကန်ထဲကို ဦးချဖို့ သတိမရတတ်တဲ့သူပါ။

တစ်နေ့ မြင့်စိုးတို့သားအမိအလစ်ကို ချောင်းနေတဲ့ ယုဇန နဲ့သစ်ခွက ကျွန်တော့်ကို

'ရိုးဂုဏ်ရေ အဘွားကြီးမှာ အထုပ်အထည်နဲ့တော့၊ ကြည့် ရတာ အဲဒီပစ္စည်းတွေနဲ့ ပုန်းညက်ကို တင်တောင်းမလို့ထင်တယ်'

'ဘာတွေပါလာလို့လဲ'

'ယွန်းသေတ္တာလေးထဲမှာ ရတနာတွေရှိတယ်၊ ညအိပ်ရင် သူ့သေတ္တာလေးကို ခေါင်းအုံးအောက်မှာထားပြီး အိပ်တာ'

စပ်စုမ သစ်ခွက

'အခု သူ မရှိတုန်း. . ငါတို့ သူ့သေတ္တာကို သွားယူကြည့်ရ အောင်၊ ဘယ်လောက်တန်သလဲဆိုတာ သိရတာပေါ့'

ကျွန်တော်တို့သုံးယောက် ခိုးကြောင်ခိုးဝှက်နှင့် အဘွားကြီး အခန်းထဲဝင်ကြပါသည်။

'ဘယ်မလဲ နင်တို့ပြောတဲ့ သေတ္တာ'





'အေးလေ. . ဘာမှလဲ မတွေ့ဘူး'

– 'ဇကန္တ ဒီအဘွားကြီး ဥစ္စာရှူးမကြီးပဲ ဖြစ်ရမယ်၊ ညတုန်းက ပဲ သူ ထုတ်ကြည့်နေသေးတာ. . ကြည့်ရတာ သွားလေရာ ယူသွား တယ်နဲ့တူတယ်'

'သူ့ပစ္စည်း သူ့ဟာသူ ဘယ်နေရာယူယူပေါ့၊ နင်တို့ကိုက စပ်စုလွန်းတယ်'

ကျွန်တော်ပြောတာ အမှန်တရားဆိုတော့လည်း သူတို့မခံ နိုင်ပါ။

'ရိုးဂုဏ်၊ ငါတို့က အကြောင်းမဲ့ လိုက်စပ်စုနေတာ မဟုတ် ဘူးနော်၊ တို့အစ်မအတွက် လေ့လာနေတာ သဘောပေါက်'

'သူတို့လည်း တို့အိမ်ပေါ်တက်ပြီးလေ့လာနေတာပဲ မဟုတ် လား'

'အေးလေ. . . ပြန်လည်း မပြန်နိုင်ဘူး၊ အိမ်ကို ဧည့်သည် တစ်ခါလာရင် သိပ်ပင်ပန်းတာ'

ယုဇနစကားကို သစ်ခွကလည်း ထောက်ခံလေသည်။

'ကြည့်ရတာ တစ်ခါတည်း အပြီးများ နေတော့မလို့လား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အိမ်ရှေ့၌ ကားရပ်သံကြားရလေသည်။

'ဟော. . လာပြီလား မသိဘူး၊ အပြင်ပြန်ထွက်ကြ မြန်မြန်'

ဒါမျိုးဆို မြန်မှမြန်။ အပြင်ပြန်ထွက်ပြီး မှင်သေသေဖြင့် ကိုယ့်အလုပ် ကိုယ်လုပ်နေကြတော့သည်။

ဒီနေရာမှာ ကြော်ငြာလေးတစ်ခု ဝင်ရဦးမယ်။ ကိုမြင့်စိုးတို့သားအမိ တောကျပုံများ ပြောပါတယ်။ ကျွန်တော်တို့အိမ်မှာက ရေလောင်းအိမ်သာရိုးရိုးလည်း ရှိတယ်။ ဘိုထိုင်လည်း ရှိတယ်။ ပထမတစ်ရက် နှစ်ရက်တော့ သူတို့ခမျာ သည်းခံပြီး အောင့်ထားပါသေးတယ်။ သုံးရက်မြောက်နေ့လည်း ကျရော အဲဒီအဘွားကြီးက ကျွန်တော့်ကို

'သားလေး. . ရေလောင်းအိမ်သာမဟုတ်ဘဲ ရိုးရိုးအိမ်သာမရှိဘူးလားကွယ်၊ အမေတို့ အဲဒီရေလောင်းအိမ်သာနဲ့ မတက်တတ်သေးဘူးကွယ့်၊ ဒီနေ့တော့ ဆက်ပြီး အောင့်မထားနိုင်တော့ဘူး'

သူ့မျက်နှာကြီးကလည်း ရှုံ့မဲ့နေပြီ။

အန္တရာယ်ကို မလွယ်နိုင်တော့ဘူး ထင်ရဲ့။

'စောစောက ပြောရောပေါ့ အန်တီရယ်၊ လာ. . ကျွန်တော်လိုက်ပို့ပေးမယ်'





အဲဒီလိုနှင့်ပဲ သူတို့ အိမ်သာတက်ချင်တိုင်း အရိုးပုတို့အိမ်ကို လိုက်လိုက်ပို့ပေးရတာ။ ထူးထူးဆန်းဆန်းရွှေစည့်သည်တွေပေါ့။ အဲဒီမြင့်စိုးဆိုတဲ့သူကိုသာ ယောက်ဖတော်ရရင် အိမ်သာကျင်းတူးပြီး ယင်လုံအိမ်သာ အမြန်ဆောက်ရမယ့် ဒီဇိုင်းပဲဗျ။ ကျွန်တော်က ဒီအကြောင်းတွေကိုပုန်းညက်ကိုပြောတော့ သူကဘာပြောကယ်မှတ်လဲ

'ကျင်းတူးနေရင် ပိုက်ဆံကုန်သေးတယ်၊ ဂန်ဖလားကြီးကြီးတစ်လုံးရှာပေးလိုက်ရင် ကိစ္စပြီးတယ်'တဲ့။

ဩော်. . မတော်ရသေးတဲ့ ယောက္ခမကို ကြည်ဖြူလိုက်ပုံများ ပြောပါတယ်။

လူအကြောင်း ပေါင်းမှသိ တဲ့။ ကျွန်တော်တို့က သူတို့အိမ်သာတက်တဲ့အလေ့အထကို သိသွားပြီ။ သူတို့ကရော ဘာတွေ သိသွားပြီလဲ မသိ။ ပုန်းညက်ရဲ့ရိုးသားတဲ့ စိတ်အရင်းခံလေးကိုတော့ အဘွားကြီးက တော်တော်သဘောကျနေပုံရသည်။ တဖွဖွချီးကျူးလို့မဆုံးတော့။ အဲဒီစိတ်ဓာတ်ကပဲ သူတို့ကို ဒုက္ခပေးမှာ မြင်ယောင်သေးသည်။ ကိုယ့်အစ်မအကြောင်း ကိုယ်သိပြီးသားပဲလေ။

*



www.burmeseclassic.com

www.burmeseclassic.com



မြင့်စိုးအမေ အဘွားကြီးက အိမ်မှာ လူရှင်းသောအချိန်ကို ရွေးပြီး ပုန်းညက်အနားသို့ ကပ်လာလေသည်။

'သမီး. . အခန်းထဲ ခဏလိုက်ခဲ့ဦးကွယ်၊ အမေ သမီးကိုပြစရာရှိလို့'

'ဘာပြမလို့လဲ အမေ. . အဲလေ. . အန်တီ'

'သမီးကလဲကွယ်. . အမေပဲ ခေါ်ပေါ့၊ နောက်ဆို အမေက ပုန်းညက်ကို သမီးတော်မှာကွယ့်၊ ဒီအိမ်မှာ အမေ့သမီးလေးက စိတ်ရင်း အဖြူဆုံး၊ အရိုးသားဆုံး'

ပုန်းညက်က ဘဝင်လေဟပ်ချင်လာသည်။

အဘွားကြီးက အခန်းထဲရောက်တော့ ခေါင်းအုံးအောက်မှ သေတ္တာကလေးကို ထုတ်ပြီး ဖွင့်ပြသည်။ ပထဆုံး တစ်လုံးတည်း စိန်နားကပ်တစ်ရန်ကို ကိုင်ပြီး

'ဟောဒါက သူတို့အဖေဝယ်ပေးခဲ့တာ၊ ခုဆို တစ်ရာအထက်မှာ ရှိတယ် ပြောတာပဲ'

ပုန်းညက် မျက်လုံးတွေ အရောင်လက်လာသည်။

အဘွားကြီးက ဒေါင်းဘယက်ကို ထုတ်ပြပြီး ကြွားပြန်သည်။





'ဒီဘယက်လေးက အမေတို့ရဲ့မျိုးရိုးစဉ်ဆက် ဆွဲလာကြတာ ကြည့်စမ်း. . ဘယ်လောက်ကျက်သရေရှိလိုက်သလဲလို့'

'ဟယ်. . ဟုတ်ပါရဲ့၊ လက်ရာမြောက်လိုက်တာ အမေရယ် နော်. .၊ ဒါမျိုး သမီး တစ်ခါမှ မမြင်ဖူးဘူး၊ ဘယ်လောက်တန်သလဲ အမေ'

'ရွှေချည်းပဲ သုံးကျပ်ကျော်တယ် သမီးရဲ့၊ အထဲက ရတနာတွေ မပါသေးဘူး၊ မတန်ဘူးဆို အစိတ် သုံးဆယ်လောက်တော့ ရှိမှာပေါ့၊ နေဦး. . အမေငယ်ငယ်က ဝတ်တဲ့ ခြေကျင်းပြဦးမယ်၊ ခြေကျင်းတစ်ဘက်ကို ခုနစ်ကျပ်သား ရှိတယ်၊ နှစ်ဘက်ဆို တစ်ဆယ့်လေးကျပ်သားပေါ့'

'တစ်ဆယ့်လေးကျပ်သားဆို သိန်းခုနစ်ဆယ်ပေါ့'

'မောင်နှံခုနစ်ဖော်လက်ကောက်က တစ်ကွင်းကို တစ်ကျပ်သားရှိတယ် သမီးရဲ့'

'ဟာ. . ခုနစ်ကွင်းဆိုတော့ ခုနစ်ကျပ်သားပေါ့. . သုံးဆယ့်ငါးသိန်း၊ အားပါး. . အမေက သူဌေးပဲ'

ကွမ်းစားထားတဲ့သွားရဲရဲတွေကို ပေါ်အောင်ပြုံးရင်း အဘွားကြီးက



www.burmeseclassic.com

www.burmeseclassic.com



'အမေ့မှာ မောင်မြင့်စိုးတစ်ယောက်ပဲ ရှိတာ၊ အမွေ ပေးစရာဆိုလို့လေ၊ ဒါကြောင့် သူ့ကို မိန်းမမြန်မြန်ယူစေချင်တာ'

'ဘာတွေ ပြစရာကျန်သေးလဲ အမေ'

'စိန်လက်စွပ်ခုံးကွင်းလေကွယ်၊ အနည်းဆုံး ငါးဆယ်အထက်မှာရှိမှာ၊ ပြီးတော့ တစ်တန်းသွား စိန်ဆံထိုး၊ ဟောဒီမှာ တွေ့လား. .၊ ဒါလေးတွေက စိန်ကြယ်သီးပေါ့၊ အမေတို့ခေတ်က တပ်ကြတာလေ'

ပုန်းညက်က အဘွားကြီးပခုံးကိုဖက်ရင်း ချွဲပြစ်စွာဖြင့်

'အမေ. . သမီးကို ဒါတွေ ဘာလို့ပြတာလဲဟင်'

'သမီးရယ် အမေ့သားကိုယူရင် အမေ့ချွေးမဖြစ်ပြီပေါ့ကွဲ့၊ အဲဒီအခါကျရင် ဒါတွေအားလုံး သမီးပဲဝတ်ရမှာ မဟုတ်ဘူးလား'

ဘာမဆို ရိုးရိုးကြီးတွေးတတ်သော ပုန်းညက်က

'ဒါဆို ဒါတွေအားလုံး သမီးဟာပေါ့၊ ဟုတ်လား အမေ'

'ဟုတ်ပ,တော် ဟုတ်ပ'

ပုန်းညက်က ခြေမြန်လက်မြန်ပင် အဘွားကြီးထံမှသေတ္တာကို ဖျတ်ဆို ဆွဲယူလိုက်ပြီး

'ဒါများ အမေရယ်. . နိဒါန်းတွေပျိုးနေရသေးတယ်၊ အစောကြီးကတည်းက ပေးလိုက်ရင် ပွဲသိမ်းနေတဲ့ဥစ္စာကိုများ'





ရုတ်တရက်ဆိုတော့ အဘွားကြီးမှာ ကြောင်တောင်ကြီးကိုငေးလို့။

'အမေ. . သမီးသွားပြီနော်၊ ဟိုမမတွေကို သွားကြွားလိုက်ဦးမယ်'

အဲဒီတော့မှ အဘွားကြီးက သတိပြန်ဝင်လာပြီး ရင်ဘတ်စည်တီးဖြစ်တော့တာပဲ။

'ပါကုန်ပြီ. . ပါသွားပြီတော့၊ အမယ်လေး မောင်မြင့်စိုးရေ နင့်ဟာမ ငါ့ပစ္စည်းတွေ မ,သွားပြီတော့. . ဟီး. . ဟီး၊ ငါ့အပြစ်. . ငါ့အပြစ်. . ကြွားချင်ဦးဟဲ့၊ လက်ကလဲ မြန်ချက်တော်၊ ဘယ်လို ပြန်တောင်းရမှာလဲ'

ထိုနေ့ညက အဘွားကြီး ထမင်းမစားတော့ပါ။ သားအမိနှစ်ယောက် အငရဲပေါ် ဆွေးနွေးတိုင်ပင်နေကြသည်။မြင့်စိုးက သူ့အမေကို ချွေးသိပ်ထားသည်။

'သား ချော့ပြီး ပြန်တောင်းပေးပါ့မယ် အမေရယ်'

အဘွားကြီးက သူ့ပစ္စည်းပြန်မရသေးတော့ ဘယ်ပြန်နိုင်မှာတဲ့တုန်း။ မစားနိုင် မအိပ်နိုင် တရှောင်ရှောင်ဖြစ်လို့ ဆေးခန်းတောင်ပြယူရတာ။



www.burmeseclassic.com

www.burmeseclassic.com



အမေဒေါ်သိဂ်ီက ပီတိတွေ ဖြာပြီးရင်း ဖြာလို့။ မတော်ရသေးတဲ့ ချွေးမလောင်းကို ဒီလို ရက်ရက်ရောရောကြီးပေးတယ် ဆိုတော့ သူ့အတွက် ထူးဆန်းနေတာပေါ့။

အားလုံးပေါင်းရင် သိန်းသုံးရာကျော်လောက်ရှိတာ တန်ဖိုးက နည်းမှမနည်းဘဲ။

မြင့်စိုးနှင့်သူ့အမေမှာတော့ ကိုယ့်ဝမ်းနာကိုယ်သာသိသည်။ သူ့အမေရဲ့ အတွင်းပစ္စည်းတွေသည် သူတို့ ချမ်းသာသမျှ (ရှိသမျှ) အကုန်ပင်။ ဒါတွေမပါဘဲနှင့် ဘယ်လိုလုပ်ပြန်နိုင်မှာတဲ့လဲ။

မြင့်စိုးက သူ့အမေကို ဗျစ်တောက် ဗျစ်တောက် ပြောလို့မဆုံးတော့။ ရှိကုန်ကြွားလုပ်ချင်ဦး တဲ့။ သူဌေးသမီးမို့လို့ တက်ချိုင်တာ ခုတော့ ကိုယ့်အိတ်ထဲက ပါကုန်ပြီ။ ဘာဆက်လုပ်ရမလဲတဲ့။

ဒီကြားထဲ ပုန်းညက်ဆိုတဲ့မမက ပေးတဲ့သူ ပီတိဝေအောင်ဆိုပြီး အဘွားကြီးပစ္စည်းတွေကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ထုတ်ထုတ်ဝတ်ပြနေတာ။

ဝတ်ပြီးတော့လည်း ငြိမ်ငြိမ်မနေ။ သွားသွားပြီး ကလိနေတာ။

'အမေ. . သမီးနဲ့ဒီနားကပ်လေး လှရဲ့လားဟင်'





အဘွားကြီးမှာ သက်ပြင်းကို ဆောင့်ကြီးအောင့်ကြီးချရင်း မျက်လုံးမျက်ဆန်ပြူးဖြင့် ခေါင်းညိတ်ပြသည်။

'ဒါပေါ့ အမေရဲ့ ဝတ်တဲ့သူချင်းက ကွာသေးတာကိုး၊ အမေက အသက်ကြီးပြီဆိုတော့ ဘာဝတ်ဝတ် လှမှာမဟုတ်တော့ဘူးလေ၊ စိတ်လျှော့လိုက်တော့ အမေရေ'

ပုန်းညက်က ပြောချင်ရာ ပြောပြီး သွားချင်ရာ ထွက်သွားလေပြီ။ ကျန်နေခဲ့တဲ့ အဘွားကြီးမှာတော့ အသားတွေ နှစ်ဆတိုးတုန် (နဂိုကလည်း တုန်နေတာဆိုတော့)ပြီး ကျန်နေခဲ့သည်။

မြင့်စိုးပြန်လာတော့

'သားရယ် အမေ့ကို ရေနံချောင်းသာ ပြန်ပို့ပါတော့ကွယ်၊ ဒီမှာဆက်နေရင် အမေ့ အသက်တိုလိမ့်မယ်. . ဒါမှမဟုတ် နေ့ချင်းညချင်း အသက်ထွက်ချင်ထွက်သွားနိုင်တယ်'

နဂိုကမှ ဒေါသကလေးစွက်နေသော သားလိမ္မာကလေးက

'ဒါဆိုလည်း သူတို့အိမ်ကို အသုဘအိမ်လုပ်လိုက်ရုံပေါ့၊ စိတ်က သိပ်ကြည်ချင်တာမဟုတ်တော့ဘူး'

'ဩော်. . နင်ကပါ ငါ့ကို သေစေချင်နေပြီပေါ့ ဟုတ်လား၊ အလကားကောင်. . အဖြစ်မရှိဘဲနဲ့ မစားရ အညှော်ခံ လာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သတ္တိရှိရင် ဖွင့်ပြောပြီး တောင်းလိုက်ပါတော့လား၊ ခုတော့ ငိုပါရောပြီး ဒုက္ခပေးနေတာ'

ဧယားတွေက ရှုပ်ကုန်ပြီ။

'အမေ့ကို သေစေချင်လို့ပြောနေတာ မဟုတ်ပါဘူးဆို. . . သားလောက် အမေ့ကိုချစ်ပါဦးမလား၊ ခုလည်း ပုန်းညက်လိုပုံစံမျိုး အမေကြိုက်တယ်ဆိုလို့ သားက လေ့လာနေတာ၊ မပိုင်ရင် ခြင်တောင် မရိုက်ဘူး အမေ သိလား၊ အဲဒါ အမေ့ကြောင့်. . အမေပဲ ချွေးမကို ငမ်းငမ်းတက်လိုချင်နေတာ၊ အမေလိုချင်တာက ကိစ္စမရှိဘူး၊ သားပဲ တစ်သက်လုံးလုပ်ကျွေးရမှာ'

သူ့ဘက်ကို မြွားဦးပြန်လှည့်လာတော့ အဘွားကြီး ပါးစပ် ပိတ်သွားသည်။ မြင့်စိုးလည်း ကြံရာမရတော့. . . တစ်ခုခုကိုဆုံးဖြတ် မှဖြစ်တော့မည်။

သူ မဆုံးဖြတ်ခင် ဦးသင်းနုံက အရင်ဆုံးဖြတ်ချက်ချပြီး သူ့ ကို ပွင့်ပွင့်လင်းလင်းဖွင့်မေးလေသည်။

'မင်းက လူငယ်ဆိုတော့. . ဦးက ရှင်းရှင်းပဲ မေးတော့မယ် ကွယ်၊ မင်းဆီမှာ ဦးတို့ကို ပြောစရာတစ်ခုခုများရှိလားလို့၊ ဒါမှမဟုတ် မျက်နှာပူစရာကိစ္စများ ဖြစ်နေလို့လား၊ စိတ်ထဲရှိရာ ပြောနိုင်ပါတယ်'





ဒီလောက်တောင် လမ်းခင်းပေးနေမှတော့. . မြင့်စိုး ဆိုတဲ့ ကောင်က first ဂီယာထိုးပြီး မောင်းရုံပဲပေါ့။ လမ်းက ဖြောင့်ဖြူးနေ ပြီပဲ ဥစ္စာ. . ဟန်ကိုကျလို့။

'နားနဲ့မနာ ဖဝါးနဲ့နာပါ ဦးရယ်'

'ဟော့ကောင်. . ဖဝါးနဲ့နာခိုင်းတာ ပိုရိုင်းတယ်ကွ၊ လူတစ် ကိုယ်လုံးမှာ ကြားစရာဆိုလို့ နားပဲရှိတာ၊ နားနဲ့မနာလို့ ဘာနဲ့နာရ ဦးမလဲ'

'ဟုတ်ကဲ့. . စကားအဖြစ် ပြောတာပါ၊ တကယ်တော့ ကျွန် တော် ပုန်းညက်ကို သဘောကျနေပါတယ်၊ ဦးတို့က ကြည်ဖြူမယ် ဆိုရင်တော့ မိသားဖသားပီပီ တောင်းရမ်းပါ့မယ်'

ဒီဘူတာဆိုက်ဖို့အရေး သူ့ဘာသူ ဖွင့်ပြောလာပါတော့လား၊ ခု ကိုယ်က လမ်းခင်းပေးမှ ဒင်းက လိုက်လျှောက်လာတာ။

ဒီအတိုင်းသာလွှတ်ထားရင် အိမ်မှာ နောက်ထပ် ဘယ်နှလ လောက် သောင်တင်နေဦးမလဲ မသိ။

'ဒါက ဦးသဘောတစ်ခုတည်းနဲ့ မပြီးဘူးလေကွယ်၊ သူ့အမေ နဲ့တိုင်ပင်ပြီးမှ ဆက်ပြောကြတာပေါ့'

ဦးသင်းနုံက အိုက်တင်ခံပြီး သူ့မိန်းမနှင့်တိုင်ပင်သလို မြင့်



www.burmeseclassic.com

www.burmeseclassic.com



စိုးကလည်း သူ့အမေနှင့်တိုင်ပင်ပါသည်။

'အမေ. . သူတို့ဘက်က ခေါင်းညိတ်မှာ ကျိန်းသေတယ်၊ တကယ်လို့ မင်္ဂလာရက်သတ်မှတ်ပြီးရင် ကျွန်တော်တို့ ပြန်ပြီး ရေနံချောင်းက အိမ်ကို ရောင်းလိုက်ရအောင်၊ ဒီမှာပဲ လာပေါင်းနေကြတာပေ့ါ၊ အမေ့တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူးလို့ ကြည့်ကောင်းအောင် ပြောလိုက်မယ်လေ'

'နေဦး. . အဲဒီအိမ်ရောင်းလို့ရတဲ့ငွေတွေ ဘဏ်မှာ ငါ့နာမည်နဲ့ထားမယ်နော်၊ နင့်ဇနီးလောင်းကို ငါဖြင့် ကြောက်လွန်းလို့. . ခြေမြန်လက်မြန်ရှိလိုက်တာ လွန်ရော'

မြင့်စိုးက ပြုံးစိစိလုပ်ရင်း

'ချစ်တော့ ချစ်စရာလေးပါ'

'တဏှာရူး. . . နင်လည်း နင့်အဖေအတိုင်းပဲ၊ ဒါပေမယ့် နင့် အဖေက ပိုဆိုးပါတယ်၊ သူ့မှာ တရုတ်မလေးတွေ့ရင်လည်း ချစ်စရာ လေးပဲ၊ ကုလားမလေးတွေ့ရင်လည်း ချစ်စရာလေးဆိုပဲ၊ ကပ္ပလီမတွေ့ ရင်လည်း ချစ်ဦးမှာပဲ ထင်တယ်၊ သေသွားလို့သာ တော်တော့တယ်'

အဘွားကြီး ပေါက်ကွဲနေတာလေ. . မြင့်စိုးအဖေက သူ့





အပြင် နောက်ထပ် မိန်းမ နှစ်ယောက်တောင် ရှိသေးတာ။ မြင့်စိုးမှာ သူ့အမေအပြင် မေမေလေးတွေ၊ မေမေလတ်တွေ ရှိသေးသည်။

အိမ်ရောင်းချင်တာ အဲဒီမေမေsmallလေးတွေကို ကြောက်တာလည်း ပါသည်။ အဖေဆုံးပြီဆိုတော့ ဇယားလာရှုပ်မှာ စိုးရသည်။

သူတို့သားအမိနှစ်ယောက်မှာ တိုးတိုး တိုးတိုးဖြင့် တစ်ခုပြီး တစ်ခု တိုင်ပင်နေကြသည်။ နားတွေကိုစွင့်၊ မျက်လုံးတွေကိုဖွင့်ကာ မိုင်ကုန် စပ်စုနေကြသော ကျွန်တော့်အစ်မ လေးယောက်ကလည်း တိုက်ဂီ့အတွက် အရေးပေါ်အစည်းအဝေးထိုင်ကြလေသည်။

ဖိုးမမ သစ်ခွက

'ပုန်းညက်. . သူတို့သားအမိတွေက အကြံကြီးသမားတွေ ထင်တယ်နော်၊ ဒီကိစ္စကို နင်ပေါ့ပေါ့မတွေးနဲ့၊ အဖေနဲ့အမေ ပြောတိုင်း ခေါင်းမညိတ်လိုက်နဲ့ ကြားလား'

ယုဇနက တွေးတွေးဆဆလုပ်ရင်း

'ငါ့သဘောကတော့ နင်နဲ့ ဂန္ဓမာ လူချင်းခဏချိန်းကြည့်ရင် ကောင်းမယ်'

စွာတေးမ ဂန္ဓမာက

'အမယ်. . ဘာကိစ္စချိန်းရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလေဟယ်၊ နင်က ပုန်းညက်ထက်ပိုပြီး လည်လည်ဝယ်ဝယ်ရှိတယ် မဟုတ်လား၊ နည်းနည်းပါးပါး တီးခေါက်ကြည့်ခိုင်းမလို့ပါ၊ သူတို့ကြည့်ရတာ ဒီအိမ်က ခွာမယ့် ဒီဇိုင်း မရှိဘူး၊ အဲဒါ ဘာကြောင့်လဲ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့'

ယုဇန ပြောတော့မှ ဂန္ဓမာက ဇာတ်ရည် နည်းနည်းလည်လာလေသည်။ သူ့ရဲ့အမြွာညီမ ပုန်းညက်ကို စစ်လား ဆေးလားလုပ်ပါလေတော့သည်။

'ဒီအဘွားကြီးက စေးကုပ်ကြီးပါဟာ၊ သူ့သားနဲ့မယူသေးဘဲနဲ့ သူ့ပစ္စည်းတွေ ပေးတယ်ဆိုတော့ စဉ်းစားစရာပဲ၊ ပုန်းညက်မ ငါ့ကိုသေချာပြောစမ်း၊ အဘွားကြီးက နင့်ကိုဘယ်လိုပြောပြီးပေးတာလဲ'

'သူက ပြောတယ်လေ၊ သူ့သားနဲ့ယူရင် ဒီပစ္စည်းတွေအားလုံး သမီးဝတ်ရမှာတဲ့၊ အဖေတို့က ငါ့ကို သူ့သားနဲ့ပေးစားမှာပဲ ဥစ္စာငါလည်း မထူးဘူးဆိုပြီး တစ်ခါတည်းယူထားလိုက်တာပေါ့'

ပုန်းညက်ပြောမှ အားလုံးသဘောပေါက်သွားကြသည်။

'အဲဒါပဲ. . အဲဒါကို ပြောတာ၊ နင့်အကြောင်း ငါသိပြီးသား ပုန်းညက်မရေ၊ ဒီလောက်မှမသိရင် နင့်ထက်ငါ ငါးမိနစ်စောပြီး ထွက်မလာဘူး သိလား'





'ဩော်. . နင်က အရှေ့မှာလာပြီး ပိတ်ထားတော့ ငါထွက်လို့ရပ့ါမလားဟဲ့၊ လာပြီး ပဏာယူနေသေးတယ်၊ ငါ ဆောင့်ကန်ထည့်လိုက်လို့ အရင်ထွက်ရတာများ'

ကဲ. . သူတို့က အဲသလိုပဲ။ အစလေးတစ်စ ရရင် ဆွဲထုတ်ပြီး ဖြစ်ကြတာ မပြီးနိုင်မစီးနိုင်တော့။

ယုဇနက

'ဒါကြောင့် အဘွားကြီး ရင်ခံနေတာကိုး'

သစ်ခွက နေကြာစေ့တွေကို တဖြောင်းဖြောင်းကိုက်ရင်း

'သူတို့ကို စမ်းသပ်ကြည့်ရမယ်၊ မင်္ဂလာကိစ္စပြောကြဆိုကြရင် တစ်ခုပြီးတစ်ခု တောင်းဆိုခိုင်းလိုက်ပေါ့၊ ဒါမှ ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိရမှာပေါ့'

တကယ်တမ်းမင်္ဂလာကိစ္စဆွေးနွေးကြတော့ မြင့်စိုးတို့သားအမိကသာ တစ်ခုပြီးတစ်ခု တောင်းဆိုသွားပါသည်။

နံပါတ်တစ် - အိမ်ခွဲပြီး မနေပါတဲ့။
(ပုန်းညက်လေး သူ့မိဘတွေနဲ့၊ အမြွာအစ်မနဲ့မခွဲနိုင်မှာစိုးလို့ပါတဲ့လေ)



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်နှစ် - မင်္ဂလာကိစ္စကို အကျယ်မချဲ့လိုပါတဲ့။
(သူက ရှက်တတ်တော့ ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်းကပ်ရင်း ပြီးချင်တာပါတဲ့။)

နံပါတ်သုံး - ဆန်စက်တစ်ခုလောက် သူ့ကို အုပ်ချုပ်ခွင့်ပေးပါတဲ့။
(သားယောကျ်ားလေးနည်းတော့ သူက တစ်တပ်တအား ဝင်ကူမလို့ဆိုပဲ)

အမေကလည်း ပြတ်သလား မမေးနဲ့. . ချက်ချင်းကို ချေပကိုးပြန်သွင်းတော့တာ

'မင်းဘက်က သိပ်ပြီး နစ်နာနေပါဦးမယ်ကွယ်၊ ဒီလိုလုပ်လေ အန်တီတို့ပြန်ပြီး အကြောင်းပြန်လိုက်ပါ့မယ်'

သူတို့ဘက်က ကိုးသွင်းတာ မဝင်မှန်းလည်း သိရော နောက်တစ်နေ့မှာ တစ်မျိုးလှည့်ပြီး ကြံပြန်လေသည်။ သူတို့အမျိုးတွေ ရှင်ပြုမှာမို့လို့ ရေနံချောင်းပြန်ရမယ်တဲ့. . အဲဒါ ပုန်းညက်ဆီက ရတနာသေတ္တာကလေး ခဏလောက် ပြန်ပေးလိုက်ပါဆိုပဲ. . ဒီနေရာမှာ အပြတ်ဖြတ်ဖို့ လိုလာပါပြီ။

ဂန္ဓမာက ဝင်ပြီး ဆုံးဖြတ်ပေးလိုက်သည်။





'ပုန်းညက်. . သူတို့ပစ္စည်းတွေ ချက်ချင်းပြန်ပေးလိုက်စမ်း၊ နင့်ကို ထုတ်ပြတိုင်း အပိုင်ပေးတယ်လို့ထင်နေစရာလားဟဲ့. . အဲဒါကြွားတာ. . မသိရင် မှတ်ထား၊ အဲဒီပစ္စည်းတွေ မရသရွေ့ တို့အိမ်မှာ သောင်တင်နေဦးမှာ သိပြီလား'

ဂန္ဓမာ့လို ဘွင်းဘွင်းသမားနှင့် တွေ့တော့. . . သားအမိနှစ်ယောက် သူတို့ပစ္စည်း သူတို့ယူပြီး တစ်ချိုးတည်းလစ်ကြတော့တာ။

ဂန္ဓမာ့လိုပဲ ပုန်းညက်လည်း အရောင်းအဝယ်ပါးနေတုန်းပဲ ၄ပေါ့။ (ဈေးဦးတောင် မပေါက်သေးဘူး)

အဖေနဲ့အမေကတော့ ဖွဲမလျှော့သေးဘူး။ ဒီတစ်ယောက်မရရင် နောက်တစ်ယောက်အတွက် ရှာရဦးမှာပဲတဲ့။ သူတို့မှာ နောက်ထပ် သမီးနှစ်ယောက်တောင် ရှိသေးတာကိုး။

■



www.burmeseclassic.com

www.burmeseclassic.com

## ဒီတစ်ခါ ယုဇနအလှည့်

ယုဇနက ခုတလော ရိုးဂုဏ်အနားမှာ ကပ်ဖားကောင် လုပ်နေလေသည်။ ဝတ်တာ နှစ်နာရီမပြည့်သေးတဲ့အင်္ကျီတွေကို နံစော်နေတာပဲလို့ ပြောပြီး

'ရိုးဂုဏ်. . ငါ နင့်အင်္ကျီတွေ လျှော်ပေးမယ်လေဟယ်'

'ခုနကမှ ဝတ်ထားတာလေ No.3 ကလည်း တော်တော်လျှော်ချင်နေတယ် ဟုတ်လား၊ ကျွန်တော်က အငယ်မဲ့ဟာ. . ကျွန်တော့်ဟာတွေ လျှော်ပေးရင် ငရဲကြီးကုန်မှာပေါ့၊ အဖေနဲ့အမေ့အင်္ကျီတွေ သွားလျှော်ပေးပါလား ကုသိုလ်တောင် ရဦးမယ်'

'ဟင့်အင်း. . ငါက နင့်အင်္ကျီတွေပဲ လျှော်ချင်တာ၊ လျှော်စရာမရှိဘူးဆိုရင် တစ်ခုခုတော့ ခိုင်းဟာ. . လုပ်ပေးချင်လွန်းလို့'





သူ့ရဲ့မချိမချဉ်မျက်နှာကို ကြည့်ပြီး တစ်ခုခုပဲဆိုတာ ကျွန်တော် သိလိုက်ပါသည်။

'မိုးတွင်းလည်း မဟုတ်ဘဲနဲ့. . . အိမ်ပေါ်မှာ ဖားမကြီးတစ်ကောင် ရောက်နေတာကိုး'

'နင်သိရင်လည်း ပြောပြဟာ. . သွယ်ဝိုက်မနေတော့ဘူး၊ နင့်သူငယ်ချင်း ဟိုဇာတ်မင်းသားလိပ်စာလေ'

'ဘာလုပ်မလို့လဲ'

'ငါက သူတို့အဖွဲ့ကိုကြိုက်တာကိုး၊ အခု ဘယ်မှာကနေလဲဆိုတာ စုံစမ်းချင်လို့ပါ'

'သွားပြီး ဇာတ်လမ်းမရှာပါနဲ့ဟာ၊ ဒီကောင်က သိပ်မမိုက်ပါဘူး၊ ဒီလောက်ဆို သဘောပေါက်တော့'

မိုက်တယ် မမိုက်ဘူး ဆိုတာ မိန်းကလေးတွေက ပိုသိတာပေါ့။ သူတို့ယောက်ျားချင်း ဘယ်လိုလုပ်သိနိုင်မှာလဲလို့။

မိုးသောက် စတိတ်ရှိုးဆိုရင် ဘယ်လောက်မိုက်သလဲ. . အဲဒါတွေ သူမှမသိတာ။

အဲသလိုမိုက်လွန်းလို့ ပျိုပျိုအိုအို ကတ္တီယတွေ အကုန်လုံးက အာဘွားပေးချင်စိတ်တွေ ပေါက်ပေါက်လာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့သူငယ်ချင်းတွေနဲ့ ရန်ကုန် ဘုရားဖူးထွက်တဲ့အခါ သူတို့ ဇာတ်ပွဲကို ကြည့်ချင်လွန်းလို့ပါဟယ်၊ ခုဆို ပွင့်လင်းရာသီထဲရောက်နေပြီ မဟုတ်လား'

ရိုးဂုဏ်မှာ တော်တော်ဦးနှောက်စားသွားသည်။ ဒီသူငယ်ချင်းလောက် စပွန်ဆာများတဲ့သူငယ်ချင်း မတွေ့ဖူးပါဗျာ။ ဒီကြားထဲ အိမ်က အစ်မက ဝင်ပြီး စပွန်ဆာပေးချင်နေသေးတယ်။ သူ့မမတွေ (တကယ်တမ်းကျတော့ အန်တီကြီးအရွယ်တွေပါ)နဲ့ သူ လက်ကို မလည်တာ။ ဟိုတလောလေးကတင် ဖုန်းလာသေးတယ်။ ဘယ်မမနဲ့ဆိုလား၊ ဒင်းက သုံးနိုင်ငံ သွားလည်သေးတာဆိုပဲ။ (အားများတောင်ကျမိပါရဲ့)

'ဇာတ်ပွဲကြည့်တာတော့ ငါ မကန့်ကွက်ပါဘူး၊ ဒီကောင်နဲ့ဆိုရင်တော့ ရှော့ရှိတယ်နော်'

'အိုး. . သူနဲ့ငါက ဘာဖြစ်နေလို့လဲ၊ သူက နင့်သူငယ်ချင်းပဲဥစ္စာ'

'အဲဒီသူငယ်ချင်းကိုပဲ ယောက်ဖမတော်ချင်လို့ ပြောနေရတာ'

ယုဇနက စိတ်ရှည်ချင်ပုံမရတော့။ ဒေါသသံကလေး နည်းနည်းစွက်လာပြီး





'နင် ပြောမလား မပြောဘူးလား၊ ရတယ်လေ ငါ့ဘာသာငါ စုံစမ်းယူမယ်'

'ပြောဆိုတော့လည်း ပြောရတာပေါ့လေ. . တစ်ခုတော့ရှိတယ်နော်. . ကိုယ်ဖြစ်ကိုယ်ခံပဲ၊ သူ့လိပ်စာတော့ ငါလည်း မသိဘူး၊ ဖုန်းနံပါတ်က (0985.....) ဒါဆို ရပြီ မဟုတ်လား'

ဖုန်းနံပါတ်ကို ပါးစပ်မှတတွတ်တွတ်ရွတ်ရင်း လိုက်မှတ်နေသော ယုဇနကို ရိုးဂုဏ်က စိတ်လက်မအီမသာဖြင့်ကြည့်နေမိသည်။

ထိုစဉ် အိမ်ရှေ့ ဧည့်ခန်းဆီမှ အမေ၏ အသံဝါဝါကြီးကို အတိုင်းသား ကြားလိုက်ရသည်။ ယုဇနမှာတော့ ဒိန်းဆို သွေးနည်းနည်းတက်ချင်လာသည်။ ဒီတစ်ခါ သူ့အလှည့်ရောက်ပြီမဟုတ်လား။

'လာ. . လာ. . မမတင်၊ သိဂီ ထင်တော့ ထင်သား၊ ဒီနေ့ မမတင် လာမလား မသိဘူးလို့၊ သူက မမတင်တူလေးလား'

'ဟုတ်တယ်လေ သူ့ကို သိဂီဘယ်မှတ်မိတော့မလဲ အရပ်ကြီးကလည်း ခြောက်ပေတောင် ကျော်ချင်ချင်ပဲ'

အမေ့အသံကလည်း ရွှန်းရွှန်းကိုဝေနေသည်။

'လူကလည်း လူဖြောင့်ပဲကိုး. . မသိရင် တရုတ်မင်းသားလိုလို. . ကိုးရီးယားမင်းသားလိုလို'



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောတာဆိုတာတွေကိုခန့်မှန်းပြီး ရိုးဂုဏ်က ယုဇနကို

'နင် ဟိုဖုန်းနံပါတ်ကို ဆက်စရာမလိုတော့ဘူး ထင်တယ် နော်၊ ဒီတစ်ယောက်တော့ ခပ်မိုက်မိုက်ကလေး ထင်တာပဲ၊ ငါတောင် စိတ်ပြောင်းပြီး ထွက်ကြည့်ချင်လာပြီ အဟုတ်. . .'

'ယုဇနရေ. . သမီး. . ခဏလာခဲ့ဦးကွယ်'

ယုဇနက စိတ်ရှုပ်စွာဖြင့် ခေါင်းကို တဗျင်းဗျင်းကုတ်လေ၏။

'သွားလေ. . နင့်ကို အမေခေါ်နေပြီ'

ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထွက်သွားသောအစ်မကို ကြည့်ပြီး ရိုးဂုဏ် သဘောတွေကျနေသည်။ စပ်သာ စပ်ပေးနေတာ တစ်ယောက်မှ မစွံသေးဘူး။ အမေ့ခမျာ မမောသေးဘူးလား မသိ။

'ဟောဒါက တတိယသမီးလေ. . သူက သွက်လက်တယ်၊ အကင်းပါးတယ် မမတင်ရဲ့'

အမေကတော့ သူ့သမီးကို ကိုယ်ရည်သွေးနေပြီ။ ဇာတ်ပွဲ ကြိုက်တာကျတော့ ဘာလို့ထည့်မပြောတာလဲ မသိဘူး။

'အချောလေးပဲကိုး. . မအေတူလေးတော့'

'ဟင်း. . ဟင်း. . မမတင် မပြောလည်း သိဂီတို့က ကျေးမှာပါ'





အမေက သဘောတွေ မနောတွေ ခွေ့နေပြီ။

'သမီးအစ်မတွေနဲ့ ထမင်းပွဲ သွားပြင်ကူလိုက်ဦး၊ သမီးက လက်ဖက်သုပ် တော်တယ်လေ၊ အဲဒါလေး ပါအောင်လုပ်ပေး ကြားလား'

'ဟုတ်'

ယုဇနက အဲဒီလူကို အသာလေးခိုးကြည့်သည်။ အမေပြော သလောက်လည်း မဟုတ်ပါဘူး။

သေချာတာက ဒီလူဇာတ်မင်းသား မဟုတ်တော့ သူ့မျက်စိ နဲ့ မတွေ့ခြင်းပင်။

'သိဂီတို့တော့ သမီးတွေအားကိုးနဲ့ ဇိမ်ကိုကျလို့'

'ဒါပေါ့. . ဒါပေါ့၊ သူတို့ငယ်ငယ်တုန်းက ကိုယ်ပင်ပန်းခဲ့ပြီး ပြီလေ၊ အမွှာတွေဆိုတော့ တစ်ယောက်ဖျားရင် နောက်တစ်ယောက် ပါ လိုက်လိုက်ပြီး ဖျားတာ'

ထိုစဉ် သစ်ခွက အူတူတူဖြင့် ထွက်ချလာသည်။ အမေက လည်း ရုတ်တရက်ဆိုတော့ သတိလစ်ပြီး ယုဇနအထင်ဖြင့် သူ့ခါးက အကျီစကို လှမ်းအဆွဲ

'ဖေ(   )မသား. . စလူးကောင်ရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . ဘုရား၊ ဧည့်သည်ရှေ့မှာ အရှက်တွေတော့ ဖြန်းဖြန်းကွဲပါပြီ။ မီးခဲမကိုမှ ခါးသွားထိရတယ်လို့။ သစ်ခွက ခုမှသတိနှင့်လူ ပြန်ကပ်မိပြီး

'အမေ . . ကန်တော့နော်. . ကန်တော့၊ အန်တီ ကန်တော့ပါသေးရဲ့'

'ဟဲ့ . . လူကြီးကို 'ကန်တော့'ဆိုရင် ပြီးနေတဲ့ဥစ္စာ၊ အလျှုခံများ မှတ်နေသလား မိသစ်ခွရဲ့'

အဲဒီအန်တီကြီးရဲ့တူဆိုတာ မျက်လုံးကိုပြူးနေပြီ။ ဘယ့်နှယ်ဒီလောက် ဒီဇိုင်းတွေတူနေတာ သူများမပြောနဲ့ သူတို့အမေတောင်မှားယူရတာ ကြည့်တော့။

'အဲဒါပဲ ကြည့်တော့ မမတင်ရယ်၊ သမီးတွေထဲမှာ သူ့တစ်ယောက်က ဘယ်လိုယောင်တတ်မှန်းကို မသိတာ . . သူက ခုနကယုဇနရဲ့အမွှာလေ'

'ချစ်စရာလေးတွေကွယ်'

အန်တီကြီးက အပြောမှာ ယောင်လက်စ ရှိနေသေးတဲ့ . . သစ်ခွက

'ချစ်စရာလေးတော့'





ဟု ထပ်ယောင်ပြန်သည်။ အဲဒီမှာ အန်တီကြီးက ဘာသာပြန်လွဲပါလေရော။

အန်တီ့တူကို ပြောတာလား သမီး'

အမေက ပျာပျာသလဲ ဝင်ငြင်းရှာသည်။

'မဟုတ်ဘူး မမတင်၊ သူ ယောင်နေတာပါ။ သူက ဒီလိုပဲ . . အခန့်မသင့်ရင် သူများပြောသလို လိုက်ပြောတယ်၊ သူများလုပ်သလို လိုက်လုပ်တတ်တာ . . တစ်ခါကဆို လမ်းမှာ ဆီတွေ သွန်ပစ်ခဲ့တာလေ'

'သနားပါတယ်ဟယ်'

ပုန်းညက်က ထမင်းပွဲပြင်ပြီးကြောင်း အရှေ့ထွက်လာပြီး ပြောသည်။

'အန်တီတို့ ထမင်းစားလို့ရပါပြီရှင့်'

'လာ . . မမတင်၊ သား . . လာ၊ ထမင်းစားရအောင်'

အန်တီကြီး ထလာပြီးနောက် သူ့ရဲ့တူတော်မောင် ထလာသည်။ သူ့ကို သေသေချာချာကြည့်နေ(စပ်စုနေ)ကြသော ပုန်းညက်နှင့် သစ်ခွမှာ အံ့ဩသွားကြသည်။ အကြောင်းမှာ အဲဒီလူက လမ်းလျှောက်လျှင် ထော့နဲ့ထော့နဲ့ဖြင့် ခြေတစ်ဖက် မသန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထူးခြားချက်ကို သူတို့က ယုဇနဆီ သူ့ထက်ငါ ဦးအောင် သံတော်ဦးတင်ကြသည်။ ဝမ်းသာအားရဖြင့်

'ယုဇနရေ. . နင်တော့ ထော့ကျိုးနဲ့တိုးပြီတော့'

'နင့်လူက ကျိုးနေတာတော့'

နဂိုကမှကျနေသော ယုဇန၏စိတ်တွေ ဟိုးအဝီစိထိရောက် သွားတော့သည်။

အမေက ယုဇနကို ထမင်း အတူဝင်စားဖို့ လာခေါ်သော အခါ ယုဇနက

'အမေ. . သူတို့ပြောတာ အမှန်လားဟင်၊ အင်မ့သူငယ်ချင်း တူက ထော့ကျိုးဆို'

အမေက ဘာမှမထူးဆန်းသလို တုံ့ပြန်သည်။

'ထော့ကျိုးတော့ရော ဘာဖြစ်လဲ သမီးရယ် လူတစ်ယောက်မှာ အဓိကက စာရိတ္တပဲ၊ သူ့မှာ ခြေထောက်လေး ကျိုးနေတာကလွဲရင် အားလုံး ကောင်းတယ်၊ မျိုးရိုး၊ ရုပ်ရည်၊ အလုပ်အကိုင်၊ ဘာဆို ဘာမှပြောစရာမရှိဘူး'

ပုန်းညက်က တစ်မျောင့်။ သူတွေးချင်ရာတွေးပြီး ပြောချင်ရာတွေ စွတ်ပြောတော့သည်။





'ထော့ကျိုး ဆိုတာ. . ခြေထောက်ပဲ ကျိုးတာကိုး၊ လက်စ သတ်တော့'

တယ်လေ. . . ငါ ပြောလိုက်ရ မကောင်းတော့ဘူး၊ ခြေထောက်မကျိုးလို့ ဘာကျိုးရဦးမှာလဲ၊ သွား. . ကိုယ့်နေရာကိုယ်နေ၊ ယုဇန. . လာ. . ငါနဲ့လိုက်ခဲ့'

အမေ ဆွဲခေါ်ရာနောက်သို့ စိတ်မပါလက်မပါဖြင့် လိုက်သွားသော ယုဇနမှာ ဆုံးဖြတ်ချက်တစ်ခုကို တစ်ခါတည်း အပြီးချလိုက်လေသည်။

ရန်ကုန် သွားပြီး သူမ သဘောကျနေသော မိုးသောက်ကို ရှာမည်။ တွေ့ရင် မီးစင်ကြည့်ပြီး ရေလာမြောင်းပေးလုပ်မည်။ ဖြစ်နိုင်ရင် ရေတွေစီးလာဖို့ မြောင်းဖောက်ပေးလိုက်မည်။ အိမ်မှာထိုင်ပြီး အမေပေးစားတဲ့ ထော့ကျိုးကို မယူနိုင်ပေါင်။ တော်ကြာ ထော့ကျိုးလေးတွေ မွေးလာမှအခက်။

*



www.burmeseclassic.com

www.burmeseclassic.com



ထော့ကျိုးကလေး လာပြီး နောက်တစ်နေ့မှာပင် ယုဇနတစ်ယောက် အိမ်မှ ပျောက်ချင်းမလှ ပျောက်သွားပါတော့သည်။

ရည်းစားသနာမရှိ။ ခိုလှုံရာရင်ခွင်မရှိ။ နားလည်စွာ ရင်ဖွင့်ကြိုမည့် ဂတ်ဂတ်လေးလည်း မရှိရှာသော ယုဇနကို တစ်အိမ်လုံးက စိတ်တွေ ပူနေကြသည်။ သူ သွားနိုင်မည်ထင်သည့် နေရာတိုင်းကို လိုက်ပြီး စုံစမ်းကြသည်။ လင်နောက်လိုက်သွားတယ်ဆိုလည်း မျက်နှာလွှဲ ခဲပစ် စိတ်ချလက်ချထားလိုက်လို့ ရသေးသည်။ ခုတော့ သူ့ကြောင့် တစ်အိမ်လုံး အုံးစားနေရပြီ။

ဒီကိစ္စကို ရှိုးဂုဏ်တစ်ယောက်သာ ရှိုးတိုးရိတ်တိတ် ဆက်စပ်ပြီး တွေးလိုက်နိုင်သည်။ သူထင်တာ မလွဲလျှင် အဲဒီ သူ့ရဲ့အစ်မ အချစ်တုံးကြီးဟာ အလွန်တရာမှတင်စီးပြီး ကပ်စေးနှဲလှသော မိုးသောက်ဆိုတဲ့ ဇာတ်မင်းသားဆီကို သွားရန် နီးစပ်လွန်းနေသည်။

ရှိုးဂုဏ်က မိုးသောက်ဆီ ဖုန်းလှမ်းဆက်ပြီး ဘေးရန် ဆီးကာလုပ်ထားရသည်။ ဒီကောင့်ကိုတော့ ဘယ်လိုနည်းနဲ့မှ ယောက်ဖ မတော်နိုင်ပါ။ သူငယ်ချင်းဘဝမှာတောင် ဒီလောက်တင်စီးချင်တာ၊ ယောက်ဖလို့ ရာထူးတစ်ဆင့်တိုးသွားလျှင် ပိုပြီးရောင့်တက်လာမှာ သေချာသည်။





တစ်ဘက်မှ 'ဟယ်လို'ဟု ထူးသံထွက်လာသည်။

'မိုးသောက် . . ငါပါကွ ရှိုးဂုဏ်ပါ'

'သူငယ်ချင်း ပြော . .'

'ဒီလိုကွာ ငါ့ရဲ့တတိယအစ်မ ယုဇန ရန်ကုန်ကို သူငယ်ချင်းတွေနဲ့ သွားတယ်၊ အဲဒါ မင်းတို့အဖွဲ့ ဘယ်မှာ က,တယ်ဆိုတာ သိချင်လို့တဲ့၊ ငါ မင်းဖုန်းနံပါတ်ပေးလိုက်တယ်၊ တကယ်လို့ သူဆက်လာခဲ့ရင် မင်းတတ်နိုင်သလောက် ကူညီပေးပါဦးကွာ၊ ပြီးရင် ငါ့ဆီ contact လုပ်ဖို့ မမေ့နဲ့ဦးနော်'

'အေးပါကွာ . . စိတ်ချ၊ မင်းအစ်မကို တစ်ခါတည်းစွဲအောင် လုပ်ပေးလိုက်ရမလား၊ ငါ့မှာ သူငယ်ချင်းတွေအများကြီးရှိပါတယ်ကွ'

'ငါ့အစ်မက အရေးမကြီးပါဘူးကွာ၊ မင်း တကယ်စေတနာရှိရင် မင်းပရိသတ်အလန်းလေးတွေနဲ့ မိတ်ဆက်ပေးလေကွာ ဘယ်လိုလဲ . . တိုနေပြီမဟုတ်လား'

ရှိုးဂုဏ်က မိုးသောက်ကို လှမ်းစ,ရင်း သွေးတိုးစမ်းကြည့်လိုက်သည်။ ဟိုကလည်း အလိုက်တသိပင် သူ့ရဲ့ စပွန်ဆာမမကြီးတွေကို အတင်းကာရော ထိုးပေးတော့သည်။ စေတနာသုံးတန်ကို ပြတ်သားပြီး လှူနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့စပွန်ဆာမမတွေလည်း လန်းပါတယ်ကွ၊ မှင်းလိုချင်ရင် ငါမိတ်ဆက်ပေးမယ်လေကွာ'

'နားစမ်းပါကွာ၊ စိတ်လေလွန်းလို့. . ဒါပဲ ဒါပဲ'

ဒီကောင်ရိုးဂုဏ်က စပွန်ဆာကြီးတော့ တော်တော်ကြောက်ပုံရသည်။ တစ်ခါတည်း ဖုန်းချသွားပြီး ပြေးတော့တာ။

'မိုးလေဝသ သတိပေးကြေညာချက်'

နေမင်းကြီးက အာရုတော်ဝင်မှာ
medical check up လုပ်ပြီး
result (ရလဒ်)က normal ဖြစ်သော
နေ့တစ်နေ့တွင်
မမျှော်လင့်ဘဲ
အချစ်မုန်တိုင်း(အမည်က ယုဇန)ထန်ဖို့
အကြောင်းတစ်ရပ် ဖြစ်ထွန်းလာခဲ့သည်
ထိုမုန်တိုင်း၏ဗဟိုချက်က





မိုးသောက်ဆီဦ ဖြစ်တည်နေပြီး
မိုင် ၈၀နှုန်းဖြင့် တိုက်ခတ်နိုင်ပါသည်။
ထို့ကြောင့်
ယုဇနမုန်တိုင်း တိုက်ခတ်နိုင်သော
မိုးသောက်ရပ်ဝန်းသည်
ဘေးလွတ်ရာသို့ ကြိုတင်ရှောင်ရှားသင့်ပါကြောင်း. . .

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်–၄၁၊ မြေညီထပ်၊ မေတ္တာရောင်ပြန်ရပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ယုဇန ဆိုတဲ့ မိန်းမက လွယ်လွယ်နဲ့ ဇွဲလျှော့ရိုးလား. . . မိုးသောက်ဆီသို့ သူဖုန်းခေါ်နေတာ ငါးကြိမ်ရှိပြီ။ ခက်တာက လူကြီးမင်းနှင့်ပဲ တိုးနေသည်။ Redialခလုတ်ကို Non.stopနှိပ်မှ ဝင်တော်မူတော့သည်။ 'ကဲ. . မင်း ဘယ်ပြေးမလဲ ဇာတ်မင်းသားလေး'သူမစိတ်ထဲမှ တီးတိုးကြိမ်းဝါးလိုက်သည်။

'ဟယ်လို၊ မိုးသောက် ပြောနေပါတယ်'

'မောင်လေး. . မမယုဇနပါကွယ်၊ ရိုးဂုဏ်ရဲ့အစ်မလေ'

'ဟာ. . ကိုယ့်အစ်မပဲ ဥစ္စာ. . . ကျွန်တော် မှတ်မိတာပေါ့၊ ဘာအကူအညီပေးရမလဲ အစ်မ'

ယုဇနက ကြိုတင်ကြံစည်လာသည့်အတိုင်း လံကြုပ်ဇာတ်ခင်းလေသည်။

'ငါ့မောင်အတွက် လက်ဆောင်တွေယူလာလို့ လိပ်စာလေး တစ်ဆိတ်လောက်'

'ကျွန်တော်က gipsyဗျ၊ အတည်တကျမရှိဘူး. . ကြုံသလိုပဲ၊ ဒီလိုလုပ်လေ အစ်မ တည်းနေတဲ့ လိပ်စာပေး. . ကျွန်တော် လာယူမယ်၊ ဖြစ်လား'

လဲသေလိုက်တော့ ယုဇနရယ်။ သူ့အိမ်မှာများ တည်းရမလားလို့ သုံးသောင်းလောက် အိတ်စိုက်ပြီး ရင်းနှီးလာရတာ. . ယုဇနက နည်းနည်းလောက် သွေးတိုးစမ်းကြည့်လိုက်သည်။

'မမလည်း ဘယ်မှာတည်းရမှန်း မသိသေးပါဘူးကွယ်၊ ခုတောင်မှ ကားဂိတ်ကနေ လှမ်းဆက်နေတာ. . . မိန်းကလေးတစ်ယောက်တည်းဆိုတော့ ဟိုတယ်မှာသွားတည်းဖို့ကလည်း မသင့်တော်ပြန်ဘူးလေ'

'sorry ပဲ အစ်မရာ၊ ကျွန်တော်က သူငယ်ချင်းတွေ ပါလာတယ် ထင်လို့၊ ဒီလိုလုပ်လေ. . အခု ကျွန်တော် ထွက်လာခဲ့မယ်. . အစ်မ အဲဒီမှာပဲ စောင့်နေ ဟုတ်ပြီလား'

ငါကွဟု လက်ခမောင်းခတ်ပြီး ထအော်ချင်စိတ်ကို မနည်းထိန်းထားရင်း ယုဇနက

'ကျေးဇူးပဲ မောင်လေးရယ်'

ဟု နည်းနည်းလေး ပဲပေးကာ လုပ်ပြောပြောလေသည်။

မိုးသောက်က သူပြောသလိုပင် သိပ်မကြာသောအချိန်တွင် အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ရောက်လာလေသည်။ မောင်လေး ရိုးဂုဏ်က မိုးသောက်ကို အထင်သိပ်မကြီးပေမယ့် အခုမြင်လိုက်ရတဲ့ သူ့ရဲ့ဒီဇိုင်းနှင့် သူစီးလာတဲ့ ကားက အမိုက်စားလေးပါလား။ လူငယ်







www.burmeseclassic.com

www.burmeseclassic.com



ပီပီ Free style လေးနှင့် လန်းဆန်းနေတဲ့ ဘဲအလန်းလေးက မမယုဇန သိပ်ချစ်ရတဲ့ 'မရဲ့မောင်'မိုးသောက်ပဲပေါ့။

တက်ကြွနေတဲ့ အဲဒီကြက်ဖ. . အဲလေ. . ကောင်လေးဟာ လှိုက်လှဲပျူငှာစွာ ပြုံးပြရင်း ယုဇနဆီ ရောက်လာသည်။

'လာ. . အစ်မ၊ ကားပေါ်တက်'

နှစ်ခါ ခေါ်စရာမလိုပါဘူးကွယ်။ 'တက်'ဆိုတာနှင့်တက်ပြီး သွားပဲလေ။

'အစ်မကို ရန်ကင်းက ကျွန်တော့်မိတ်ဆွေအစ်မကြီး ခြံမှာ တည်းခိုင်းမလို့၊ ဘာမှအားနာစရာမလိုဘူးနော်၊ သူ မေးရင်သာ ကျွန်တော့်အစ်မဝမ်းကွဲလို့ ပြောလိုက်၊ အားလုံး အိုကေတယ် သိလား. . အစ်မကို လိုလေသေးမရှိ ပြုစုပါလိမ့်မယ်၊ မရောက်ဖူးတဲ့နေရာတွေ အကုန်ပို့ခိုင်းနော်. . အစ်မ'

သူ့ရဲ့အစ်မလို့ခေါ်တဲ့ အသံကြီးက သိပ်ပြီး ရိုးစင်းလွန်းလို့ ယုဇနက သဘောမကျချင်ပါ။ ဘေးတိုက်မြင်ရတဲ့ သူ့မျက်နှာချောချောကြီးကို တစ်ချိန်လုံး သိသိသာသာရော၊ မသိမသာပါ ခိုးတောင်း ငမ်းရင်း လိုက်လာတော်မူရာ ကားစက်ရပ်လိုက်မှပဲ ကိုယ်တည်းရမည့်အိမ်ကို ကြည့်မိတော့သည်။





တိုက်က ခေတ်ဆန်လှပသော နှစ်ထပ်တိုက်။ ဒါပေမယ့် အိမ်ကို သုတ်ထားတဲ့ ဆေးအရောင်က red colour ဆိုတော့ မြင်နေကျတွေနှင့်မတူ၊ တစ်မူထူးခြားနေတာပေါ့။ မသိလျှင်တော့ ဒီအိမ်က လူတွေကို chinese လို့ ထင်ရသည်။ သို့ပေမယ့် ထွက်လာကြိုသော အန်တီကြီး(ငါးဆယ်တော့ အနည်းဆုံးရှိပါသည်)ကို ကြည့်မိတော့ အညာရုပ်။ အမယ်. . အမယ်. . သူ့အသက်အရွယ်နဲ့မလိုက်အောင် ပြေးလာပုံက ရုပ်ရှင်တွေထဲမှာ ချစ်သူရည်းစားကို တွေ့လို့ စလိုးမိုးရှင်းဖြင့် ပြေးလာနေသလိုမျိုး. . . မိုးသောက်က ကားပေါ်က အဆင်း. . သူက ကားနားအရောက်

'မောင်. . . နေနိုင်လိုက်တာကွယ်. . ခုမှပဲ ပေါ်လာတော့တယ်'

ဆိုပြီး ပွတ်သီးပွတ်သပ်လာချွဲနေသည်။ သူ့ရဲ့'မောင်'ဆိုပြီး သံရှည်ဆွဲကာ ချွဲလိုက်ချိန်ဟာ ငါးစက္ကန့်တော့ အနည်းဆုံးရှိပါသည်။

ယုဇနမှာ လူသူလေးပါးရှေ့မရှောင် အကဲလာပိုပြနေသော ထိုအန်တီကြီးကို အထူးအဆန်းသတ္တဝါကြီးလို ပြူးပြီး ကြည့်နေမိသည်။

'နေနိုင်ပါဘူး မမရယ်. . ဝေဒနာကို မကြေညာချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နေသာအောင် ရှာကြံပြီး အပျော်ရှာ. . အဲလေ. . ဖြေသာတာတစ်ခုက နာရီ မိနစ် စက္ကန့်မလပ် ပောဒီနေရာမှာ မမရှိနေတယ်လေ'

ဘုရားရေ. . ဒီကောင်က ပိုကဲနေပါလား။ ဘာတွေပါလိမ့်။ သူ့ရင်ဘတ် သူ လက်နှင့် ပုတ်ပြပြီး ပြောနေပုံက အမြင်ကတ်ချင်စရာ။ အချစ်စိတ်လေးသာ မရှိလျှင် ဒီနေရာတင် ဖနောင့်နှင့် သုံးချက်လောက်တော့ ပေါက်ပြီးလောက်ပြီ။

ပြောလို့ပြောတာ မဟုတ်ဘူး။ အဲဒီအန်တီကြီးကလေ မျက်နှာကို ဆေးဆိုးပန်းရိုက် လုပ်ထားပေမယ့် သူ့ အသက်အရွယ်အရ မကြာခင်မှာ ရေခဲအရိုက်ခံရတော့မှာ မြင်ယောင်သေး။ သချိုင်းကို ခြေတစ်ဘက်မနင်းပေမယ့် မျက်စောင်းတော့ သုံး လေးကြိမ်လောက် ထိုးလို့ရနေပါပြီ။

တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ. . အကြံတူရင် ရန်သူတဲ့။ ယုဇနက ဆက်ပြီး သည်းမခံနိုင်တော့သဖြင့် ကားတံခါးကို ဖွင့်ပြီး အိမ်ရှင်ခေါ်ခေါ် မခေါ်ခေါ် မျက်နှာပြောင်တိုက်ပြီး ဆင်းချလာသည်။ တံခါးကို ဆောင့်ပိတ်လိုက်တော့ နည်းနည်းကျယ်သွားသည်။ အဲဒီတော့မှ မျက်လုံး လေးလုံး ခလုတ်တိုက်နေကြသော အန်တီနှင့်မောင်လေးတို့ သတိတွေ ဝင်လာပုံရသည်။





'ညီမလေး. . အစ်မအိမ်မှာ ဘာမှအားနာစရာမလိုဘူးနော် ဟင်း. . ဟင်း. . ၊ မောင့်ရဲ့အစ်မဝမ်းကွဲဆိုတော့ ဆွေမျိုးအရင်းကြီးတွေပဲဟာ. . နော့'

စူပုပ်ပုပ်ဖြစ်နေသော ယုဇန၏ မျက်နှာကို သေချာကြည့်လျှင် ရိပ်မိလောက်သည်။ အဲဒီအန်တီကြီးက မွှန်နေတော့ ဘာမှသိပုံ မရပါဘူး။ ယုဇနကို စကားသာ ပြောနေတာ. . စိတ်တွေက မိုးသောက်ဆီမှာ။

'ကျွန်တော့်အစ်မက စကားအရမ်းနည်းတယ် မမ၊ လေးလုံးကွဲအောင် ပြောတတ်တာ မဟုတ်ဘူး'

အမယ်. . ဘာလို့မပြောတတ်ရမှာလဲ။ မပြောချင်လို့ ကြည့်နေတာ အကောင်းမှတ်လို့။ ခုနေ ပြောလိုက်ရ မကောင်းရှိတော့မယ်။ 'ပါး. . ချ. . . လိုက်. . ရ'တွေ့လား လေးလုံးကို ကွဲနေအောင် ပြောတတ်တယ်။

'လာ. . အစ်မ၊ အိမ်ထဲ ဝင်ရအောင်'

ထားရာ နေ၊ စေရာ သွား. . ဘဝ ဖြစ်နေပြီပဲလေ။ ယုဇန အဲဒီအိမ်မှာ နေခဲ့ရပါသည်။ မိုးသောက်က ညနေမှပြန်လာမယ်ဟု ပြောတော့ ယုဇနက စိုးထိတ်စွာလှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဒီအိမ်မှာပဲ အိပ်မှာလား'

'ဒီအိမ်က ကျွန်တော့်စားအိမ်သောက်အိမ်ပဲလေ ဖြစ်တယ် မဟုတ်လား'

မိုးသောက်က ယုဇနကို မျက်လုံးတစ်ဘက်မှိတ်ပြရင်း လက်ညှိုးနှင့်လက်မကို ဝိုင်းပြကာ အိုကေဟုပြောပြီး ထွက်သွားသည်။

'မောင်. . come again, promise'

သေလိုက်ပါလား. . . ဟုတ်တယ်. . တင်းလာပြီ။ မိုးမချုပ်သေးဘူး၊ တစ်မောင်တည်း မောင်နေတာ။ သူများခေါ် မယ့်နာမ်စားလေးကို ဦးဦးဖျားဖျားယူသုံးသွားတာ။

'ဟိုမှာ ကျွန်တော့်အစ်မတစ်ယောက်လုံးကို အပေါင်ထားပြီးသားဟာ. . ပြန်လာမှာပေါ့ မမရယ်'

'စောင့်နေမှာနော်'

ကားတစ်စီးလုံး သူ့မျက်စိအောက်က ပျောက်သွားတာတောင် လက်က ပြလို့မဆုံးနိုင်သေး။ နွားအိုမကြီးက မြက်နုလေးတွေကိုကြိုက်သား။ သွားတောင် စုံသေးရဲ့လားမသိဘူး။ ခုနတုန်းကတော့ ငွေသွားလေးတစ်ချောင်း တွေ့လိုက်သလားလို့။

မိုးသောက်ပြောသလိုပဲ သူတို့အိမ်က ယုဇနကို လိုလေသေး





မရှိ ဧည့်ခံကြပါသည်။ အန်တီကြီးရဲ့သားတစ်ယောက်က အင်္ဂလန်မှာ အိမ်ထောင်ကျပြီး ပြန်မလာတော့ဘူးဆိုပဲ။ လောလောဆယ် တွေ့တာတော့ အိမ်ဖော်နှစ်ယောက်နှင့်ဒရိုင်ဘာတစ်ယောက်၊ အန်တီကြီးနှင့်ဆို လေးယောက်ပေါ့။ ထမင်းကျွေးတော့လည်း ဖွယ်ဖွယ်ရာရာပါပဲ။ ဘာနဲ့ပဲ ကျွေးကျွေး ယုဇနက ခပ်ပြင်းပြင်းဆွဲဖို့ ဆုံးဖြတ်ထားပြီးသား။ ဝက်သားဆီပြန်၊ မြင်းခွာရွက်သုပ်၊ မန်ကျည်းရွက်ဟင်းချိုနှင့် အစပ်အဟပ်တည့်တော့ ဆာဆာနှင့် နှစ်ပန်းကန်တောင် ဆွဲပစ်လိုက်တာ၊ မှတ်ကရော။

အမယ်. . အချိုပွဲက ဒိုမီနိုဆိုပဲ။ butter cake လေးတောင်ပါသေး။ အားနာပါဘူး စားမှာပဲ။

'ညီမလေးနာမည်က ယုဇနဆို'

'ဟုတ်ကဲ့'

ယုဇနရဲ့ ဟုတ်ကဲ့က နည်းနည်းတော့ ခြောက်သွေ့နေမှာအမှန်ပင်။

'ယုဇနမောင်က တကယ့်ကလေးဆိုးကြီးနော်၊ အရမ်း အယုအယခံချင်တာ'

'ဟုတ်တယ် အန်တီ. . အဲလေ. . အစ်မရဲ့သူကလေ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲ့ကျွေးမှကြိုက်တာ. . အမယ်လေး. . ဝါးပြီး ကျွေးကြည့်ပါလား ပိုတောင်ကြိုက်သေးတယ်၊ ဘယ်လိုကောင်မှန်းကို မသိဘူး၊ ဆူးပုပ်ရွက်ဆိုလည်း အသေကြိုက်တာ'

အန်တီကြီးမျက်နှာ ဝင်းပပဖြစ်လာသည်။

'ယုဇနရောက်လာမှပဲ တို့တွေမသိသေးတာ သိရတော့တယ် ဆက်ပြောပါဦးကွယ်'

ယုဇနက ညစ်ကျယ်ကျယ်ပြုံးလိုက်သည်။ အမှန်က သူညစ်ပတ်နေတာ။ အိမ်မှာလာတည်းတုန်းက မိုးသောက် ဆူးပုပ်ရွက်အနံ့ရရင် မူးတတ်တာ သူ သိလို့ တမင် ချွန်လိုက်တာ။ နောက်ထပ် မိုးသောက် မကြိုက်တာ ဘာရှိသေးလဲ. . အား. . သိပြီ . လာထား။

'ကျွန်မမောင်က အလိုရမ္မက် သိပ်နည်းတာပဲ၊ သူ့ကို ပစ္စည်းဥစ္စာတွေလက်ဆောင်ပေးရင် သိပ်မကြိုက်ဘူးတဲ့၊ အဲဒါ သူကိုယ်တိုင်ပြောတာ အစ်မရဲ့'

'ဟုတ်မှာ. . ဟုတ်မှာ. . အခု သူစီးနေတဲ့SURFကားလေး ဝယ်ပေးပြီးကတည်းက ပျောက်သွားတာ ခုမှပဲ ပေါ်လာတော့တယ်၊ သူ. . အစ်မကို စိတ်များဆိုးနေလား မသိဘူးကွယ်'

ယုဇနက လက်ညှိုးကလေးထောင်ကာ ကောက်ပြရင်း





'ယောက်ျားလေးပေမယ့် သိပ်ကောက်တတ်တာနော် အစ်မ နောက်တစ်ခါဆို ဘာမှပေးမနေနဲ့ သိလား'

ဆိုပြီး တစ်ခါတည်း ပိတ်ပြော ပြောထားလိုက်သည်။

မိုးသောက်တို့ ကောင်းစားနေတာ လက်စသတ်တော့ စပွန်ဆာကောင်းနေတာကိုး။

ကိုယ်တော်ချောက သူရဲတစ္ဆေတွေ ထွက်တဲ့အချိန်(စိတ်လိုလက်ရရှိရင်တော့ ငှက်တွေအိပ်တန်းပြန်တဲ့အချိန်တို့ဆည်းဆာအလှပန်းချီတို့ အမျိုးစုံပြောလို့ရတာပဲ)ကျမှ ပြန်ရောက်တော်မူလာသည်။

စပွန်ဆာမမကြီးကတော့ သူ့ရဲ့တူသားအရွယ်လောက်ရှိမည့် 'မောင့်'အတွက် ဆူးပုပ်ရွက်တွေ တစ်လှေကြီးနှင့် ဟင်းချိုချက်လိုချက်၊ တို့စရာလုပ်လိုလုပ်၊ ပဲပင်ပေါက်ထဲတောင် ဆူးပုပ်ရွက်ထည့်ကြော်ထားသေးတာ။

'မောင်. . ရေချိုးပြီး ထမင်းစားရအောင်လေ'

ထုံးစံအတိုင်း သူ့ရဲ့မောင်က ငါးစက္ကန့်ကြာတဲ့လေသံရှည်ကြီးပေါ့။

အသက်အရွယ်အရ အာလေးလျှာလေးကြီး ဖြစ်နေတာလည်း ဖြစ်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်မယုဇနရေ. . ညကျရင် ကျွန်တော် ရွှေတိဂုံဘုရား လိုက်ပို့ပေးမယ်နော်၊ ဟိုကောင် ရိုးဂုဏ်ဆီတောင် ဖုန်းဆက်ရဦးမယ်'

ယုဇနက ပျာပျာသလဲ ဝင်၍ ငြင်းရှာသည်။

'မဆက်ပါနဲ့ မောင်လေးရယ်. . . တောင်းပန်ပါတယ်နော်၊ အစ်မ အိမ်ပြန်သွားရင် သူတို့သဘောတူတဲ့ လူနဲ့ ယူရတော့မှာ. . အစ်မကို သနားရင် မဆက်ပါနဲ့ကွယ်'

မိုးသောက်က တအံ့တသြဖြင့်

'ဩော်. . ဒီလိုအဆင်လား၊ ရုပ်ရှင်တွေထဲကလိုပေါ့၊ သူတို့ ပေးစားတဲ့သူက မချောလို့လား'

'ချောတယ် ဆိုပါတော့'

စပွန်ဆာမမကြီးက

'ဒါများ ညီမရယ်၊ အိမ်က ထွက်ပြေးရတယ်လို့ ဟင်း ဟင်း'

သူ့ ဟင်း. . ဟင်းကြီးက ကြက်သီးထချင်စရာ ကောင်း၏။ လှချင်းလဲလို့ရရင် လဲလိုက်ချင်သည့် ဒီဇိုင်းမျိုး။

'အန်တီရွေးပေးတာဆိုရင် လူရည်လည်တဲ့ လူကုံထံထဲကပဲ ဖြစ်ရမယ်. . ဟုတ်တယ် မဟုတ်လား'

'အဲဒါလည်း ဟုတ်ပါတယ်'





'ဒါဖြင့် ဘာက မဟုတ်တာလဲ အစ်မရဲ့'

'သူ့ဟာကြီးက ကျိုးနေတာကိုး'

စိတ်ထဲရှိသည့်အတိုင်း ပျစ်ပျစ်နှစ်နှစ်ကြီး ပြောချလိုက်ပြီးမှ သူ့စကား မှားသွားပြီဆိုတာ သိလိုက်သည်။ ဟိုနှစ်ယောက်ရဲ့ မျက်လုံးကြီးတွေက ပြူးထွက်နေပြီကိုး။

'ဘာလို့ ပြူးပြဲပြီး ကြည့်နေတာတုန်း၊ ခြေထောက်ကိုပြောတာ သိပြီလား၊ လူက ထော့ကျိုး'

'ပေါက်ပြီ. . ဒါဆို ကျွန်တော် မဆက်တော့ဘူးနော်'

မိုးသောက်ရယ်. . တကယ်တော့ မင်းရဲ့အမူအရာတွေက ဆွဲဆောင်မှုရှိလွန်းတယ်။ ဒါပေမယ့် လူကို မညှာမတာနဲ့ အကြင်နာတွေကို မပေးဘဲ ဝေဒနာတွေ ပေးရက်တယ်နော်။ မင်းကစ်မျက်နှာ တစ်ရွာထင်ပြီး မျှော်လင့်ထားခဲ့သမျှ မင်းရဲ့စပွန်ဆာမမကြောင့် ပျက်စီးကုန်ပါပြီကွယ်။ မမ ဆက်ပြီးမခံစားနိုင်တော့ဘူး။ မိုးသောက် ရေချိုးဖို့အရေး သူ့အခန်းထဲမှာ လိုက်ချိုးမှလား။ သူ့အခန်းက Master Bedroom ဆိုတော့ ပိုကောင်းသတဲ့။ ပေါ်တင်ကြီး. . ဟုတ်တယ်လေ. . မျက်နှာမထောက်တမ်းပြောရရင် သေခါနီး ဘာယူတယ်ဆိုလား။ ဖြစ်နိုင်ရင်လေ ဒီထက်ဆိုးတဲ့ စကားလုံးတွေ ပြောပစ်ချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်တက်ပြီး ရေသွားချိုးတာ အကြာကြီးပဲ။ လက်မှနာရီကို တကြည့်ကြည့်လုပ်ပြီး လေှကားရင်းမှာ ခေါက်တုံ့ ခေါက်ပြန်လျှောက်နေသူက ယုဇနရယ်ပါ။ မိုးသောက်ဆင်းလာတော့ သူ့ရဲ့ စပွန်ဆာမမကြီးက အနောက်မှာကပ်ပြီး ပါလာပြန်ရော။

'အစ်မ လာလေ ထမင်းစားရအောင်၊ ဟ. . ဘာအနံ့ကြီးလဲ'

မိုးသောက်က သူ့နှာခေါင်းကို တရှုံ့ရှုံ့လုပ်ရင်း အနံ့ခံနေသည်။ သေချာတာက ဒီအနံ့ကို သူလုံးဝ မနှစ်သက်ခြင်းပင်။

'ဆူးပုပ်ရွက်နံ့လေ မောင်ရဲ့၊ မောင် သိပ်ကြိုက်တယ်ဆိုလို့ ချက်ထားပေးတာ'

'ကျွန်တော် ကြိုက်တယ်လို့ ဘယ်သူက ပြောတာလဲ. . အဲဒီအရွက်ကို ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး၊ ဘာလဲ. . ဘာသဘောလဲ၊ ဒါ ကျွန်တော့်ကို နှင်နေတာလား'

ဒေါသတွေ မိုင်ကုန်အောင် ထွက်နေသော မိုးသောက်ကို ကြည့်ပြီး ယုဇန အသာလေးလစ်ထွက်လာခဲ့သည်။ သူမ နောက်ကျောဆီမှ စပွန်ဆာမမ၏ လေပြေသွေးနေသော အသံညောင်နာနာလေးကို သနားစဖွယ်ကြားနေရသည်။

မိုးသောက် ဆူးပုပ်ရွက် ကြောက်တာကတော့ ကြုံဖူးပေါင်





ဂုဏ်ထူးဆောင်ပါပဲရှင်။ ယုဇနတို့တစ်အိမ်သားလုံးက ဆူးပုပ်ရွက်ဆိုအသေအကြေကြိုက်ကြတာ။ တို့မြုပ်ပြီးစားလည်း ကြိုက်တာပဲ။ ပဲကြီးနှင့် ဟင်းချိုချက်တော့လည်း အပီဆွဲကြတာပဲ။

'တော်ပြီဗျာ. . ဘာမှလာချော့မနေနဲ့ ပြန်တော့မယ်'

'မောင်ရယ်. . မမကိုစိတ်မဆိုးပါနဲ့ကွယ်၊ နောက်ဆို မောင့်ကို ဘာမှမပေးရဲတော့ပါဘူး၊ မောင်က သူများလက်ဆောင်ပေးတာ မကြိုက်ဘူးဆို'

အပြင်ထွက်ဖို့ ပြင်နေတဲ့ မိုးသောက်ရဲ့ခြေလှမ်းတွေ အော်တိုရပ်သွားကြသည်။ လည်ချောင်းမှာ ငါးရိုးစူးပြီးထွက်လာတဲ့လေသံဖြင့်

'မမ ဘာတွေ ပြောနေတာလဲ၊ ဒီနေ့ မမ ဖောင်းတာတွေ သိပ်များနေပြီနော်၊ နေစမ်းပါဦး အဲဒါ ဘယ်သူပြောတာလဲ'

'မောင့်အစ်မ ပြောတာလေ. . မဟုတ်ဘူးလား'

'မဟုတ်ဘူး. . လုံးဝမှားတယ် မမ၊ မောင့်လောက် သူများပေးတဲ့ present ကို တန်ဖိုးထားတာ ရှိဦးမလား၊ ဟိုကားကြီးကိုပဲကြည့်စမ်း. . ဖုန်တစ်စက်ရှိလို့လား ပြောင်လက်နေတာ တွေ့တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ပြောင်မှာပေါ့၊ လက်မှာပေါ့။ ဒီနေ့မှ ကားကို ရေဆေးခုံမှာ တစ်ထောင့်ငါးရာပေးပြီး သွားဆေးလာတာကိုး။

ထိုပြဿနာတွေဖြစ်ပြီးနောက် မိုးသောက်က ရိုးဂုဏ်ဆီကို ညတွင်းချင်းပင် ဖုန်းခေါ်လိုက်သည်။

ရိုးဂုဏ်ကလည်း သူ့အမေကိုခေါ်ပြီး ညကြီးမိုးချုပ် ရန်ကုန်သို့ လိုက်လာကြတော့သည်။

အဆုံးသတ် ရလဒ်ကတော့ ဇာတ်မင်းသားကို ချိန်ပြီး ခွင်တည့်မလားလို့ ရန်ကုန်ကိုလာတဲ့ ယုဇနမှာ ဇာတ်မင်းသား၏အမုန်းကိုခံယူရင်း နေရပ်သို့ပြန်ပါသွားရလေသည်။

ဒါပေမယ့် ယုဇနဆိုတဲ့ မိန်းမက ခေသူမဟုတ်ပါ။ သူ ရန်ကုန် လာရကျိုးနပ်အောင် အမေကို အကျပ်ကိုင်ပြီး ကတိ တောင်းလေသည်။ ထော့ကျိုးနဲ့ မပေးစားဘူးဆိုမှ ပြန်လိုက်မယ်တဲ့။

အမေလုပ်သူက သူများအိမ်မှာဆိုတော့ ပြီးပြီးရော ခေါင်းညိတ်လိုက်ရသည်။ ငါးမရ ရေချိုးပြန်ဆိုတာ ယုဇနမှအစစ်။

■



## ငယ်ရင် ချိုတဲ့....အချိုခံချင်တဲ့ သစ်ခွ

အမေ အလိုမကျဘူးဆိုတာ သိပ်သိသာသည်။ တစ်ယောက်တည်း ဒိုင်ခံ ပြော၊ ဒိုင်ခံ ဆူနေသည်။ သူ့သမီး လေးယောက်ကဖြင့် အေးဆေးပင်။ ဒင်းတို့တွေ နားထဲ ဂွမ်းထည့်ထားတာကိုး။ အမေ့ရဲ့ ပွစိပွစိအသံဟာ သီတင်းကျွတ်မှာဖောက်တဲ့ ဗြောက်အိုးတွေလို ဆူညံနေတော့သည်။

'ကဲ. . မိသစ်ခွ ပြောစမ်း ညည်းကရော ဘယ်လိုအကောင်ကို ကြိုက်တာလဲ၊ တကတည်း ကိုယ့်ဟာကိုယ်ဖြင့် အဖြစ်ရှိကြတာ မဟုတ်ဘူး၊ အမေရှာပေးပြန်တော့ ကြေးများသလေး၊ ချေးခါးသလေးနဲ့ အခုမေးတုန်း တစ်ခါတည်းပြော. . ညည်းအကြိုက် ငါရှာပေးမယ် ပြီးမှ မအေကိုလာပြီး အပြစ်ပုံမချနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့သုံးယောက်က သစ်ခွကို တံတောင်ဖြင့် ဝိုင်းတွက်ကြသည်။ ပြောလိုက်ဆိုတဲ့သဘော. .

'သမီးက ကြီးတာ ကြိုက်တယ် အမေ'

'ဘာ. . .'

ဂန္ဓမာက ကြားဝင်လာပြီး

'ညီမလေးက အသက်ကြီးတာကိုပြောတာပါ အမေရဲ့၊ ကြီးရင်မို့၊ ငယ်ရင်ချိုလို့ ပြောထားတယ် မဟုတ်လား'

အလျှောက်ကောင်းလို့ သက်သာသွားသည်။

'ပြီးရော. . ပြီးရော'

အဲဒီ ပြီးရောရဲ့နောက်မှာတော့ အမေက ဘယ်လို လေသံလွှင့်လိုက်သည် မသိ။ ကျွန်တော်တို့အိမ်ကို အသက်ကြီးကြီးလူတွေ မကြာခဏ အလည်လာပါတော့သည်။ over 40 (လေးဆယ်ကျော်)၊ over 50 (ငါးဆယ်ကျော်) တောင် ပါသေး။

တစ်ခုတော်သေးတာက over 60 (ခြောက်ဆယ်ကျော်) တွေ ပါမလာလို့။ ပါများ ပါလာခဲ့ရင် ကျွန်တော်က စဉ်းစားထားပြီးသား၊ ရန်ကုန်က နာရေးကူညီမှုအသင်းကို လှမ်းပြီး ဘွတ်ကင်လုပ်ထားပေးမလို့. . . ယောက်ဖလောင်း အတွက်လေ။





သစ်ခွက အဲဒီလူတွေ လာပြီဆိုရင် ခပ်ဝေးဝေးက ထိုင်ပြီးပွဲကြည့်ပရိသတ်လုပ်ရသည်။ အမေက ဒိုင်ခံအင်တာဗျူးလုပ်သည်။ သူ့အင်တာဗျူးက အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာက စ,လေသည်။

ဘစ်ခုလောက် နမူနာကြည့်ကြပါကုန်။

'အသက် ဘယ်လောက်ရှိပြီလဲ'

ဒီမေးခွန်းကို မေးရခြင်းမှာ လာသည့်လူတွေသည် သူ့ထက်အသက်ကြီးပုံ ပေါက်လေသည်။

အမေ့ခမျာ သမက်တော်ရမည့်သူကို 'မောင်'တပ် ခေါ်ရမလား။ 'ကို'ပဲ တပ်ပြီးခေါ်ရမလား တော်တော်ဝေခွဲမရဖြစ်လွန်းလို့မေးနေပုံရပါသည်။

'ငါးဆယ့်လေးနှစ်ပါ'

ဟိုလူကြီးက ရှက်ကိုးရှက်ကန်းလေးဖြင့် သူ့အသက်ကို ပြောပြသောအခါ အမေက အော်ကြီးဟစ်ကျယ် ဝမ်းသာအားရ ထ၍အော်၏။

'ဒါဆို ရှင်လည်း တစ်ဆယ့်ခုနစ်ခုဖွားပေါ့၊ လက်စသတ်တော့ ကျွန်မနဲ့တစ်နှစ်တည်းကိုး အတော်ပဲ အဖော်ရပြီ'



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားက ဘယ်လိုအဓိပ္ပာယ်မှန်းကို မသိပါ။ တစ်နှစ်တည်းမွေးတဲ့သူကို အဖော်ရပြီဆိုပဲ။ (ကေန္တ တစ်နှစ်တည်း အတူတူ သေချင်လို့လားမသိ)

အမေက သူ့ရဲ့မေးခွန်းနံပါတ်နှစ်ကို ထပ်မေးပြန်သည်။

'အိမ်ထောင်ကျဖူးသလား'

ဒီအရွယ်ရောက်မှ အမြီးပေါက်ပြီးဖြစ်မှာပေါ့။ ဟိုက အဖြေရခက်လို့ ထင်သည်။ လူကြီးရှက်တော့ ရယ် တဲ့။ စပ်ဖြီးဖြီး လုပ်နေလေသည်။

အမေက ထိုလူ့မျက်လုံးကို တည့်တည့်စိုက်ကြည့်ရင်း

'ရပြီ ကျွန်မ သဘောပေါက်ပြီ ရှင်က တစ်ခုလပ်လား မုဆိုးဖိုလား'

'ကျွန်တော်က နှစ်ခုလပ်ပါခင်ဗျာ'

'ရှင်. . .'

'ဟုတ်ပါတယ်ခင်ဗျာ နှစ်ယောက်စလုံးက ကျွန်တော့်အပေါ်မှာ သစ္စာမရှိကြပါဘူး၊ နောက်ယောက်ျားယူပြီး ကျွန်တော့်ကို ထားခဲ့တာချည်းပဲ'

'ကျွတ်. . ကျွတ်. . သနားစရာရှင်'





အဲဒီမှာ အမေလုပ်သမျှ ကောင်းသည် ဆိုးသည် ဘာမှမပြောဘဲ ဘေးထွက်ထိုင်နေသော အဖေက ဒေါသထွက်ပြီး ဝင်ပြောလေသည်။

'သနားရင် မင်းပဲ ယူလိုက်တော့ မသိဂ်ီ၊ သမီးနဲ့မလိုက်ဘူး မင်းနဲ့ဆို သက်တူရွယ်တူလေ အကိုက်ပဲ'

အမေ့ဒေါသကလည်း ဝုန်းဆို ခုန်ပြီးတက်လာပါရော။

'ရှင်. . ရှင် ဘာစကားပြောတာလဲ'

'ငါ အမှန်တရားတွေ ပြောနေတာလေ'

အမေက အောက်နှုတ်ခမ်းကိုကိုက်ပြီး အနားမှာတွေ့သော ပစ္စည်းများဖြင့် ပစ်ပေါက်ပြီး ပွဲကြမ်းပါတော့သည်။

ခုနက အမေ့ဆီ အင်တာဗျူးလာဖြေသော အန်ကယ်ကြီးခမျာ ကုပ်ချောင်းကုပ်ချောင်းဖြင့် တချိုးတည်းလစ်တော့သည်။

'ဟဲ့. . ရိုးဂုဏ် အမေ့ကိုသွားဆွဲလေ၊ ဟိုမှာ ပစ္စည်းတွေကွဲကုန်ရှုကုန်တော့မှာပဲ'

'နေပစေ လွှတ်ထားလိုက် အမေ့အကြောင်းကို ငါ အသိဆုံး မကွဲတတ်တဲ့ပစ္စည်းတွေပဲ ရွေးပြီး ပစ်ပေါက်နေတာ'

အမေက ခုန်ပျံကျော်လွှားပြီး ထွက်လာသောပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီး တစ်ခု ရှောင်နေရသည်။ ကံမကောင်းချင်တော့ ကော်ထွေးခံတစ်ခုက ပြောင်နေသော အဖေ့နဖူးကို တည့်တည့်ကြီးလာမှန်လေသည်။

'သိကြီ နင်လွှန်နေပြီနော်၊ အေး ငါလုပ်မှ မျက်ရည်မကျနဲ့သိလား'

'တော်က ဘာလုပ်ချင်လို့တုန်း ဟမ် လာပြီး လေလုံးထွားပြမနေနဲ့ လုပ်ရဲရင် လုပ်ကြည့်စမ်း'

'အေး လုပ်မယ် လုပ်မယ် အလကား အဖြစ်မရှိတဲ့မိန်းမ၊ သမီးတွေအတွက် ရှာရင်းနဲ့ နောက်ဆုံး သူနဲ့ပဲ ညားမှာ'

လက်စသတ်တော့ အဖေက ကျွဲမြီးတိုနေတာကိုး။ အချစ်ဆိုတာ အသက်အရွယ်နဲ့ထပ်တူကျရဲ့လား။ အဖေ့ရဲ့ အမေ့အပေါ်ထားတဲ့ အချစ်ကတော့ အသက်ကြီးပေမယ့် မပျက်စီးသေးဘူးလို့ပြောရင် ရပါတယ်။

■



အခန်း(၃)

အဖေနှင့် အမေ ပြဿနာဖြစ်ပြီး သုံးလလောက် ကြာသောအခါ အဖေ၏ပြောင်းလဲမှုတွေသည် တစ်နေ့ထက်တစ်နေ့ ပိုပြီးသိသာလာသည်။

အမေသာ မဟုတ်၊ သမီး လေးယောက်လုံးကလည်း အကဲခတ်မိလေသည်။ ဒါ ဘယ်လိုဖြစ်ရတာလဲ။

အခုလည်း ဆံနက်သွားမလိုလို ဘက်သွားမလိုလိုနှင့် ရေမွှေးတစ်ဘူးလုံး ကိုယ်ပေါ် လောင်းချထားသလို မွှန်ထူနေအောင်ဆွတ်ပြီး ရှူးစမိုးအပြည့်ဖြင့် ထွက်သွားပြန်သည်။

အမေက အလောသုံးဆယ်ဖြင့်

'ဟဲ့ သမီးလေးကောင်စလုံး လာခဲ့ကြစမ်း၊ တွေ့လား နင်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖေ အချိုးတွေပြောင်းနေတာလေ၊ အမယ်လေး ဝတ်သွားတဲ့အင်္ကျီက အကောင်းစား၊ အရောင်ဆိုလည်း ခုတလော နုနုရွရွလေးတွေပဲ ရွေးဝတ်တာ၊ တစ်ခုခုတော့ တစ်ခုခုပါပဲအေ. . ဒင်းကြည့်ရတာ ငါ့သားထက်တောင် ပိုနုချင်နေသလိုပဲ'

'အမေပြောတာ မှန်တယ်၊ မောင်လေးက အရောင်ရင့်ရင့်တွေ အဘိုးကြီးအဆင်တွေပဲ ရွေးဝတ်တာ သားအဖနှစ်ယောက်က ပြောင်းပြန်ပဲ'

ဂန္ဓမာပြောတဲ့စကားကို ရိုးရိုးကြီးတွေးတတ်သောပုန်းညက်က

'နင်ပြောပုံအရဆိုရင် မောင်လေး မစွံဘဲ အဖေပဲ ထပ်စွံဦးမယ် ထင်တယ်နော်၊ ဟိ. . ဟိ။ ငါတို့တော့ step mother(မိထွေး) ရတော့မယ်နဲ့တူတယ်'

'ဘာ. . ပြော. . တယ်'

'အမယ်လေး လန့်လိုက်တာအမေရယ်၊ ကလူ. . ကလူ. . မီးမီးလိပ်ပြာ ပြန်လာ'

'အားကိုးရမလားမှတ်တယ်၊ ဒင်းတို့က အဖေဘက်ကလိုက်ပြီး အားပေးအားမြှောက်လုပ်နေတာကိုး'





အမေ တကယ်ဒေါသထွက်နေပြီ ဆိုတော့မှ အမြွာနှစ်ခုံမှာ ပါးစပ်တွေ ပိတ်၊ မျက်နှာပိုး သတ်ကာ အမေ ကြိုက်မည်ထင်သည့် စကားတွေချည်း ရွေးပြောတော့သည်။ (ဒီနေရာမှာ မိစုံဖစုံရှိသူများ အတုယူသင့်သည်။ အဖေနှင့်အမေကြား ဗျာမများရအောင် နှစ်ဖက်ချွန်လေး လုပ်သင့်လည်း လုပ်လိုက်ပေါ့။ ဒါမှ မုန့်ဖိုးကို ဟိုဘက်ကလည်းရ ဒီဘက်ကလည်းရ၊ ကဲ. . မထောဘူးလား)

'အမေ စိတ်ဆင်းရဲမှာစိုးလို့ သမီးတို့က မပြောတာနော်. . အဖေ့ခြေလှမ်းတွေ ယွင်းချင်နေတယ်၊ ဒါကြောင့် သမီးတို့ အလွတ်မပေးဘဲ စောင့်ကြည့်နေတာပေါ့'

'စောင့်ကြည့်တော့ ဘာတွေတွေ့ရသလဲ'

'အံဆွဲထဲက ထောင်တန်ငါးအုပ်ကို ယူပြီး ပိုက်ဆံအိတ်ထဲ ထည့်သွားတယ် အမေ'

'ငါးအုပ်ဆိုတော့ ငါးသိန်းပေါ့၊ ဘုရား. . ဘုရား ငါထင်တာတွေ မှန်များ မှန်နေပြီလား'

ဘာတွေ ထင်ပြီး ဘာတွေက မှန်နေသလဲ မသိပါ။ အမေ့မျက်နှာဟာ ရှိရင်းစွဲ အသက်ထက် ငါးနှစ်လောက်ပိုပြီး အိုစာသွားတာတော့အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



'အမေ. . အဖေ ဘယ်သွားသွား တောက်တဲ့လိုသာ ကပ်လိုက်သွား အိမ်ထဲမှာပဲ မနေနဲ့'

'ဩော်. . . အပြောကောင်းတယ်၊ နင့်အဖေက ငါ့ကို ခေါ်ရာတာကိုး၊ ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာ ဘယ်တော့မှ ကြို ပြောတာမဟုတ်ဘူး၊ အကြံကြီးသမားလုပ်ပြီး ငါ လစ်ပြီဆိုမှ ထွက်တာ'

'ဒါဆို အမေ မနက်ကတည်းက ဖြီးလိမ်းပြင်ဆင်ပြီး အသင့်စောင့်နေပေါ့'

အမေက ခေါင်းကို step by step ရမ်းပြီး

'တော်စမ်းပါအေ ငါ့မှာလည်းမာနရှိပါတယ်၊ ကိုယ့်ကိုမခေါ်ချင်တဲ့လူနောက်တော့ ဖက်ပြီး မလိုက်နိုင်ပေါင်'

'ဒါပေါ့၊ အမေ မလိုက်ရင် အဖေ့နောက်ကို ညီမလေး ဖက်လိုက်သွားမှာပေါ့'

(ညီမလေးဆိုတာ နောက် small လေးကို ဆိုလိုပါသည်)

အမေက နာလိုခံခက်ဖြင့်

'စိတ်ထဲကသာ ထင်နေတာပါအေ၊ နင်တို့အဖေ ဒီလောက်အဖြစ်မရှိပါဘူး၊ မယုံရင် စောင့်သာကြည့် ငါပေါင်းလာတာ နှစ်ပေါင်း





သုံးဆယ်ကျော်နေပြီ၊သူသာ တကယ်အဖြစ်ရှိရင် နင်တို့ပြောတဲ့ အဲဒီညီမလေးနဲ့ ငါကိုယ်တိုင် ကြီးကြီးကျယ်ကျယ်ကို မင်္ဂလာဆောင်ပေးလိုက်ဦးမယ်'

သမီးတွေရှေ့မှာမို့ ဒေါင်းတင်မောင်းတင်ပြီး ပြောနေရတာ တကယ်တော့ သူ့စိတ်ထဲမှာတော့ ကျလိကျလိဖြင့် အသည်းတွေယားလိုက်တာ ပြောဖွယ်ရာမရှိတော့။

နောက်တစ်နေ့ကျတော့ ဈေးကပြန်လာတဲ့ယုဇနမှာ ဟောဟဲဟောဟဲဖြင့် အမောတွေဆို့ပြီး အိမ်ပေါက်ဝမှ ဂျူးအော်ပုံက

'အမေရေ. . . အမေတော့ မင်္ဂလာဆောင်ပေးရတော့မယ်ထင်တယ်'

'ဘာလဲဟဲ့. . နင့်ဟာက အရင်းမရှိ အဖျားမရှိ ဘယ်သူ့ကိုဆောင်ပေးရမှာလဲ'

'အဖေလေ. . အဖေ့မှာ ညီမလေး တကယ်ရနေပြီတဲ့'

'ဘာ. . နင် တွေ့ခဲ့တာလား ဘယ်သူလဲ ဘယ်ကတဲ့လဲ'

သနားစရာကောင်းလိုက်တဲ့ အမေ။ တစ်သက်လုံး အမေ့မျက်နှာ ဒီလောက်ထိပျက်သွားတာမျိုး မတွေ့ဖူးပါ။

'သမီးတွေ့လာတာမဟုတ်ဘူး အမေ၊ သမီး ူငယ်ချင်းမြမြ



www.burmeseclassic.com

www.burmeseclassic.com



မိုးကပြောပြတာ အဲဒီကောင်မလေးက အသက်နှစ်ဆယ်ကျော်ကျော်လေးတဲ့၊ ဘဏ်တစ်ခုမှာ အလုပ် လုပ်တယ် တဲ့၊ အဖေက ကောင်မလေးအိမ်ကို အမြဲဝင်ထွက်နေတာပဲလို့ပြောတယ် အမေရဲ့ သမီးဖြင့်ရှက်လိုက်တာ. . . ကိုယ့်မျက်နှာကိုယ် မားနဲ့သာ လှီးပစ်ချင်တော့တယ်'

အဲဒီမှာ ကျန်တဲ့ ဂန္ဓမာ၊ ပုန်းညက်နှင့် သစ်ခွက'

'အဲဒီကောင်မလေးအိမ်ကို သေချာအောင် မေးထားစမ်း'

အမေ ဒေါသထွက်လည်း ထွက်ချင်စရာပါ။

အဲဒီနေ့က အဖေ ပြန်လာတော့ တက်ကြွလွန်းနေပုံဖြင့် လေကလေး တချွန်ချွန် လုပ်လာသည်။ အရင်ဆံပင်ဖြူတွေလည်း အဖေ့ရဲ့ခေါင်းမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ပြီး ပိတုန်းရောင်ဆံကေသာလေးဖြင့် အပြတ်ရှိုင်းထားပြီး အပြတ်ကို လန်းနေတာ။

ကျွန်တော်အကဲခတ်လို့ရသလောက် အမေက ဒေါသတွေကို ရေနှင့်ဖျော်ပြီး မျိုချထားပုံရသည်။

မပြီးခင် ကရင် မမြင်စေနဲ့ဆိုတဲ့စကားကို လိုက်နာကျင့်သုံးနေပုံလည်းရသည်။





ဘာဆိုဘာမှ တစ်ခွန်းမပြောဘဲ ရေငုံနှုတ်ပိတ်ပြီး အသားကုန် တိတ်ဆိတ်နေလေသည်။

ဘေးက ပွဲကြည့်ပရိသတ် လုပ်နေရသော သားသမီး ငါးယောက်မှာသာ ဘယ်အချိန် ထပေါက်မယ်မှန်းမသိတဲ့ ဗုံးတစ်လုံးကို စောင့်ကြည့်နေရသလို ရင်တဖိုဖို အသည်းတထိတ်ထိတ်ရှိလှသည်။

*



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေက စပြီး စုံထောက်မကြီး စံရှားဂန္ဓမာနှင့် ပုန်းညက်ဒိန်းဒေါင်တို့ အဖေ့နောက်ကို အပီအပြင် ရှဒိုးလိုက်ကြသည်။

ဒီအတိုင်းဆို မှတ်မိမှာစိုးလို့ ယောကျ်ားလေးပုံစံပြောင်းပြီး ဦးထုပ်ဆောင်း၊ မျက်မှန်တပ်၊ နှုတ်ခမ်းမွေးအတုတပ်ကာ ရုပ်ဖျက်ထားကြပေမယ့် သူတို့နှစ်ယောက်က အဲဒီ ယောကျ်ားလျာဘဝမှာလည်း ပုံတူ ဒီဇိုင်းတူတွေ ဖြစ်နေပြန်ရော။

အဖေက ညနေရုံးဆင်းချိန်ဆို ( )ဘဏ်ရှေ့မှာ ကားရပ်ပြီး တစ်စုံတစ်ယောက်ကို စောင့်နေပုံရသည်။ ဗေဒင် သွားမေးစရာမလိုပါ။ ထွက်လာမည့်သူက သူ့ရဲ့ small လေးဆိုတာ သေချာပါသည်။

ဂန္ဓမာနှင့်ပုန်းညက်က ( )ဘဏ်ရဲ့ မျက်စောင်းထိုးမှ အအေးဆိုင်ထဲတွင် ထိုင်ပြီး ထွက်လာမည့်သူကို အသည်းအသန်ရှာဖွေစားတော်မူလေသည်။

ဂန္ဓမာက ပုန်းညက်ကို လက်တို့ပြသည်။

'ဟိုမှာ ထွက်လာပြီ. . အဲဒီတစ်ယောက်လား'

'ငါမှမမြင်ဖူးတာ ဘယ်လိုလုပ်သိမှာလဲဟဲ့'





'ကြည့်ပါလား ပြုံးပြီး အဖေ့ဆီလှမ်းလာနေတာ'

'ကောင်မ ရုပ်ကိုက ပြိတ်တီတီနဲ့'

'ကြည့်စမ်းပါဦး. . ငါတို့အဖေများ လမ်းလယ်ခေါင်ကြီးမှာ နွားပြာကြီး အောက်,သွား မရှိတဲ့ပုံစံနဲ့နော်၊ သူတို့အစား ငါ ရှက်လိုက်တာဟယ်'

'ငါသွားပြီး ပွဲကြမ်းလိုက်ရမလား'

'နေဦး အဖေ့အမုန်းတော့ မခံနိုင်ဘူး၊ နောက်မှ ငါတို့ကြည့်ကျက်လုပ်ကြတာပေါ့'

'အေး. . ဟိုမှာဖြင့် ကားပေါ်တောင် ပါသွားပြီ'

သူတို့နှစ်ယောက် အဖေ့ကားနောက်ကို ဆိုင်ကယ်ဖြင့် မီအောင်လိုက်ကြသည်။ ကောင်မလေးရဲ့အိမ်ရှေ့မှာ ကားရပ်ပြီး အဖေက အဲဒီအိမ်ထဲကို လိုက်ဝင်သွားလေသည်။

'တောက်. . အမေသာ အဲဒီမြင်ကွင်းကိုတွေ့ရင် လူသတ်မှုဖြစ်သွားမလား မသိဘူး'

'အယုတ်တမာမ၊ သူများအသိုက်အမြုံကို ဖျက်ဆီးချင်တဲ့မိန်းမ'

ဒေါသတွေ ဒီဂရီမြင့်လာပြီး ရေကုန်ရေခန်း နွာတော့မည့်



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းတွေနှင့် စုံထောက်မနှစ်ယောက် အိမ်သို့ တပ်ဆုတ်ပြီး ပြန်လာကြသည်။

အိမ်ရောက်တော့ ကျန်တဲ့ အမြွှာနှစ်ကောင်ကို တွေ့ခဲ့မြင်ခဲ့သမျှ ဖောက်သည်ထပ်ချတော့ ဟိုနှစ်ကောင်မှာ အိမ်မြှောင်အမြီး ပြတ်သလို ဆွေ့ဆွေ့ကိုခုန်လို့။

'အမယ်လေး . . မယားငယ်မက သိပ်လူပါးဝနေတယ်ပေါ့လေ၊ ခုတောင်မှသွားပြီး ပါးဆွဲချချင်လာပြီနော်၊ ငါ့လက်တွေ ယားနေပြီ သိလား'

'ဟဲ့ . . အဲဒီမိန်းမက သာမန်ရွက်ကြမ်းရေကျို မဟုတ်ဘူးနော်၊ သေသွားမယ် သူ့ကိုတွေ့ရင် တော်ရုံလူဆို မူးသွားနိုင်တယ်ဟဲ့၊ တော်တော်ဆွဲဆောင်မှုရှိတဲ့ မိန်းမ'

'ဒါကြောင့် ငါတို့အဖေက ကြီးကောင်ကြီးမားနဲ့ဝင်ပြီး တန်းစီနေတာပေါ့'

အားလုံးထဲမှာ တွေးတွေးဆဆရှိတဲ့ ဂန္ဓမာက

'ဒီကိစ္စကို တတ်နိုင်သမျှ အနုနည်းနဲ့ရှင်းတာပဲ ကောင်းမယ်ထင်တယ်၊ နေဦး . . ငါအကြံရပြီ . . အဲဒီတစ်ယောက်ကို အရင်သတိပေးရမယ်၊ ဒါမှနားမထောင်ရင်တော့ သူ့ထိုက်နဲ့သူ့ကံပဲ'





'ငါတို့ လိုက်ပြောရမှာလား'

'ဒါပေါ့ဟဲ့ . . ရုပ်ဖျက်ပြီး လိုက်သတိပေးမှာပေါ့၊ ငါတို့ရုပ်တွေကို မှတ်မိသွားလို့ မဖြစ်ဘူး'

*

(ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့တွဲနေတဲ့ကောင်မလေးနာမည်က မေလေး တဲ့။ ဘွဲ့ရ ပညာတတ်တစ်ယောက် ဖြစ်ပြီး ဘာလို့များ သေးသိမ်တဲ့စိတ်ထားတွေ ရှိနေရတာလဲ။

ဗုဒ္ဓဘာသာ မြန်မာမိန်းကလေး မှန်ရင်. . ဒါဟာ ရှက်စရာကိစ္စကြီးပါ။

မေလေး တစ်ယောက်တည်း ထွက်လာတဲ့အချိန်ကို စောင့်ပြီး ယောက်ျားလေးအယောင်ဆောင်ထားတဲ့ ဂန္ဓမာက အနောက်မှ လိုက်ကာ

'ဒီမယ် မေလေး. . မင်းကို သတိပေးစရာရှိလို့'

'ရှင်က ဘယ်သူလဲ. . ဘာကို သတိပေးမှာလဲ'

'မင်းနဲ့ခုတလောတွဲနေတဲ့ ဦးသင်းနုံအကြောင်းလေ၊ ဒီလူကြီးက ငပွေကြီးနော်. . လုံးဝ မမိုက်ဘူး'

ဘုရား. . ဘုရား. . မိုးကြိုးမပစ်လိုက်ပါနဲ့၊ ကိုယ့်အဖေပေမယ့် မလွှဲသာလို့ ပြောရတာပါ။ မိုးနတ်မင်းကြီးရယ်. . တွေ့ပုဒ်ျို၊ တွေ့ပုဒ်ျို(တောင်းပန်ပါတယ်)။

'တော်စမ်း ဦးက အဲဒီအစားထဲက မဟုတ်ဘူး၊ ဒီလောက်စိတ်ထားကောင်းတဲ့လူကို ရှင်က ဘာကိစ္စစော်ကားနေရတာလဲ'





'သူ့မှာ သားမယားရှိတယ်ဆိုတာရော မင်းသိရဲ့လား'

'သိတယ်လေ. . သမီးလေးယောက်၊ သားတစ်ယောက်၊ ဦးကပြောတယ် သူ့သားသမီးတွေထဲမှာ သားက အချောဆုံး အတော်ဆုံးတဲ့'

နေနှင့်ဦးပေါ့ အဖေရယ်. . သမီးတွေကျတော့ အကောင်းမပြောဘဲ သားကိုပဲ အမွှန်းတင်ထားတယ်ပေါ့။ အမယ်. . ဒင်းကရော ဘာထူးသလဲ. . သားဆိုတာနှင့် ရုပ်ကိုက ပြုံးစိစိနှင့်။ ကြည့်ရတာ အဖေရော သားပါရောပြီး ချိန်နေလားမှမသိဘဲ။

'ကောင်းပြီလေ၊ တို့က စေတနာနဲ့သတိပေးတာ ကျန်တာ မင်းအပိုင်းပဲ'

တော်တော် အကြောတင်းတဲ့ကောင်မလေးပါလား။ အဖေ့ မကောင်းကြောင်းပြောရင် တော်တော်နာတတ်ပုံပဲ။ ပထမအဆင့်ပြီးဆုံးသွားပြီလေ။ သူမှမနာခံတာ. . ကျန်တာ ဆက်လုပ်ရုံပေါ့။

*



www.burmeseclassic.com

www.burmeseclassic.com



မေလေးတို့အိမ်ရှေ့တွင် လူတွေ အုံခဲနေသည်။ ထိုသို့ လူတွေ အုံနေလေ . . ဘာဖြစ်တာလဲဆိုပြီး စပ်စုဖို့ လူထပ်အုံလေနှင့် နောက်ဆုံး လမ်းတောင်ပိတ်သွားရသည့်အဖြစ်။ လူတွေ စိတ်ဝင်စားရလောက်အောင်လည်း ပွဲက ကြမ်းနေသည်ကိုး။

အသံ volume ကို ကျယ်နိုင်သမျှကျယ်ထားကြတဲ့ အမြွာလေးယောက်ဟာ သူများအိမ်ရှေ့မှာ ခုနစ်သံချီပြီး ရန်လာတွေ့ကြတာ ဂိတ်ဆုံးရောက်တဲ့အထိပဲ။

ဂန္ဓမာကစပြီး 'ငါ နင့်ကိုသတ်ချင်တယ်'ဆိုတဲ့သီချင်း ဆိုပါတယ်။

'ငါတို့က . . သည်းခံနေတယ်ဆိုပြီး နင်က . . ကမြင်းကြောထချင်လို့ ရမလားဟဲ့၊ ငါ့အဖေမှာ သမီးလေးယောက်ရှိတာ သိရက်သားနဲ့ စမ်းချင်တာလား၊ ငါ့စိတ်ထဲမှာရှိတဲ့အတိုင်းဆို နင့်ကိုသတ်ချင်နေတာ'

ဒီအရပ် ဒီပတ်ဝန်းကျင်မှာတော့ 'မေလေး'ဆိုတာ . . ဗိုင်းကောင်းကျောက်ဖိ။ သိတတ်လိမ္မာလွန်းတဲ့ အမျိုးကောင်းသမီးကလျာခြွေရှင်ကလေးပါ။ သူ့အမေမုဆိုးမကို သူပဲ လုပ်ကျွေးနေတာလေ။ အခုလိုမျိုး အိမ်ထောင်ရှင်လူကြီးတစ်ဦးနှင့်ငြိစွန်းလို့ သူ့သမီးတွေလိုက်





လာပြီး ရန်တွေ့နေတာဆိုတော့ ပတ်ဝန်းကျင်က အထူးအဆန်းဖြစ်နေတာပေါ့။ ပုန်းညက် ဆိုတဲ့ မိန်းမက တစ်မျိုး။

'ဟဲ့ . . ငါ့အမေက ပြောတယ်၊ အဖေနဲ့နင့်ကို ကြီးကြီးကျယ်ကျယ်မင်္ဂလာဆောင်ပေးမှာတဲ့၊ နင် သတ္တိရှိရင် လိုက်ခဲ့လေ၊ ငါတို့ဆပ်စပင်ဒါလျှော်ဖို့ လူလိုနေတာ အတော်ပဲပေါ့'

အရေးထဲမှာ သူက ခဝါသည် လာငှားတာ ကျနေတာပဲ။ ယုဇနက ပုန်းညက်ကို 'ဘာတွေလျှောက်ပြောနေတာလဲ၊ တလွဲတွေချည်းပဲ'ဟု ကျိတ်ပြီး မာန်ရင်း

'ဒီမယ် ငါရှင်းရှင်းပဲ ပြောမယ် . . ငါ့အဖေ over 50 ကြီးကို နင် ဘယ်နေရာမှာ အသုံးချမလို့တုန်း၊ ရုပ်ကလေး ဗန်းပြပြီး မြှူဆွယ်စရာလားဟင်၊ အိမ်မှာ နင့်အမေတစ်ယောက်လုံး ငုတ်တုတ်ကြီးရှိရက်သားနဲ့ ငါ့အဖေကို လက်ခံတယ်ပေါ့ . . ဘာလဲ . . သားအမိ နှစ်ယောက်ပေါင်းပြီး ကြံကြတာလား'

မေလေးမျက်နှာမှာ ချွေးတွေရော၊ မျက်ရည်တွေပါ အဆက်မပြတ်စီးကျလာရင်း

'ရှင် . . ရှင်တို့ လွန်နေပြီနော်၊ ကျွန်မကို စော်ကားတာ အားမရလို့ အမေ့ကိုပါ ထပ်စော်ကားနေကြတာလား'



www.burmeseclassic.com

www.burmeseclassic.com



'စော်ကားတော့ ဘာလုပ်ချင်လဲ၊ အမေရော သမီးပါ ရော ကြဲနေကြတာများ'

သစ်ခွစကားလည်း ဆုံးရော မေလေးရဲ့အမေဟာ ဆိုးဆိုး ဆတ်ဆတ်နှင့် ဖုန်းထဆက်ပါတော့သည်။

'ကျွန်မ မေလေးအမေပါ ဦးသင်းနုံ၊ ရှင့်သမီးတွေ ကျွန်မတို့ အိမ်မှာလာပြီး သောင်းကျန်းနေလို့ ရှင် ခုချက်ချင်းလာခဲ့ပါ. . ဒါပဲ'

အဲဒီအသံကိုလည်း ကြားရော . ဟိုညီအစ်မလေးယောက် က ဝိုင်းပြီး ကလော်တုတ်ပါလေရော။

'ရှင်က ကျွန်မတို့ကို မနိုင်လို့ အဖေနဲ့လှည့်ပြီး တွန်းပေးတာ ပေါ့. . ဟုတ်လား၊ အကျင့်ကိုက မယားငယ်အကျင့်နဲ့'

အဆိုးဆုံးကတော့ ယုဇနပါပဲ။

အိမ်ရှေ့မှာ ဆီအလကားဝေလို့ တိုးသလို ကျိတ်ကျိတ်တိုး နေကြတဲ့ လူအုပ်ကြီးဘက်ကို လှည့်ပြီး ကြေညာမောင်းထုပါတော့ သည်။

'အားလုံးပဲ ဒီမျက်နှာတွေကို မှတ်ထားကြဦးနော်၊ ငယ်ငယ် ရွယ်ရွယ်လှတပတနဲ့ ကျွန်မတို့အဖေကို တက်ကြဲနေတာ သူပေါ့'

ပွဲကတော့ တော်တော်ကြမ်းနေပါပြီ။ လူအုပ်ကြီးကလည်း





သို့လောသို့လောနှင့် ပဟေဠိတစ်ပုဒ်ကို အဖြေမှန်သိရဖို့ စောင့်နေကြ သည်။ ဂန္ဓမာက

'ပုန်းညက်၊ အဖေလာတော့မယ် ထင်တယ်၊ ငါတို့ပြန်ကြရ အောင်'

'အိုး. . ဘာလို့ပြန်ရမှာလဲ၊ သူတို့တောင်မှမရှက်တာ ငါတို့ လည်း အဖေလာရင် ပြောင်ရှင်းလိုက်ရုံပဲ ဒီမှာပဲ စောင့်နေမယ်'

ပြောလို့မှမဆုံးသေး။ အရှိန်ပြင်းပြင်းနှင့် ကားဟက်စီး အိမ် ရှေ့မှာ ထိုးရပ်လာသည်။

အံ့ဖွယ်တကား. . . အမေပါ ပါလာတာကိုး။ ဘာဖြစ်လို့ အဖေက အမေ့ကို ခေါ်လာရတာလဲ။

ဂန္ဓမာက အမေ့ဆီကို ပြေးသွားရင်း

'အမေ. . . ဟောဟိုမှာ မေလေး ဆိုတာ သူပဲ၊ အဖေ့ဟာ ကြီးပေါ့'

လို့လည်း ပြောရော ဦးသင်းနုံက

'သမီး နင့်ပါးစပ်ကိုပိတ်ပြီး သွားတောင်းပန်စမ်း'

'ဘာလို့ တောင်းပန်ရမှာလဲ၊ သမီးက ဘာမှားနေလို့လဲ'

'မှားတာပေါ့ကွ. . အဲဒါ နင်တို့မောင်အတွက် ငါရှာထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချွေးမလောင်း၊ ခုတော့ နင်တို့ မဆင်မခြင်လုပ်လို့ အားလုံးအရှက်တွေ ကွဲကုန်ပြီ'

အဖေ့ရဲ့မျက်နှာကြီးဟာ ခရမ်းချဉ်သီးလို ရဲတွတ်နေသည်။ အမေကလည်း အားနာပြီး မေလေးအမေကို တောင်းပန်နေပါသည်။

'ကျွန်မလည်း သူခေါ်လို့ လိုက်လာတာ၊ လမ်းကျမှ သူပြောပြလို့ သိရတာပါ အစ်မရယ်၊ ကျွန်မသမီးတွေ ဘာမှမသိဘဲ ခုလိုလာပြောဆိုနေတဲ့အတွက် ကျွန်မ အများကြီးတောင်းပန်ပါတယ်'

ခုနတုန်းက အားမတန်လို့ မာန်လျှော့ထားရတဲ့ အဘွားကြီးဟာ ခုမှ ထောင်ထောင် ထောင်ထောင်ဖြစ်လာပြီး လေသံက မာလာပါသည်။

'ကြားတဲ့အတိုင်းပဲ အရပ်ကတို့ရယ်. . . ကျုပ်တို့သားအမိကိုယ့်ဟာနဲ့ကိုယ် အေးအေးနေကြတာ၊ အိမ်ပေါ်ထိလာပြီး ပြဿနာရှာကြတာလေ၊ ကဲ. . ကိုသင်းနဲ့ ရှင်လည်း ရှင့်သမီးစွာတေးလန် ငါးစိမ်းသည်မတွေကို ခေါ်ပြီး ပြန်ပါတော့၊ နောက်လည်း ရှင်တို့နဲ့မပတ်သက်ချင်တော့ဘူး၊ ဒီအိမ်အရိပ်ကို လုံးဝလာမနင်းပါနဲ့'

ဂန္ဓမာ၊ ပုန်းညက်၊ ယုဇနနှင့်သစ်ခွတို့မှာ ဇက်ကလေးတွေပု၊ ခေါင်းကလေးတွေ ငုံ့ကာ ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်နေကြသည်။





အငြိမ်မနေနိုင်တဲ့ အဖေက

'ကျွန်တော့်အပြစ်လည်း ပါပါတယ် အစ်မကြီးရယ်၊ အစောကြီးကတည်းက သူတို့ကို ကျွန်တော်ပြောပြထားရမှာ၊ သူတို့ အံ့ဩသွားအောင် လုပ်ချင်လို့ ဖုံးထားမိတာ မမျှော်လင့်ဘဲ ခုလိုတွေ ဖြစ်သွားရတာပဲ'

မေလေးအသံက ခံပြင်းမှုတွေနှင့်အတူ ထွက်ပေါ်လာသည်။

'ပြန်ကြပါတော့ရှင်. . ကျွန်မတို့မှာ ထပ်ပြီး ကွဲစရာအရှက်တရားတွေ မရှိတော့ပါဘူး၊ ဦးရဲ့သားနဲ့ကိစ္စကို မေ့လိုက်ပါတော့'

'သမီးရယ်. . ဒီလိုတော့ မလုပ်လိုက်ပါနဲ့ကွယ်၊ ခုကိစ္စကတစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေလွဲပြီး ဖြစ်သွားကြတာပါ'

'ဟုတ်ပါတယ် ခုလို သိလိုက်ရတာလည်း ကောင်းပါတယ်၊ ဒီလောက်နဲ့တင် ဦးသားကို ငြင်းဖို့ လုံလောက်နေပြီပဲ၊ ငါးတန်းမှာငါးရောင်းတဲ့ ငါးစိမ်းသည်မတွေတောင် သူတို့လောက် ပါးစပ်ကြမ်းမှာ မဟုတ်ဘူး၊ ကဲ. . ပြန်ကြပါတော့'

အိမ်ရောက်တော့ ဘာပြောကောင်းမလဲ. . အမေက တစ်ယောက်ချင်းစီကို ဗိုက်ခေါက်ချည်း ဆွဲလိမ်တော့တာပဲ။

'နင်တို့ဟာနင်တို့တော့ သိပ်ဟုတ်နေတယ်ပေါ့လေ၊ ခုကြည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်း. . နင်တို့အဖေမျက်နှာ ဘယ်လိုပြရတော့မှာလဲ၊ ရပ်ကျော်ရွာကျော်တွေ ဖြစ်ကုန်ပြီ'

အဖေက ကုလားထိုင်မှာ စိတ်မောကိုယ်မောဖြင့် ထိုင်ရင်း မျက်ထောင့်နီကြီးဖြင့် သူ့သမီးတွေကို ဒေါသတကြီးကြည့်ပြီး

'မသိဂီ. . ဒီဟာမတွေကို ငါ့အစား တစ်ယောက်တစ်ချက်စီလောက် ပိုပြီး ဆော်လိုက်စမ်းဟာ. . ငါ မောလွန်းလို့'

ကဲ-ကြည့်၊ အဖေက အဲလိုအဖေမျိုး။ ရိုက်ချင်တာတောင် သူ့လက်နှင့်သူ မရိုက်ရက်၊ အငှားလက်က ငှားရသေးတယ်လို့။

ရိုးဂုဏ် ဆန်စက်က ပြန်လာတော့မှ အကြောင်းစုံကိုသိသွားပြီး အစ်မတွေကို ပြဿနာရှာပါတော့သည်။

'နင်တို့တွေ မဆင်မခြင်လုပ်လို့ ငါ့မှာလွတ်သွားပြန်ပြီ တစ်ယောက်. . သူက တော်တော်ချောတာဆို'

နဂိုကမှ အစာမကြေဖြစ်နေသော သူ့မမတွေက

'အဖေ့သွားမေးလေ သူက သဘောကျနေတာဆိုတော့ ချောမှာပေါ့၊ ငါတို့မျက်စိထဲမှာတော့ လုံးဝ ကန့်လန့်ပဲ၊ နင်. . ဂန်းမကိုသိတယ်မဟုတ်လား၊ အေး. . သူ့လောက်တောင်ပုံမလာဘူး၊ အဟုတ်'

'ဟုတ်လား. . ဒါဆို တော်သေးတာပေါ့'





ဂန်းမ ဆိုတာ သူတို့ရပ်ကွက်ထဲက ကျပ်မပြည့်တဲ့ကောင်မလေးပါ။ ပုန်းညက်က

'စိတ်မပူပါနဲ့ မောင်လေးရယ်. . အစ်မတွေကို အားကိုးစမ်းပါ၊ လေးယောက်တောင်ရှိတာ. . တို့မောင်ကို generation အပြတ်မခံနိုင်ပါဘူး၊ ငါတို့ ရှာပေးမယ်. . စိတ်ချလက်ချနေ သိလား'

'နင်တို့က ကိုယ့်ဟာကိုယ်တောင် ရှာနိုင်ကြလို့လား'

'အေးပါ. . နင် စောင့်ကြည့်လိုက်ဦးပေါ့၊ ပြီးမှ အစ်မတွေကို ညတိုင်း ဦးသုံးကြိမ်ချဖို့ မမေ့နဲ့'

'နင်တို့အကြောင်းကို လူတကာသိကုန်ပြီဥစ္စာ. . ဘယ်သူက ယောက်မတော်ချင်တော့မှာလဲ၊ စဉ်းစဉ်းစားစားလည်း ပြောဦး'

'မတော်ချင်နေပေါ့၊ ငါတို့က နင့်ကို ရန်ကုန်သူအချောအလှလေး ရှာပေးမှာ'

အမေ့အသံအကြားမှာ ပြောလက်စစကားတွေ ပြတ်တောက်သွားပါသည်။

'ဘာတွေ သဖန်းပိုး လုပ်နေကြတာလဲ၊ သွား. . ရေချိုးပြီး ထမင်းစားချေတော့'

*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနာဂတ်ကို ကျွန်တော် စိတ်ပူစ ပြုလာပါပြီ။ ဒီအစ်မတွေက ဘာတွေဖန်တီးကြဦးမှာလဲ။

ကျွန်တော့်ရင်ဘတ်ကြီးက အသစ်စက်စက်ကြီးရှိသေးတာ၊ ဘာမှအသုံးချရသေးတာ မဟုတ်ဘူး၊ သူတို့ရှာပေးတဲ့သူကို ကျွန်တော် ရင်ခုန်ပါ့မလား. . . သူကရော ကျွန်တော့်ကို ရင်ခုန်ပါ့မလား. . ။

ပြောလို့ ပြောတာ မဟုတ်ဘူး၊ ကောင်မလေးတွေက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်တွေ့ရင် မျက်လုံးတွေ လွှဲ. . လွှဲသွားကြတာဗျ။ အဲဒီလောက်ထိ သူတို့ ကျွန်တော့်ကို ခံစားကြတာ။

သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို မညာမတာဝေဖန်ဖူးတယ်။ မင်းပုံစံက တောကိုက်တဲ့. . ။ အများမကြိုက်တဲ့ တောကိုက်ပေါ့။ ကျွန်တော်က ပုဆိုးကို မချွတ်တမ်းဝတ်တာကိုး။ တောကိုက်ပြောပြော. . မြို့ကြိုက်ပြောပြော ကျွန်တော့်ရင်ဘတ်ထဲက နှလုံးကတော့ မြို့သားတွေလိုပဲ heart beat က normal ပါပဲ။ စည်းချက်ညီညီခုန်နေတုန်းပဲ။ ရင်ခုန်သံပရမ်းပတာဖြစ်သွားစေမယ့် တစ်ယောက်ယောက်ကို ကျွန်တော်တွေ့ချင်နေတာ။ တစ်ယောက်တည်းဆိုတော့ ပျင်းလာပြီဗျ။ နှစ်ယောက်ဆိုရင်တော့ ဟိ. . ဟိ။

ကျွန်တော်တို့ တစ်အိမ်သားလုံး ခရီးထွက်ဖို့ ပြင်ဆင်ကြရင်း





ဝရုန်းသုံးကားဖြင့် ဟီးလေးညံနေတော့သည်။ အဖေ၊ အမေ၊ အစ်မလေးယောက်နှင့် ကျွန်တော်အပြင် ကျွန်တော့်သူငယ်ချင်း ဝေဖြိုးလည်း လိုက်မှာဆိုတော့ အုပ်စုက တောင့်သလားမပြောနဲ့။

Town-Ace ကားနှင့် ကျွန်တော်တို့အုပ်စုက ကွက်တိပဲ။ အဖေနဲ့အမေလည်း ကျွန်တော်တို့အတွက် ရှာရ ဖွေရလွန်းလို့ စိတ်ပန်းလူပန်းဖြစ်နေပြီလေ။ ပေးနားဦးမှ နောက်ထပ်ရှာပေးနိုင်မှာပေါ့။ (မိန်းမကို ပြောတာနော်)

အရေးအကြီးဆုံးဟာ ပြောဖို့ မေ့နေလိုက်တာ။ ကျွန်တော်တို့က Sea beach ကိုသွားမှာဗျ။ ငပလီ ဆိုပါတော့ဗျာ. . ငပလီက Ngapali Amazing Resort Hotel ဆို လန်းမှလန်းပဲ။ ဓာတ်ပုံထဲမှာ တွေ့ဖူးရုံနဲ့တင် ဆွဲဆောင်မှုရှိနေတာဆိုတော့ ဟိုရောက်ရင်လည်း မုချပျော်ရွှင်ရမှာ အမှန်ပဲ။

ထုံးစံအတိုင်း ကျွန်တော့်အစ်မ 1,2,3,4 တွေဟာ ရေကူးဝတ်စုံကိစ္စနဲ့ ဗျစ်တောက် ဗျစ်တောက်ဖြစ်ကြပြန်ရော. . နားထောင်ကြဦးမလားခင်ဗျ။

'ဟဲ့. . ယုဇန၊ နင်နဲ့ fitting မကျပါဘူးဟာ၊ ငါကြည့်တာတော့ ပေါက်စီနဲ့ခွက်က တခြားစီဖြစ်နေတယ်ဟာ၊ ငါ့ပေး ငါဝတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် သိပ်ကိုလှမှာ သိတယ်မဟုတ်လား ငါ့ကိုယ်လုံးက ရှယ်ဆိုတော့လေ၊ ကောက်ကြောင်းလေးတွေ ထင်းပြီး သကောင့်သားတွေ ပိုင်းကြွေကြမှာ. . ခစ်. . ခစ်'

မြှောက်စရာမရှိ ကိုယ့်ဟာကိုယ် ရှာကြံပြီး မြှောက်နေသော သစ်ခွကို ကျန်တဲ့သုံးယောက်က တင်းလာကြသည်။ ဂန္ဓမာက

'ဒီဝတ်စုံနဲ့ နင့်ကိုယ်လုံးနဲ့. . ဟား. . ဟား. . ခုတွေးကြည့်ရင် ခု ရယ်ချင်တယ် အဟုတ်၊ ငါ့မျက်စိထဲမှာတော့ အာဖရိကက မိကျောင်းကြီး ရေကူးကန်ထဲရောက်နေသလိုမြင်ရတယ်ဟ'

'စိတ်ပုပ်မ. . သုံးမယားသေတဲ့ မုဆိုးဖိုကြီးနဲ့ညားမဲ့ဟာမ'

သူတို့က အဲသလိုတွေ အပြန်အလှန်ကိုးသွင်းရမှ ကျေနပ်ကြတာလေ။

အဖေက

'ကဲ. . သမီးတော်တွေ အဆင်သင့်ဖြစ်ရင် အိတ်တွေ ယူလာခဲ့တော့၊ ကားရောက်နေပြီ ပစ္စည်းတင်ကြရအောင်'

ပစ္စည်းတွေတင်ကြတော့လည်း အလုအယက်တွေတင်ကြ၊ နေရာတွေ လုကြနှင့် မပွတ်ကျွတ်တွေ ကျနေတာပဲ။ ကျွန်တော့်သူငယ်ချင်းဝေဖြိုးက ဘာပြောသလဲဆိုတော့





'ငါ့သူငယ်ချင်း လူဖြစ်ရကျိုး မနပ်လိုက်တာကွာ၊ မင်းအစ်မတွေ ကြည့်ပြီး ငါ့ကို တစ်ယောက်တည်း မွေးပေးခဲ့တဲ့ အမေ့ကို ငါ ကျေးဇူးတင်လိုက်တာ'

တဲ့။ သူများပြောလည်း ပြောချင်စရာကိုး။ တစ်ရာမှာ တစ်ယောက်မရှိနိုင်တဲ့ အော့ကြောလန်အစ်မတွေလေ။

ကား စထွက်တော့မှ နားအေးပါးအေးရှိတော့တယ်။ အမေ့ကိုကြည့်တော့ ကျေနပ်ပြီး ပီတိတွေ ဖြာနေတာများ ဟန်းနီးမွန်းထွက်လာတဲ့အတိုင်းပဲ။ ပြီးတော့ ခုတလော အမေ ပိုပြီးပြင်ပြင်ဆင်ဆင်နေလာသည်။ မေလေးကိစ္စကို အစပြုပြီး အမေ တော်တော်စိုးရိမ်သွားပုံရသည်။ ရယ်ဒီမိတ်ဟော့ရှော့တွေကို သမီးတွေနှင့်အပြိုင်လိုက်ဝတ်တာဗျ။ အဖေကလည်း ငယ်မူတွေပြန်ပြီး အမေ့ပခုံးကလေးကို ဖွဖွလေး ဖက်ထားလေရဲ့။ ရည်းစား မရှိတဲ့ ကိုယ့်သားသမီးတွေကို မသနားဘူးလား မသိဘူး။ သူတို့ကိုကြည့်ပြီး အားကျလာရင် ဘာလုပ်ရမှာလဲ။ ကျွန်တော့်ဘေးမှာက ဖက်စရာဆိုလို့ ဝေဖြိုးပဲ ရှိတာ။ ရေလည်ဝေါင်တယ်ဗျာ။

စလိုက် နောက်လိုက် ရန်ဖြစ်လိုက်နှင့်ပဲ ပျင်းရတယ်မရှိဘဲ ကျွန်တော်တို့အုပ်စု ပေလီကိုရောက်ရော။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝပန်းချီကားတစ်ချပ်လိုပဲ ပန်းချီဆရာက ကောင်းကင်ကြီးကို အပြာရောင်ချယ်ပြီး ပင်လယ်ပြာနှင့်ဝမ်းဆက်ဖြစ်အောင် လုပ်ထားတာဗျ။

ရွေ့လျားနေတဲ့ တိမ်စိုင်ဖြူဖြူလေးတွေအောက်မှာ ကမ်းခြေစောင့်ကျောက်တုံးကြီးတွေက တစ်မျိုးဆွဲဆောင်နေပြန်ရော။ ဖြူလွနေတဲ့သဲသောင်ယံပေါ်မှာ အုန်းပင်စိမ်းစိမ်းလေးတွေက လေတိုက်လိုက်တိုင်း ယိမ်းနွဲ့နေလိုက်တာ။

နေဝန်းနီနီကြီးက bye bye လုပ်ချင်နေပြီ။ ပင်လယ်ထဲကို တိုးဝင်တော့မလို့ ထင်တယ်။ ဒါပေမယ့် သူ့ကိုတော့ နေ့တိုင်းတွေ့နေရလို့လား မသိဘူး၊ တယ်ပြီး ရင်ခုန်ချင်စရာမကောင်းလှဘူးဗျ။ နောက်နေ့တွေဆို တွေ့ရဦးမှာ. . ပင်လယ်ကြီးကမှ ကျွန်တော့် ရင်ဘတ်ထဲကို ရောက်တာ။

'ကိုရိုးဂုဏ်လား ခင်ဗျ'

'ဟုတ်ပါတယ်'

ကျွန်တော့်နာမည်မေးပြီး ခရုလည်ဆွဲလေး ဆွဲပေးပါတယ်။ ခရုပေါ်မှာ ရိုးဂုဏ် ဆိုတဲ့ နာမည်ကို အင်္ဂလိပ်လိုရေးထားတာ ဆရာ၊ လည်ဆွဲ ဆွဲပေးတာက ဘဲကြီး ဆိုတော့ ရင်တောင် မခုန်လိုက်ရပါ





ဘူး။ စိတ်ကူးထဲမှာ မြင်ယောင်ကြည့်တာက ကောင်မလေး ဖြောင့်ဖြောင့်ကလေးက လာဆွဲပေးတာလေ. . အဲလိုဆို. . ဘယ်လောက်ကောင်းလိုက်မလဲနော်။

Hotel က တိုက်တဲ့ အလကားရတဲ့ အုန်းစိမ်းရည်ကို တစ်ယောက် နှစ်ခွက်စီဆွဲပြီး ဘူဖေးကျွေးမယ့် ရခိုင်မုန့်ဟင်းခါးကို ဝတ်ကြီးတကျနဲ့လှမ်းမျှော်နေကြတာလေ။ ရခိုင်မုန့်ဟင်းခါးနဲ့ buffetဆိုတော့ နည်းနည်းများ လွဲနေသလားလို့။ လွဲချင်မှလွဲရော တစ်ယောက်တစ်ပွဲကျွေးတာနှင့်စာရင် ဘူဖေးစနစ်က ပိုပြီး ဗိုက်ဝတာပေါ့။

အရာရာအားလုံးဟာ ပြီးပြည့်စုံနေတယ်ပေါ့ဗျာ။ ဆည်းဆာရီ နေဝင်ရီတရောအချိန်မှာ သိပ်လှတဲ့ Angel ကလေးတစ်ယောက်ကို တွေ့ရတယ်ဆိုရင် ယုံကြပ့်မလား. . တကယ်ပါဗျာ။ သူ့အလှကို ကျွန်တော် သရုပ်ခွဲပြမယ်နော်။

ဆံပင် - ဂျင်နီဖာလိုပက်ဇ်

မျက်လုံး - စိုးမြတ်သူဇာ

မျက်ခုံး - ပဲရစ်ဟီတန်

နှာခေါင်း - လင်ဆေးလိုဟန်

ပါးစပ် - ဂျင်နီဖာအင်နစ္စတန်



www.burmeseclassic.com

www.burmeseclassic.com



မေးစေ့ - ဘရစ်တနီစပီးယား

ကိုယ်လုံး - အိန္ဒြာကျော်ဇင်

တွေ့ပြီလား။ ကျွန်တော်တွေ့တဲ့ ကောင်မလေးက ဘယ်လောက်လန်းသလဲဆိုတာ ဝေဖြိုးဆိုလည်း ငေးရလွန်းလို့ မျက်လုံးတွေ ပြုတ်ထွက်တော့မယ်။ အဆိုးဆုံးကတော့ ကျွန်တော့်အစ်မလေးယောက်။ မျိုးတူချင်းကိုများ ကဲကဲဆတ်ဖြစ်နေလိုက်ကြတာ။

ပုန်းညက်က

'ရှိုးဂုဏ် မောင်လေး. . တွေ့လားဟင်. . တွေ့လား'

'ဘာကိုတွေ့ရမှာလဲ. . အရင်းမရှိ အဖျားမရှိ'

'လီမွှော်လေးလေ. . အတွင်းခံကိုပြောတာ'

အရေးထဲ သူက တစ်မှောင့်။ ဘယ်တုန်းက တွေ့သွားပြန်ပြီလဲ မသိပါဘူးဗျာ။ သူဝတ်ထားတာက ဂါဝန်အတိုလေးဆိုတော့ လေတိုက်လို့များလား။

'ဘော်ဒီလေးက အမိုက်စားလေးတော့။ အမယ်လေးဟယ် ကြည့်ရင်းနဲ့တောင် ယောက်မတော်ချင်လာပြီ၊ ဟဲ့. . နင်တို့ရော. . မတော်ချင်ဘူးလား'

ဂန္ဓမာက ဆွယ်တော့ ကျန်တဲ့သုံးယောက်က





'ရင်တွေ ခုန်လိုက်တာဟယ်'

'အေးလေ. . ဘယ်လိုဖြစ်တာလဲ မသိဘူး'

ကျွန်တော်တို့တွေ ဘယ်လိုပဲငေးငေး သူမကတော့ အဖော်မိန်းမတစ်ယောက်နှင့် စကားတွေဖောင်ဖွဲ့ပြီး မျက်နှာလေးက ရွှင်မြူးနေလိုက်တာ။ အသံလေးလည်း ကြားကြည့်ချင်သားဗျ။ လူတောင်ဒီလောက်လှနေတာ၊ အသံဆိုရင်တော့ ပြောစရာတောင်လိုမှာမဟုတ်။

'ရှိုးဂုဏ် ဒီတစ်ခါတော့ မလွတ်စေနဲ့တော့နော်၊ ရအောင်သာဖန်တော့၊ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုတာ ကြားဖူးတယ် မဟုတ်လား'

ဝေဖြိုးရဲ့မှတ်ချက်စကား။

'ငါတို့သူ့ကိုဝင်လုံးပြီး နင့်အတွက် ကြိုးစားပေးမယ်သိလား'

အစ်မတွေရဲ့အားပေးစကား။ ဒါမျိုးကျတော့လည်း ချစ်ဖို့ကောင်းနေပြန်ရော။

'အစ်ကိုတို့ အစ်မတို့ ဝင်လို့ရပါပြီခင်ဗျ၊ ပစ္စည်းတွေ အခန်းထဲ ထည့်ပေးပြီးပါပြီ'

ဟိုတယ်မှဝန်ထမ်းကောင်လေးရဲ့စကားကို ပုန်းညက်က

'မောင်လေး. . ဟိုဘက်စားပွဲမှာ ထိုင်နေတဲ့တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



အခန်းနံပါတ် ဘယ်လောက်မှာ တည်းတာလဲဟင်'

'ခင်ဗျာ. .'

'ဩော်. . ဒီလိုပါ၊ အစ်မသူငယ်ချင်းများလားလို့ပါ၊ မတွေ့တာကြာပြီဆိုတော့ လူမှားနေမှာစိုးလို့'

'အခန်း(    )မှာ တည်းတယ် အစ်မ'

'ကျေးဇူးပဲကွယ်'

မေးပါများ စကားရ တဲ့။ ဘယ်ဘဝက ရေစက်လည်း မသိ။ ဒီကောင်မလေးကို တွေ့တွေ့ချင်း တော်တော်ကြီးကို သဘောကျနေတာ။ မိန်းကလေးချင်းတောင် ဒီလိုစိတ်လှုပ်ရှားနေရရင် ရိုးဂုဏ်ဆို ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေပြီ ထင်တယ်။

ဟော. . ကြည့်၊ လုပ်ချလိုက်ပြန်ပြီ။ ဂါဝန်က တိုပါတယ်ဆိုမှ ကောင်မလေးက ခြေချိတ်ပြီး ထိုင်နေပြန်ပြီ။ စတိုင်လ်ကတော့ လန်ထွက်နေတာပဲ။ စကားပြောတာကလည်း အထက်တန်းကျကျ၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့ကလေး. . . အပြစ်ပြောစရာ ဘာတစ်ခုမှမရှိဘူး။ မရှိဘူးဆိုပေမယ့် အနေအထိုင်တော့ နည်းနည်း ပက်စက်သလားလို့။

ဒါလောက်တော့ ရှိမှာပေါ့လေ။ သူ့ခေတ် သူ့အခါကိုက





ဒီလိုမျိုးတွေ ဝတ်ကြတာကိုး. . မတော်ရသေးတဲ့ ယောက်မလေးဘက်က သာသာထိုးထိုးကလေး တွေးမိပါတယ်။

ဆည်းဆာက ကျော့်လို့ မိုးစုန်းစုန်းချုပ်နေပြီ။ ခဏနေတော့ ကောင်မလေးနှင့်သူ့အဖော်တို့ ထိုင်ရာမှထလာကြသည်။

'ဂရေ့စ်ရေ. . ရန်ကုန်ရောက်မှပြန်တွေ့ရအောင်နော်'

'ဟုတ်ကဲ့ အန်တီ'

ဂရေ့စ် တဲ့. . အင်္ဂလိပ်နာမည်ဆန်းဆန်းလေးက သူမနှင့် လိုက်ဖက်လွန်းလှသည်။

ဂရေ့စ်က ကျွန်တော်တို့ဝိုင်းကို မျက်လုံးလေးဝေ့ကြည့်ပြီး အသိအမှတ်ပြုသလို ပြုံးပြသည်။ မီးရောင်အောက်မှာ လှချင်တိုင်း လှနေတဲ့ ဂရေ့စ်ပါလား။

ကောင်မလေးချောချောလေးတွေ့ရင် ညဘက် အိပ်လို့သိပ် ကောင်းတာဗျ။ အိပ်မက်ထဲထိတောင် လိုက်လာတဲ့ ဂရေ့စ်ပါလား။

အိပ်မက်ထဲမှာ ကောင်မလေး တော်တော် ကဲတယ်။ ကျွန်တော့်ကို အကြင်နာ လာ လာပေးလို့ ထွက်ပြေးနေရတာ၊ အုန်းပင်ပေါ် တက်အပြေး ကံကဆိုးချင်တော့ ပုဆိုးက ကွင်းလုံးကျွတ်အကျ . . အောက်က ကောင်မလေးက အပေါ်ကိုမော့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ယောင်းလောင်းကြီးတော့'

အိပ်မက်ထဲမှာ သူ့အော်သံကို ပီပီသသကြီး ကြားလိုက်ရတာ၊ နား့နားကပ်ပြီး ပြောလိုက်တာ အပြင်မှာကြားနေရတဲ့အတိုင်းပဲ။ အစ်မတွေက ကျွန်တော့်ကို အတင်းလှုပ်နှိုးပြီး

'ရှိုးဂုဏ်. . နင့်သူငယ်ချင်းကိုကြည့်ပြောဦး၊ အအိပ်က ဗုက်စက်လိုက်တာ လွန်ရောပဲ'

ဟုတ်ပါရဲ့။ ဝေဖြိုးဆိုတဲ့ကောင်. . အိပ်နေလိုက်တာများ အိပ်မက်ထဲကလို ယောင်းလောင်းကြီး။ ကျွန်တော်လည်း ကြံမိကြံရာ ကျွန်တော့်ပုဆိုးကိုချွတ်ပြီး ဒီကောင့်ကို ဖုံးဖိပေးလိုက်တာ အစ်မတွေက သူတို့မျက်စိတွေကို လက်တွေနှင့်ကာရင်း

'ဟဲ့. . ဘာထူးလို့လဲ၊ နင်လည်း ယောင်းလောင်းကြီး ဖြစ်သွားပြီ'

အဲဒီတော့မှ ကိုယ့်ဟာကိုယ် ဖုံးဖို့ သတိရပြီး စောင်ယူခြုံထားရတယ်။ မနက်စောစောစီးစီး ပြဿနာလာရှာတဲ့ အစ်မတွေ။ ကိုယ့်အခန်းထဲ ကိုယ်နေတာ မဟုတ်ဘူး။

'နေပါဦး၊ ယောကျ်ားလေးတွေအခန်းထဲ ဘာလာလုပ်ကြတာလဲ'





'နင့်ကောင်မလေး breakfast စားနေပြီဟဲ့၊ အဲဒါကြောင့် နင့်ကို လာခေါ်တာ'

နင့်ကောင်မလေးတဲ့။ စောစောစီးစီး ကြားရတာ နားဝမှာ ချမ်းသာလိုက်တာ။

'တကယ်လား. . ဒါဆို ကျွန်တော် ထပြီ၊ ဟိုဘက်လှည့်နေကြ'

'အမယ်လေး. . ကြီးကျယ်လိုက်တာ၊ နင့်များ ငါတို့က ရေချိုးပေးလာရတာပါဟယ်၊ မကြည့်ချင်မှအဆုံး'

သူတို့ ပြောချင်ရာပြောပြီး အပြင်ပြန်ထွက်သွားကြပြီ။ ညတုန်းက တံခါး lock လုပ်ဖို့ မေ့သွားတာကိုက ကျွန်တော်တို့အပြစ်။ ဝေဖြိုးက အိပ်ချင်ယောင်ဆောင်နေရာမှလူးလဲထပြီး

'ငါ့အရှက်တွေတော့ ဖြန်းဖြန်းကွဲပါပြီ သူငယ်ချင်းရယ်'

'မင်းကလဲကွာ၊ ငါ့အစ်မပေါ်တာမတွေများ စိတ်ထဲထည့်လို့ မြန်မြန်လုပ်ကွ. . ဟိုက ပြန်သွားဦးမယ်'

ဂရေ့စ်တန်ခိုးက ဘယ်လောက်ကြီးသလဲဆို ကျွန်တော့်မှာ သွားမတိုက်၊ မျက်နှာမသစ်ဘဲ break fast စားတဲ့နေရာကိုရောက်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



သာယာလိုက်တာ။ ဟိုတယ်က ရေကူးကန်နံဘေးမှာ စားပွဲလေးတွေ ခင်းထားပေးတယ်။ ရေကူးကန်ကိုကျော်ပြီး ကြည့်လိုက်ရင် ကမ်းစပ်နှင့်ထိစပ်နေတဲ့ Sea View လေးကိုတွေ့ရတာ ဘယ်လောက်ပန်းချီဆန်လိုက်သလဲ။

ကျွန်တော့်ရဲ့ဂရေ့စ်လေးက စားပွဲတစ်ခုမှာ အဖော် မပါ၊ တစ်ယောက်တည်း သက်သောင့်သက်သာ စားသောက်နေလေရဲ့။ စားတာကိုက လှလှပပ၊ သပ်သပ်ရပ်ရပ်၊ စတိုင်လ် ကျမှကျ။ ကျွန်တော့်အစ်မတွေနှင့်များ တခြားစီပါပဲ။ ဖေဖြိုးကို မေ့သွားပြီး ဂရေ့စ်ထိုင်နေတဲ့ဆီကို တန်းပြီးရောက်သွားတာက ကျွန်တော်ပါ။

'မင်္ဂလာပါ ဂရေ့စ်၊ ကျွန်တော် ဒီမှာထိုင်မယ်နော်'

သူမက အံ့သြသလိုတစ်ချက်ကြည့်ပြီး

'ယူက တို့နာမည်ကို သိလို့ပါလား'

'မင်းက လှတယ်လေ. . လှတော့ လေ့လာရတာပေါ့'

ဂရေ့စ်က သွားလေးတွေပေါ်အောင် ရယ်ရင်း

'ရှင်က တော်ကီတော့ လာသားပဲ'

ဒီနေရာမှာ သူ့အသံကလေးကို ကြော်ငြာဝင်ချင်ပါတယ်။ ကျွန်တော်ထင်သလို အသံလုံးမသေးဘဲ သို့်တို့၊ ဆုန်သင်းပါရ်တို့လို





အသံက ခပ်သြသြကလေး။ ဒါလည်း တစ်မျိုးနားထောင်လို့ကောင်းတာပါပဲ။

'ကျွန်တော့်နာမည်လည်း မှတ်ထားနော်၊ ရိုးဂုဏ်. . တဲ့'

'တစ်ထောင်မှာ တစ်ယောက်မရှိတဲ့ နာမည်မျိုးပဲ'

ဂရေ့စ်က ဖော်ရွေတတ်သားပဲ။ ဒါကြောင့်လည်း သာမန်မိန်းကလေးတွေနဲ့မတူဘဲ တစ်မူထူးနေတာကိုး။

ဘာပဲဖြစ်ဖြစ် သူနဲ့ စကားပြောရတာ ပျော်စရာကောင်းပါတယ်။

ထူးဆန်းတာက. . အဝေးက တွေ့ရသလောက် ရင်မခုန်တော့ဘဲ နီးနီးကပ်ကပ် စကားပြောကြည့်မှ ဒီလို ခံစားချက်တွေပြောင်းသွားတာ ဘယ်လိုအမျိုးအမည်တပ်ကြည့်ရမလဲ။

'ဟိုအမြွာနှစ် စုံက ရှင့်အစ်မတွေလား'

'ဟုတ်တယ်. . သူတို့နဲ့မိတ်ဆက်ပေးမယ်နော်'

ကျွန်တော်က ခေါင်းဆတ်ပြတော့ အစ်မ လေးယောက်က ဒရောသောပါးပြေးလာကြပါတယ်။

'သူက ဂန္ဓမာတဲ့၊ သူနဲ့ဝမ်းဆက်က ပုန်းညက်'

ဂရေ့စ်က ဖော်ရွေစွာပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရတာ ဝမ်းသာပါတယ်၊ ဂရေ့စ်က ခင်တတ်ပါတယ်နော်'

'သိတယ် မျက်နှာလေးကြည့်ကတည်းက သဘောကောင်းလေးဆိုတာ. . အစ်မတို့က ညီမလေးကို စတွေ့ကတည်းက ဝိုင်းချစ်နေကြတာ'

ဂရေ့စ်ခေါင်းလေး ငုံ့သွားပါတယ်။ နေရောင်အောက်မှာ သူ့လက်က မွေးညင်းကလေးတွေကို ပြတ်သားစွာ မြင်နေရသည်။ တစ်ခုထူးတာက သာမန်မိန်းကလေးတွေထက် သူ့ရဲ့လက်မွေးလေးတွေက ပိုရှည်နေသလိုပဲ။

'ဂရေ့စ်အခန်းကို လာလည်လို့ရမလားဟင်'

'ရပါတယ်၊ အစ်မတို့ ပျင်းရင် လာလည်ပေါ့. . ဂရေ့စ်က အအေးလည်း တိုက်မယ်။ မုန့်လည်း ကျွေးမယ်လေ'

ကျွန်တော့်အစ်မတွေ ဂရေ့စ်ရဲ့အသံသြသြလေးအောက်မှာ အရည်တွေ ပျော်ကုန်ပြီထင်ရဲ့။ ဂရေ့စ်နားမှာ ဝိုင်းကြီးပတ်ပတ်ထိုင်ပြီး လက်ကလေးကိုင်လိုက်၊ မျက်နှာလေးကိုင်လိုက်၊ ပခုံးလေးပုတ်လိုက်နှင့် ဘာတွေ သဘောကျနေမှန်းကို မသိတာ။

အဖေနဲ့အမေက ကျွန်တော်တို့အဆောင်နဲ့နည်းနည်းဝေး





တဲ့ အဆောင်မှာဆိုတော့ ဂရေ့စ်နှင့်ကျွန်တော်တို့တွေ ဖြစ်ပျက်နေတာကို သိနိုင်မည်မထင်ပါ။

တစ်ခုထူးဆန်းတာက ဂရေ့စ်ဟာ ပင်လယ်ရေထဲကိုရော၊ ရေကူးကန်ထဲကိုရော တစ်ခါမှမဆင်းခြင်းပင်။ ရေတော့ အင်မတန်ကြောက်ပုံရလေသည်။ ကျွန်တော့်အစ်မတွေကျတော့ အနည်းဆုံး တစ်နေ့ သုံးကြိမ် ရေထဲဆင်းကြသည်။ ရေကူးကန်ထဲမှာလည်း သူတို့အသံတွေချည်းပဲ။ ပါလာတဲ့ရေကူးဝတ်စုံတွေကို မကုန်မချင်းထုတ်ကြွားနေကြတာ။

ရေကူးဝတ်စုံဆင်တူကြီးတွေဝတ်ပြီး သူတို့မို့ မထွက်လာနှင့်၊ လူတွေက အထူးအဆန်းသတ္တဝါတွေလိုဝိုင်းကြည့်ကြတာ။ ကျွန်တော့်အမြင်မှာတော့ မိန်းမလူရွှင်တော်တွေ ယိမ်းက ထွက်လာသလိုပဲ။ သူတို့ကိုကြည့်ပြီး ဝေဖြိုးနှင့် ကျွန်တော့်မှာ ဗိုက်နှိပ်နေရတာအူကို လိပ်လို့။

ဆံတော်၊ အံတော်၊ နံတော် ဘုရားတွေ လည်ဖူးတော့လည်း ဂရေ့စ် ပါတာပဲ။ ပေလီရောက်တာ ဒီနေ့ပါဆို သုံးရက်ရှိပြီ။ ဂရေ့စ်က တစ်ပတ်နေဦးမှာဆိုတော့ ကျွန်တော်တို့လည်း အဖေနှင့်အမေကို မပြန်ဖို့ အမျိုးမျိုးစည်းရုံးထားရတာ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက ကြာလာရင် ပျင်းပြီး အိမ်ကိုသတိရတယ်ဆို ပဲ။ ကျွန်တော်တို့နှင့် ဂရေ့စ်မှာတော့ ကြာလေ အဖွဲ့ကျလေဖြစ်ပြီး ဝေဒနာတွေကို ကြေညာစာတမ်းထိုးဖို့ အချိန်ကောင်းကို စောင့်နေရ တဲ့သူပါ။ အိမ်မပြန်ခင် အပိုင်သိမ်းသွင်းနိုင်ဖို့လိုတာ ကျွန်တော်သိ တယ်။ ချိန်တိုင်း လွဲနေသမျှ ဒီတစ်ခါတော့ နာမည်ပျက်မခံနိုင်တော့ ဘူး။ အစ်မတွေကလည်း အမျိုးမျိုးပြောနေတာပဲ။

'ငါတို့ ဝိုင်းပြီး ဘေးတီးပေးပြီးပြီနော်၊ ကျန်တာ နင့်ဟာနင် ဆက်လုပ်တော့'

'သူက သူဌေးသမီးဟဲ့၊ မိုးကုတ်ဇာတိလို့ ပြောတယ်'

'မိဘတွေကလဲဟယ်၊ ဒီလောက်ချောချောလှလှကလေးကို တစ်ယောက်တည်း လွှတ်ထားရက်တယ်'

'ဒီလိုလွှတ်လို့လည်း တို့မောင်နဲ့တွေ့တာပေါ့ဟဲ့. . အဲဒါပဲ ဖူးစာဆိုတာ'

ဖူးစာဆိုတာ နဖူးမှာ စာပါလာပြီးသားလား။ ကျွန်တော်ကြား ဖူးတာတစ်ခုက မြိတ်ကလူတွေ ပြောကြတာပါ။ ဘာတဲ့. . ဖူးစာလူး လာရင် ဒူးနဲ့ကာတောင် မရဘူးဆိုပဲ။ ဒါဆို မိုးကုတ်က လူးလာတဲ့ ဂရေ့စ်ဆိုတဲ့ဖူးစာကြီးကို ကျွန်တော်ကတော့ ဒူးအညောင်းခံပြီး ကာ





မနေတော့ပါဘူး။ ဟုတ်တယ် မဟုတ်လား။ ဒူးနဲ့တိုက်ပစ်လိုက်တော့ မယ်။

'ရိုးဂုဏ်၊ ဒီညနေ ဂရေ့စ်နဲ့ Sunset ကြည့်ရင်း propose လုပ်လိုက်တော့လေ၊ ဒါမှ နင်အိမ်မပြန်ခင် ပြတ်ပြတ်သားသား သိ သွားရတာပေါ့'

ဂန္ဓမာက အကြံပေးတာကို ပုန်းညက်က ထောက်ခံသည်။

'ငါကြားဖူးတာ တစ်ခုရှိတယ်၊ ဘာတဲ့. . အသက်အစိတ်မှာ ပုခက်မချိတ်နိုင်ရင် တစ်သက်မနိစ်ဘူးဆိုပဲ၊ ခုချိန်က နင်ကြီးစားဖို့ အကောင်းဆုံးပဲ၊ ငါတို့ဆို ပုခက် မချိတ်နိုင်တာ ခြောက်နှစ်တောင် ကျော်လာပြီဟဲ့. . ဘယ်သူမှမသနားချင်နေ ကိုယ့်ဟာကိုယ်ပဲ သနား တယ်ဟယ်'

ပုန်းညက်ကို နှိပ်ကွပ်ဖို့ချောင်းနေတဲ့ ယုဇနက

'ငါတို့ဗမာလူမျိုးတွေက discount ချပေးရင် သိပ်သဘော ကျတာဟဲ့၊ နင်လည်း အဲသလိုလျှော့ဈေးနဲ့ရောင်းလိုက်ရင် လူတွေ အုံနေမှာ စိတ်သာချ'

'အေးပေါ့ ဘဝတူတွေပဲဟာ အပြိုင်အဆိုင်ချကြတာပေါ့ ဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းသာလိုတော့တဲ့ ဒီနေ့ညနေအတွက် ကျွန်တော်ရှင် တွေခုန်နေတာ လွန်တယ်လို့ မဆိုနိုင်ပါဘူးနော်။ တွေ့တာ မကြာ သေးပေမယ့် ဂရေ့စ်ဟာ နားလည်သဘောပေါက်လွယ်မယ့်မိန်းက လေးဆိုတာ ကျွန်တော်သိနေပြီးသားပါ။

တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ပေါက်ပေါက်ဖောက်နေ တဲ့ ကျွန်တော်တို့အခန်းရှေ့ကို Hotel က ကောင်လေးတစ်ယောက် ရောက်လာပြီး

'ကိုမြင့်မောင်မောင်. . တဲ့၊ ဖုန်းလာနေတယ်'

ဆိုပြီး အခန်းမှားလာခေါ်ပါတယ်။ အဲဒီမှာ သစ်ခွက

'မောင်လေး. . အခန်းမှားနေပြီထင်တယ်၊ အစ်မတို့အုပ်စု မှာ ကိုမြင့်မောင်မောင်မှမရှိတာ'

'မမှားပါဘူး အစ်မရဲ့. . သူ့အခန်းမှာ သွားကြည့်ပြီးပြီ မရှိ ဘူးခင်ဗျ၊ ဟိုလေ အစ်မတို့အုပ်စုနဲ့တွဲနေတဲ့တစ်ယောက်ကို ပြော တာ'

အစ်မ လေးယောက်ရော၊ ကျွန်တော်ပါ မျက်စိတွေရော၊ နားတွေပါ ရှုပ်ကုန်ပြီး

'အဲဒါက ဂရေ့စ်လေ၊ မြင့်မောင်မောင်မှမဟုတ်တာ'





'ဟုတ်တယ်. . ဟုတ်တယ် သူ့ကိုပြောတာ၊ အဲဒါယောကျ်ား ကြီး အစ်မရဲ့၊ မိန်းကလေးမဟုတ်ဘူး'

'ဗုဒ္ဓေါ'

'ဘုရားရေ'

'မြတ်စွာဘုရား'

အာမေဋိတ်အသံပေါင်းများစွာ တစ်ထပ်တည်း ထွက်လာ ကြသည်။ ဝေဖြိုးက

'နေဦး. . . မင်းပြောတာ ငါတို့ မယုံဘူး ဖြစ်နေတယ်၊ မင်း ဘာနဲ့သက်သေပြမှာလဲ'

'ယောကျ်ားမို့လို့ ယောကျ်ားလို့ ပြောတာပေါ့ဗျ. . သူက တကယ့်မိန်းကလေးနဲ့တူနေလို့ပါ၊ မယုံရင် Reception က အစ်မ ဆီမှာ သူ့မှတ်ပုံတင်သွားတောင်းကြည့်လိုက်လေ'

အခုကြားရတဲ့သတင်းကို ရင်ထဲမှာ သိမ်းမထားနိုင်တော့ ချက်ချင်းပဲ ဝေဖြိုးကိုခေါ်ပြီး သွားတောင်းကြည့်တာပေါ့။

'အစ်မ ကိုမြင့်မောင်မောင်မှတ်ပုံတင် ခဏလောက် ကြည့် လို့ရမလား'

'ကိစ္စအထွေအထူးရှိလို့လားရှင့်'



www.burmeseclassic.com

www.burmeseclassic.com



'သူက ကျွန်တော်တို့နဲ့တစ်အုပ်စုထဲပါ အစ်မ၊ ခဏလေးပဲ ကြည့်ရုံပဲ ကြည့်မှာပါ'

ဂရေ့စ်နှင့် ကျွန်တော်တို့ တတွဲတွဲနေတာကို သိနေလို့ထင်သည်။ ကောင်မလေးက မှတ်ပုံတင်ထုတ်ပြလာ၏။ မိုးခြိမ်းသံ မကြားဘဲ ဦးခေါင်းတည့်တည့်ကို မိုးကြိုးပစ်ချလိုက်သလို ကျွန်တော်ခံစားရသည်။

ဟုတ်ပါတယ်. . သူမှသူပါပဲ။

ငယ်ငယ်တုန်းကပုံ ထင်သည်။ ယောကျ်ားလေးအကျႌကော်လာအထောင်နှင့် ကိုမြင့်မောင်မောင် ဆိုသူဟာ မှတ်ပုံတင်ထဲကနေ ကျွန်တော့်ကို ပြုံးပြနေတယ်။

အမယ်လေး. . ကြောက်စရာကြီးပါလား။ ဖွေးကြည့်လိုက်ရင် ကြက်သီးတဖြန်းဖြန်းထတယ်။

'ဝေဖြိုး. . ငါတော့ ရေတိမ်မှာ နစ်တော့မလို့ သိသိကလေးပဲ လိုတော့တယ်'

'ဟုတ်တယ်နော်. . ငါတို့ သူ ပြန်မရောက်ခင် လစ်ကြရင် ကောင်းမယ်ထင်တယ် ရိုးဂုဏ်'

မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားရင် လူက သာခွေယိုင်





လိုပဲ ယိုင်နဲ့ချင်လာရော။ အစ်မလေးယောက်လည်း ရောက်လာပြီး ဝိုင်းယူကြည့်ကြသည်။ သူတို့တွေ လုံးဝမထင်ထားတဲ့ကိစ္စကြီးကို မျက်မြင်ကိုယ်တွေ့ကြုံလိုက်ရမှ

'ဘုရား. . ဘုရား. . ကျားရှေ့မှောက်ရက်လဲဆိုတာ ဒါမျိုးပဲဖြစ်မယ်၊ ဒီည သူ့အခန်းမှာ သွားအိပ်ကြမလို့လုပ်ထားတာ. . ကံကြီးလို့သာပေါ့'

'အေးဟယ်. . ငါတို့မှာ သူ့ကို မိန်းမအောက်မေ့ပြီး သူ့ရှေ့မှာ နေချင်သလိုနေခဲ့ကြတာ'

'အမယ်. . သူက ယောကျ်ားဖြစ်ပြီး ငါတို့ထက်တောင် လှနေတာကိုးဟဲ့'

ဝေဖြိုးရယ်၊ ကျွန်တော်ရယ်၊ အစ်မ လေးယောက်ရယ် ကမ်းစပ်မှာ လဒမှိုင် မှိုင်နေကြတုန်း အဖေနှင့်အမေ လမ်းလျှောက်ရာက ပြန်ရောက်လာပြီး အမေက

'ဟဲ့. . ဒီအုပ်စုတွေ ငြိမ်ချက်သားကောင်းလှချည်လား'

'သဲဖြူကျွန်း သွားကြမလား'

အဖေမေးသောအခါ ကျွန်တော်က ချက်ချင်းပဲ

'အိမ်ပဲ ပြန်ချင်ပြီ အဖေ၊ ကျွန်တော်တို့ ပျင်းနေကြပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ပဲ အမျိုးမျိုး . . တစ်ပတ်ပြည့်အောင် နေကြမှာဆို'

အစ်မတွေကပါ အဖေ့ကိုဝိုင်းပြီး တောင်းဆိုကြသည်။

'ပြန်တော့မယ် အဖေ၊ သမီးတို့လည်း ပျင်းနေပြီ'

'ပြီးရော . . ပြီးရော'

ဒီတစ်ခါ ဖူးစာက အင်ဖူးစာကြီးပါဗျာ။ ဘယ့်နှယ် မိန်းက လေးထက်ချောတဲ့ အခြောက်နဲ့ သွားတိုးရတယ်လို့။

ကိုယ့်ဟာကိုယ် ရှက်လည်းရှက်တယ်၊ ခံလည်း ပြင်းတယ်။ အဲဒီပွဲမှာ ရိုးဂုဏ်ဆိုတဲ့ ကျွန်တော်က ဆန်ပြုတ်မသောက်ဘဲ ဆုတ်ပြီး ပြန်ခဲ့ရတာ သေချာသည်။

ချိန်တိုင်း လွဲနေသေးသည့် ကျွန်တော့်အဖြစ်ကို ဘယ်လို ယတြာချေရမှာလဲ။ အိမ်အပြန်လမ်းမှာတော့ ကျွန်တော်ဟာ သူများ တွေ ဝိုင်းဟားစရာသတ္တဝါတစ်ကောင်ဖြစ်မှန်းမသိ ဖြစ်ခဲ့ပါပြီ။

'ဂရေ့စ်ရေ . . ကိုမြင့်မောင်မောင်ရေ . . ဟား . . ဟား'

ဝေဖြိုးရဲ့အဲဒီမျက်ခွက်ကြီးကို ဘယ်လိုဆွဲထိုးချင်မှန်းကိုမသိ ဘူး။

'ဟော့ကောင်၊ မင်းအပေါက်ကို ဘာနဲ့ပိတ်ပေးရမလဲ'

'ချစ်လို့ စတာ စိတ်ဆိုးစရာလားကွ၊ နေဦး နင့်အစ်မတွေ





ဂရေ့စ်ကို တွေ့တွေ့ချင်း ဝိုင်းပြီး ချစ်ကြတာ ငါ တွေးလို့ ရသွားပြီ၊ လက်စသတ်တော့ သူက ယောက်ျားဖြစ်နေလို့ကိုး . . ဟား . . ဟား'

အတင်းပြောတာဆို အစ်မတွေနားက ကြားမှကြားပဲ။

'ဟဲ့အကောင် . . နင်က ငါတို့ပဲပြောနေ၊ နင်လည်း ပါတယ် လေ . . ဂရေ့စ်က အရမ်း sexy ဖြစ်တယ်ဆို၊ ချစ်စရာလေးဆို'

ဝေဖြိုးပါးစပ်ပေါက် တစ်ခါတည်းပိတ်သွားသည်။ ဂန္ဓမာက

'စိတ်ကိုလျှော့လိုက် မောင်လေး၊ ဒါဆို သိပ်ကိုပေါ့သွားလိမ့် မယ်'

သူပြောမှလား။ သူတို့တွေပဲ ဂရေ့စ်ကို ယောက်မတော်ချင် လွန်းလို့ 'ကြိုဆိုပါတယ် come on' လုပ်ခဲ့ကြတာလေ။ တော်သေး တာပေါ့။ ဂရေ့စ်က သူတို့ရဲ့ယောက်မ မဖြစ်ဘဲ မြင့်မောင်မောင်က ကျွန်တော့်ယောက်ဖ ဖြစ်သွားတော့မလို့။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က သွက်လက်တက်ကြွခဲ့တဲ့ ရိုးဂုဏ်ဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ ခုချိန်မှာတော့ ဆတ်ဆတ်ထိမခံ၊ မြင်မြင်သမျှကို အပြစ်မြင်တတ်တဲ့ ခွကျကျဘုဂလန့်သမားတစ်ယောက်ဖြစ်နေခဲ့ပါပြီ။

မွန်းကျပ်တဲ့ အမှောင်ကမ္ဘာထဲကို ကြွင်နာသူရဲ့အားနဲ့တွန်းဖြတ်ချင်ပေမယ့် သူက ဘယ်မှာလဲ။

ဝါလည်း ကျွတ်ပြီ။ သီတင်းလည်း ကျွတ်တော့မယ်။ ဘာတစ်ခုမှ စိတ်တိုင်းတကျ မဖြစ်ရပါလား။

စဉ်းစားရင်းနဲ့ မနက်မိုးလင်းခဲ့ပြန်ပြီ။

စောစောစီးစီး ဗီရိယပိုစွာ ရောက်လာသော ဝေဖြိုးကို ခေါ်ပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့ကြပါတယ်။

'မင်းက ဒီနေ့ ဘာစိတ်ကူးပေါက်လို့ အစောကြီးလာတာလဲ'

'ဒီနေ့က ငါ့ဘဝအတွက် အရေးအပါဆုံးနေ့ဖြစ်သွားပြီကွ၊ ငါ့ကောင်မလေးဆီက အဖြေရသွားပြီ ရိုးဂုဏ်ရ. . လာမဲ့ Valentine Day ကျရင် ငါဝင်နွှဲလို့ရပြီ ဟား. . ဟား'

ကြည့်စမ်း။

ဒီကောင် ဘလိုင်းကြီး လာကြွားနေတာကိုး။





'နေစမ်းပါဦး. . ခုမှ အစောကြီးရှိသေးတာ၊ မင်းကောင်မလေးက ဘယ်အချိန်ထပြီး အဖြေပေးလိုက်တာလဲ'

စိတ်ထဲ ခပ်ချဉ်ချဉ်ဖြစ်လာတာနဲ့ အငေါ်တူးလိုက်တော့

'သူက အစောကြီး ဆိုင်ထဖွင့်တာလေ၊ အဲဒါ. . ငါ သွားစောင့်ပြီး. .'

'ခါးပြတိုက်လာတယ် ဆိုပါတော့'

'ပြောချင်ရာပြောကွာ. . မင်း ငါ့ကို မနာလိုဖြစ်လည်း ငါစိတ်မဆိုးပါဘူး. . ဒီနေ့ ငါကျွေးမှာပါကွ'

စားပွဲထိုးကောင်လေးရောက်လာပြီး

'အစ်ကိုတို့ ဘာမှာမလဲ'

'ကျဆိမ့် တစ်ခွက်၊ ဂိတ်ဆုံး တစ်ခွက်၊ ထမင်းကြော် နှစ်ပွဲ၊ ကြက်သားကြော်နဲ့နော်၊ ရှိတဲ့မုန့်တွေ အကုန်ချပေး'

'ဒါပဲလား အစ်ကို'

'နေဦး. . . သီချင်းလေးဘာလေး ဖွင့်ကွာ'

ဝေဖြိုး အူမြူးပြီး ရူးသွားပြီထင်တယ်။

သူ့စိတ်ထဲမှာ အချစ်စိတ်ကြောင့် မဖြစ်ဖူးတာတွေ ဖြစ်နေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အတွဲမရှိလို့ စိတ်ပိန်နေတဲ့သူကို ကျေးဇူးပြုပြီး မနှိမ်ချင်ကြပါနဲ့။ လူကို စော်ကားချင် စော်ကားပါစေ. . အသစ်စက်စက် ရင်ဘတ်ထဲက အချစ်ကိုတော့ မစော်ကားပါနဲ့ဗျာ၊

အချစ် မရှိတဲ့ ယောင်ခြောက်ဆယ်ဘဝကို မခုံမင်ပါဘူး၊ မတွယ်တာပါဘူးဆိုမှ ဝေဖြိုးကို ကြည့်ပြီး ကိုယ့်ဘဝကိုယ် သိမ်ငယ်ရပြန်ရော။

အချစ်အတွက် ကံမကောင်းခဲ့သူက ကျွန်တော်ပါ။

ဆိုင်ရှင်ကိုမျိုးကျော်က ကျွန်တော်တို့ကြားနေကျမဟုတ်တဲ့ သီချင်းလေးတစ်ပုဒ်ကို စဖွင့်လိုက်ပါတယ်။ ကျွန်တော့်အာရုံတွေ သီချင်းထဲကို မျောပါသွားရော။

♫ (လူရိုးကြီး၊ လူရိုးကြီး. . အချစ်မရှိနေ့ရက်များ)၂
ဝါလည်း ကျွတ်ပြီ၊ အသက်ကလည်း ကြီးပြီ
ခုချိန်ထိကို ရည်းစားက မရှိ
အသစ်စက်စက်ရင်ဘတ်ကြီးကို မသုံးရသေးပါ
ရည်းစားထားဖို့လည်း မကြံရွယ်ရဲ
နှစ်တွေပြောင်းရင် ပတ်ဝန်းကျင်က ပြောချင်





ဝေါ်မစွံတဲ့ ငါ့အဖြစ်ကို အပြစ်တစ်ခုလိုမြင်
စန်းမပွင့်တဲ့ ငါ့ဘဝ ဗေဒင်လည်း မကယ်နိုင်
ယတြာလည်း မချေချင် ငါ့ကိုယ်ငါ အပြစ်တင်
ရှက်လိုက်တာနော် ဘာလုပ်ရမလဲဟေ
အတွဲလေးတွေမြင်ရင် ရင်နာလို့ပါဟေ
ပိတ်ရက်တွေရောက်ရင် အတွဲတွေက များနေ
ဘုရားပေါ်မှာ ခဏနေပြီး ပန်းခြံထဲ ပြေးဝင်
ကုသိုလ်က နည်းနည်း ငရဲက တစ်ပိဿာ
လူလစ်ရာတွဲ အတွဲချောင်းသူများနေ
ကျွန်တော့်လိုလူက ရည်းစားမရှိတာ
ကြိုက်ရင်ကြံတိုင်း ချိန်တိုင်းလွဲတာ
အများတွေကပြော ငရိုးငအကြီးပါ
ကျွန်တော့်လို style က တောကြိုက်လေးပါ ♫

'ရိုးဂုဏ် ဒီသီချင်းထဲက လူက မင်းနဲ့ တော်တော်တူတယ်နော်'

အောင့်သက်သက်နဲ့ ခံလိုက်ဦးပေါ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သီချင်းက ဒီတင်မပြီးသေးဘူး။
ဆက်ဆိုမှ အားလုံးရှုပ်ကုန်ရော။

♬ ဒီလိုနှင့်ရှူးခဲ့ ညများစွာ ကူးခဲ့၊
အချစ်မရှိလို့မဖြစ်ပါ
တစ်ယောက်တည်းဆို ပျင်းတယ်၊
နှစ်ယောက်ရှိတော့. . . ဟီ. . ဟီ၊
လူပျိုကြီး မလုပ်ချင်
စိတ်ကုန်တယ် ဒီဘဝ တစ်ခုခုတော့ လုပ်မှ
ရေထဲခုန်ချမလား နှာခေါင်းဖော်ပြီး နေမလား
ဖြစ်သေးပါဘူးဟေ. . ဒါမျိုးတော့ ကြောက်တယ်
မိန်းမ မရသေးတော့ ကိုယ့်ကိုယ်ကို နှမြောတယ်
ပုံစံက တောင်ကိုက်၊ အများမကြိုက်တဲ့ တောကိုက်
ပြင်မရတဲ့ ငှဲ့စရိုက်ကို ခေတ်ကြီးက ဟားတိုက်
ရည်းစားကို လိုက်ဖို့ နည်းပညာမရှိပါ
လူများတွေလိုလည်း အပြောလည်း မကောင်းပါ
မိန်းမတစ်ယောက်လိုက်ဖို့ကို ကားကြီးလိုလား



BURMESE CLASSIC .com



မိန်းမတစ်ယောက်လိုက်ဖို့ကို ပိုက်ဆံလိုလား
မိန်းမတစ်ယောက်လိုက်ဖို့ကို ဟမ်းဖုန်းလိုလား
လိုရင်လည်း ပြောလိုက် ငါ့မှာတော့ မရှိဘူး. . ♬

'ဘယ်သူဆိုတာလဲကွ၊ ဘာဖြစ်လို့ ငါ့ကို စောင်းပြီး ဆိုရတာလဲ'

ရိုးဂုဏ်က အကျယ်ကြီးထ,အော်သောအခါ ဒိုင်ထဲက ရှိရှိသမျှ မျက်လုံးတွေက ရိုးဂုဏ်ဆီကိုရောက်လာကြသည်။ အဲဒီအချိန်မှာပဲ

♬ ရည်းစားလိုလို့ ပြောပေးပါ
ရည်းစားလိုလို့ ပြောပေးပါ ♬

'ငါ့ဟာငါ ရည်းစားလိုတာ သူတို့အပူလား၊ ဘယ်အကောင်တွေ ဆိုတာလဲကွ၊ ဒီသီချင်းကို ခုပိတ်ပေး. . ချက်ချင်းပိတ်လိုက်'

လူပျိုကြီးရဲ့ဒေါသက ဥတုသုံးပါး မရွေးဘူးနော်။ ပရိသတ်ကြီးရော ဒီသီချင်းကို ဘယ်သူဆိုတယ်လို့ ထင်ပါသလဲ။ 'လူရိုးကြီး' တဲ့။ သီချင်ရင် ရှာပြီးနားထောင်ကြည့်လိုက်နော်။



www.burmeseclassic.com

www.burmeseclassic.com



(သူတို့အဖွဲ့က Z နဲ့ စ,တယ်လေ။)

• ဒါပေမယ့် ရိုးဂုဏ်နဲ့ သူတို့က ကမ္ဘာ့ရန်တွေ ဖြစ်သွားပါပြီ။ ပရိသတ်ကြီးရေ. . မောင်ရိုးဂုဏ်လေးကို သနားရင် ရှာပေးကြပါဦးနော်. . ဒီတစ်ခါ အစစ်ဖြစ်ဖို့တော့ လိုတယ်နော်။

ကျွန်မရဲ့ပရိသတ်ကြီး ပျော်ကြရဲ့လား ဒီစာမျက်နှာရောက်တဲ့အထိ စိတ်ရှည်ရှည်ထားပြီး ဖတ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

မူပိုင်နှင်းဆီ
02:00 Am
3rd, May, 2009
Sunday

ဆောင်းညပြာသိုစာပေ

BURMESE CLASSIC .com

www.burmeseclassic.com